# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**မေတ္တာဖြင့် အောင်ရာ၏**

အမျက်ထွက်တတ်သောသူကို အမျက်မထွက်ခြင်းဖြင့် (မေတ္တာဖြင့်)အောင်ရာ၏၊ မကောင်းသောသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏၊ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏၊ မဟုတ်မမှန် ပြောဆိုတတ်သောသူကို မှန်ကန်သောစကားကို ပြောဆိုခြင်းဖြင့် အောင်ရာ၏။ ကောဓဝဂ်(ဓမ္မပဒ -၂၂၃)


၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 17 January 2024 ၁၁၃၄၃


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်


၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး အကြံပေးဘုတ်အဖွဲ့ဥက္ကဋ္ဌ General Kittisak Boonprathamchai ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး အကြံပေးဘုတ်အဖွဲ့ဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

### နှစ်နိုင်ငံနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ခိုင်မာစေရေး ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး အကြံပေးဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့် Army Operations Center၊ Neighboring Countries Coordination Center (NCCC)ဌာန၏ အကြီးအကဲဖြစ်သူ General Kittisak Boonprathamchai ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



ယနေ့ ဖတ်စရာ

ကနေဒါရောက်မြန်မာနိုင်ငံသားများ ဇန်နဝါရီ ၁၅ ရက်မှစ၍ ဝင်ငွေခွန်စတင်ထမ်းဆောင်နိုင် စာမျက်နှာ » ၃

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့၌ ၂၀၂၄ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်အခမ်းအနားကျင်းပ စာမျက်နှာ » ၄

ယခုလအတွက် ဈေးကွက်၌ ရောင်းချရန်သင့်တင့်မျှတသော ဆန်ဈေးနှုန်းများကို MRF ထုတ်ပြန် စာမျက်နှာ » ၁၂


**စာဖတ်ခြင်းမှ အကျိုးများ ပြည့်ပြည့်ဝဝရနိုင်ရန်မှာ စာဖတ်ရာတွင် နည်းစနစ်ကျရန်လိုအပ်သည်။ ဦးစွာ၌ စာအုပ်ကောင်းများကို မိတ်ဆွေကောင်းများအား ရွေးချယ်ရသကဲ့သို့ ရွေးချယ်ရပေလိမ့်မည်။ စာအုပ်များ၌ မိမိစိတ်ကို ဖြေဖျော်ပေးသည့် စာအုပ်ကတစ်မျိုး၊ မိမိအား ဉာဏ်ပညာ ဗဟုသုတ အတွေးအခေါ် ရင့်သန်အောင် သွန်သင်ပေးသည့် စာအုပ်က တစ်မျိုးဟူ၍ရှိလေသည်။ အခါကာလအားလျော်စွာ မိမိစိတ်ကြိုက်လည်းဖြစ်၍ မိမိအားလည်း အကျိုးတရားပွားများစေသောစာအုပ်ကို ရွေးချယ်တတ်ရမည်။**


ဆောင်းပါး စာမျက်နှာ » ၁၅

# ကြေးမုံ

## နိုင်ငံအနာဂတ်အတွက် မျိုးဆက်ပျိုးထောင်

၂၀၂၃-၂၀၂၄ ခုနှစ် ပညာရေးစုံညီပွဲတော်ကို နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများ၌ ကျင်းပနေကြပြီဖြစ်သည်။ ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များ အသိပညာဗဟုသုတနှင့် ဉာဏ်ရည်ဉာဏ်သွေး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြို့နယ်အလိုက် ကျောင်းအသီးသီးတွင် သိုက်သိုက်ဝန်းဝန်း စည်စည်ကားကား ကျင်းပနေကြသည်မှာ အားတက်စရာဖြစ်သည်။

ယနေ့ လူငယ်လူရွယ်များသည် အနာဂတ်တာဝန်များကို လက်ဆင့်ကမ်းပြောင်းလဲထမ်းဆောင်ကြရမည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်သည်။ လူငယ်လူရွယ်များသည် ကိုယ်စွမ်းကိုယ်စနှင့် ဉာဏ်ရည်ဉာဏ်သွေးမြင့်မားတိုးတက်သူများဖြစ်သည်။ တီထွင်ဆန်းသစ်နိုင်စွမ်းရှိသူများဖြစ်ပြီး နိုးကြားတက်ကြွ အားမာန်ပြည့်ဝသူများဖြစ်သည်။ အဆိုပါလူငယ်များအား နည်းမှန်လမ်းမှန် စနစ်ကျနစွာဖြင့် ပြုစုပျိုးထောင် မြေတောင်မြှောက်ပေးပြီး မြှင့်တင်ဆောင်ရွက်ပေးလျှင် အနာဂတ်နိုင်ငံတော်အတွက် အားထားရမည့်သူများ ဖြစ်လာပေမည်။

နိုင်ငံတော်၏ လူမှုရေးဦးတည်ချက်တွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်လာစေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေးကို ချမှတ်ထားရာ ဦးတည်ချက်နှင့်အညီ ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များ၏ အနာဂတ်ကို အားပေးဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ပေးရာတွင် ကျောင်းသားအားကစားပြိုင်ပွဲများ၊ ပညာရေးစုံညီပွဲတော်များသည် အထောက်အပံ့ကောင်းများဖြစ်စေသည်။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် လူငယ်များ၏ အခန်းကဏ္ဍသည် အဓိကကျသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအား အဓိကစွမ်းအားစုအဖြစ် ပါဝင်လာနိုင်ရေး မြှင့်တင်အားပေးဆောင်ရွက်ကြရမည်ဖြစ်သည်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် လူငယ်လူရွယ်များအပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် အသိပညာ၊ အတတ်ပညာများ၊ စဉ်းစားတွေးခေါ်နိုင်သည့်စွမ်းရည်များ ပြည့်စုံကြရန် လိုအပ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ရေး လူငယ်များကို မြှင့်တင်ပေးသည့် လူမှုရေးဦးတည်ချက်ကို ချမှတ်ခဲ့သည်။ ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိရေး၊ အနည်းဆုံး အလယ်တန်းအဆင့် (KG+9) ပြီးမြောက်သည်အထိ ပညာသင်ယူနိုင်ရေး၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အသက်မွေးဝမ်းကျောင်းပညာသင်ယူနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ပညာရေးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံကျသောအုတ်မြစ်ဖြစ်သည်။ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကကျသည့် စွမ်းအားစုအဖြစ် ပါဝင်လာနိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန်အတွက် ပညာရေးကဏ္ဍမှ လူငယ်လူရွယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရည်မြင့်မားရေး၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး စည်းလုံးညီညွတ်ရေးတို့သည် အမျိုးသားရေးကိစ္စ၊ အမျိုးသားရေးအကျိုးစီးပွားဖြစ်ရာ အခြေခံကျသည့် လူငယ်လူရွယ်များကို ဦးစားပေးဆောင်ရွက်ပေးလျက်ရှိသည်။

လူငယ်များသည် တက်ကြွလှုပ်ရှားသောအရွယ်၊ စူးစမ်းလေ့လာသောအရွယ်၊ ဖယောင်းကဲ့သို့ ပြောင်းလွယ်၊ ပြင်လွယ်သောအရွယ်ဖြစ်၍ လူငယ်များ လမ်းမှားပေါ်သို့ မရောက်စေရေး၊ လမ်းမှန်ပေါ်သို့ ရောက်ရှိစေရေး ဝိုင်းဝန်းကြိုးပမ်းတည့်မတ်ပေးရမည်ဖြစ်သည်။ လူငယ်လူရွယ်များ အသိပညာ၊ အတတ်ပညာများကို သင်ယူလေ့လာကြပြီး နိုင်ငံချစ်စိတ်နှင့် မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ကိန်းအောင်းလာအောင်၊ အမှန်နှင့်အမှား၊ အကောင်းနှင့်အဆိုးကို စဉ်းစားဝေဖန်ပိုင်းခြားနိုင်စွမ်းရှိအောင်၊ ဥပဒေနှင့်စည်းကမ်းများကို လေးစားလိုက်နာပြီး စွမ်းဆောင်ရည်မြင့်မားသည့် နိုင်ငံ့သားကောင်းများဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပညာသင်ကြားနေကြသည့် လူငယ်လူရွယ်များအား အသိပညာများ၊ အတတ်ပညာများ တတ်မြောက်အောင်မြင်ရေးသာမက အတွေးအခေါ်အယူအဆ၊ ဆင်ခြင်တုံတရားများပြည့်ဝပြီး ဘက်စုံထူးချွန်သော လူငယ်လူရွယ်များဖြစ်လာအောင် နည်းလမ်းအသွယ်သွယ်၊ ပွဲလမ်းအမျိုးမျိုးဖြင့်လည်း မြှင့်တင်ပေးကြရမည်ဖြစ်သည်။ သို့မှသာ ဗလငါးတန်နှင့်ပြည့်စုံပြီး စွမ်းဆောင်ရည်မြင့်မားသည့် မျိုးဆက်သစ်များအဖြစ် အနာဂတ်နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်မြှင့်တင်ပေးနိုင်မည်ဖြစ်ပါကြောင်း။ ။

## ကျိုက်မရောမြို့နယ်၌ မင်္ဂလဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်နှစ်ပါးအား ကြိုဆိုဂုဏ်ပြုပွဲကျင်းပ

ကျိုက်မရော ဇန်နဝါရီ ၁၆

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း(ဗဟို)မှ ဆက်ကပ်တော်မူသော ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးနှစ်ပါးအား ကြိုဆိုဂုဏ်ပြုပွဲကို ဇန်နဝါရီ ၁၄ ရက် ညနေ ၃ နာရီက မြို့အဝင်လမ်းဆုံရှိ ရသေ့ကျောင်းတိုက် မင်္ဂလာခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မင်္ဂလဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ကျိုက်မရောမြို့နယ် သီရိဇေယျုံကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တဉာဏိသရဆရာတော်က သီလတော်မြွက်နှင့် ဩဝါဒကထာချီးမြှင့်တော်မူပြီး ဘွဲ့တံဆိပ်တော်များကို မြို့နယ်သာသနာရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဘိုဘိုကျော်နှင့် မြို့နယ် YMBA အသင်းဥက္ကဋ္ဌဦးအေးအောင်တို့က ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (ဗဟို)မှ ချီးမြှင့်ဆက်ကပ်တော်မူသော မင်္ဂလဓမ္မ ဇောတိကဓဇဘွဲ့တော်များကို သီရိဇေယျုံဆရာတော် ဘဒ္ဒန္တဉာဏိသရနှင့် ရသေ့တိုက်ကျောင်း ဆရာတော် သီလာနန္ဒတို့ထံ ဆက်ကပ်ခဲ့ကြောင်း သိရသည်။

မိချို(ပြန်/ဆက်)

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၆

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် N.P.K Motors Co., Ltd. မှ တင်သွင်းသော တရုတ်နိုင်ငံထုတ် MG၊ MG4 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Grand Sirius Co., Ltd. မှ တင်သွင်းသော တရုတ်နိုင်ငံထုတ် Neta U နှင့် Neta V အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Amazing Auto Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Faw Toyota bZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## သမဝါယမအသင်းသားများ၏ မျိုးစေ့ထုတ် နေကြာစိုက်ခင်းသို့ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

ဝါးခယ်မ ဇန်နဝါရီ ၁၆

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ကြာဖြူကျေးရွာ ရွှေကြာဖြူ(၁)စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ အသင်းသား ဦးဝင်းဗိုလ်၏ မျိုးစေ့ထုတ်နေကြာစိုက်ခင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ကရက်ရင်းနီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှပေးပို့သည့် စိုက်ပျိုးရေးဆေးဝါးများအသုံးပြု၍ ဆင်းရွှေကြာ(၂)မျိုးများ အောင်မြင်စွာ စိုက်ပျိုးထားရှိမှုအခြေအနေအား တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ထောင်စုသားများ စည်းလုံးညီ ရှေ့သို့လှမ်းချီ ပန်းတိုင်ဆီ။

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၆ - ၁ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၈,၉၀၀ | ၂၀ | ၁၇၈,၀၀၀ |
| MTSH | ၂,၈၀၀ | ၂,၈၅၀ | ၂၀,၅၂၀ | ၅၉,၂၇၄,၀၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၉ | ၇၁,၁၀၀ |
| FPB | ၁,၅၅၀ | ၁,၅၅၀ | ၁,၅၄၃ | ၂,၃၉၁,၆၅၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၂ | ၅,၀၀၀ |
| EFR | ၁,၉၅၀ | ၂,၀၀၀ | ၁၆၈ | ၃၂၈,၁၀၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၂၃ | ၁၀၈,၁၀၀ |
| MAEX | ၁,၇၀၀ | ၁,၇၅၀ | ၃၈ | ၆၆,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး အကြံပေးဘုတ်အဖွဲ့ဥက္ကဋ္ဌ General Kittisak Boonprathamchai အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး အကြံပေးဘုတ်အဖွဲ့ဥက္ကဋ္ဌ General Kittisak Boonprathamchai တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

☆ ရှေ့ဖုံးမှ

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ခိုင်မာစေရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်ခြင်း၊ ယဉ်ကျေးမှုအဖွဲ့အချင်းချင်း ထိတွေ့ဆက်ဆံခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံ နယ်စပ်ဒေသများ၌ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ သတင်းအချက်အလက်များ ဖလှယ်ရေးတို့တွင် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး အကြံပေးဘုတ်အဖွဲ့ ဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး အကြံပေးဘုတ်အဖွဲ့ဥက္ကဋ္ဌ General Kittisak Boonprathamchai ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် တပ်မတော်အရာရှိကြီးများတက်ရောက်ကြပြီး ထိုင်းဘုရင့်ကြည်းတပ် ဦးစီးချုပ်ရုံး အကြံပေးဘုတ်အဖွဲ့ ဥက္ကဋ္ဌနှင့်အတူ ထိုင်းဘုရင့်တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်ကြည်းတပ်စစ်သံမှူး Senior Colonel Thanwit Yomchinda တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ကနေဒါရောက်မြန်မာနိုင်ငံသားများ ဇန်နဝါရီ ၁၅ ရက်မှစ၍ ဝင်ငွေခွန်စတင်ထမ်းဆောင်နိုင်

**ရန်ကုန် ဇန်နဝါရီ ၁၆**

ကနေဒါနိုင်ငံ၌ ရောက်ရှိနေထိုင်ကာ တရားဝင် အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားများသည် ဇန်နဝါရီ ၁၅ ရက်မှစ၍ လစာဝင်ငွေအပေါ် မိမိထမ်းဆောင်လိုသည့်ကာလများအတွက် ဝင်ငွေခွန် စတင်ထမ်းဆောင်နိုင်ပြီဖြစ်ကြောင်း ကနေဒါနိုင်ငံဆိုင်ရာ မြန်မာသံရုံးက အသိပေးထားသည်။

ကနေဒါနိုင်ငံတွင် အလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသားများအနက် မြန်မာနိုင်ငံကူးလက်မှတ် အမျိုးအစား PJ(Passport-Job) သို့မဟုတ် PB (Passport-Business) ကိုင်ဆောင်၍ တရားဝင် အလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသားများသည် ဇန်နဝါရီ ၁၅ ရက်မှစ၍ မြန်မာနိုင်ငံကူးလက်မှတ် သက်တမ်းတိုးရန် မြန်မာသံရုံးသို့ လျှောက်ထားရာတွင် မိမိထမ်းဆောင်လိုသည့် ကာလများအတွက် ဝင်ငွေခွန်များကို တစ်ပါတည်း ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း အသိပေးထားသည်။

**အသိပေးကြေညာထား**

ထို့အတူ နိုင်ငံကူးလက်မှတ် သက်တမ်းတိုးမြှင့်ပြီးသူများသည်လည်း မိမိထမ်းဆောင်လိုသည့် ကာလများအတွက် စတင်ထမ်းဆောင်နိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာထားသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ၂၀၂၃ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေအရ ပြည်ပနိုင်ငံများတွင် နေထိုင်အလုပ်လုပ်ကိုင်လျက်ရှိသော မြန်မာနိုင်ငံသားများသည် နိုင်ငံခြားငွေဖြင့် ရရှိသောလစာဝင်ငွေအပေါ် တွက်ချက်မှုနည်းလမ်းနှစ်မျိုးဖြင့် တွက်ချက်ပြီး ရရှိသည့် အခွန်ပမာဏနှစ်ရပ်အနက် နည်းရာအခွန်ပမာဏကို ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁ ရက်မှစတင်၍ ဝင်ငွေခွန်အပေါ် ပေးဆောင်ရမည်ဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။

ဝင်ငွေခွန်ထမ်းဆောင်မည့်သူများသည် အသေးစိတ်အချက်အလက်များ ထပ်မံသိရှိလိုပါက မြန်မာသံရုံး၊ အော်တာဝါမြို့၏ သံရုံး email meottawa@rogers.com၊ ရုံးတယ်လီဖုန်းအမှတ် ၆၁၃၂၃၂၈၉၉၀ နှင့် လက်ကိုင်ဖုန်းအမှတ် ၆၁၃၇၉၉၆၇၂၀ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**MT**

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့၌ ၂၀၂၄ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်အခမ်းအနား ကျင်းပ

**မုံရွာ ဇန်နဝါရီ ၁၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင်များ ဖြစ်ကြသည့် မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမင်းနောင်၊ ဦးမင်းသိန်းဇံ၊ Jeng Phang နော်တောင်၊ ဒေါက်တာ သက်သက်ခိုင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ဒုတိယဝန်ကြီး ဦးဝင်းဖေနှင့် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့၌ ကျင်းပပြုလုပ်သော ၂၀၂၄ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော် အခမ်းအနားသို့ တက်ရောက်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး နာဂရိုးရာနှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်စဉ်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကျော်၊ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှု (ဗဟို)နာယက ဦးလှထွန်းတို့က ၂၀၂၄ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးကွင်းဝင်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



၂၀၂၄ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော် မီးပုံပွဲတွင် နာဂရိုးရာမျိုးနွယ်စုများအလိုက် ရိုးရာအကများဖြင့် ကပြဖျော်ဖြေနေစဉ်။

ယင်းနောက် နာဂရိုးရာ တိုင်းရင်းသားများက ရိုးရာကွင်းအတွင်း ရိုးရာတံခွန်တိုင်အား စိုက်ထူကြပြီး ရိုးရာဆုတောင်းတိုင်အား နာဂရိုးရာပန်တုံး အဆောက်အအုံရှေ့တွင် စိုက်ထူကာ ဒေသခံ တိုင်းရင်းသားများနှင့်အတူ ရိုးရာပန်တုံးအား တီးခတ်ကြသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ တာဝန်ရှိသူများသည် ၂၀၂၄ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော် အခမ်းအနားသို့ တက်ရောက်ကြသည်။

**နှစ်သစ်နှုတ်ခွန်းဆက်စကား ပြောကြား**

ဦးစွာ နိုင်ငံတော်အလံအား အလေးပြုကြပြီး အခမ်းအနား သဘာပတိက နှစ်သစ်နှုတ်ခွန်း ဆက်စကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက နာဂဒေသသည် တည်ငြိမ်အေးချမ်းသည့် ဒေသဖြစ်သည့်အတွက် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို နာဂဒေသအတွင်းရှိ လဟယ်၊ လေရှီး၊ နန်းယွန်းမြို့နယ်တို့တွင် နှစ်စဉ်အလှည့်ကျ ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ယခုနှစ် လေရှီးမြို့တွင် အနယ်နယ်အရပ်ရပ်မှ နာဂတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ လာရောက်ဆုံစည်းကာ ပျော်ရွှင်စွာ ကျင်းပနိုင်သည်ကို တွေ့မြင်ရကြောင်း၊ နာဂတိုင်းရင်းသား မျိုးနွယ်စုများ၏ ရိုးရာဓလေ့ထုံးတမ်းများနှင့် ရိုးရာမြေဝိုင်းအကပဒေသာမျိုးစုံကို တွေ့မြင်ရပြီး ချစ်ကြည်ရင်းနှီးခွင့် ပိုမိုရရှိသည့်အတွက် ဝမ်းသာမဆုံး ဖြစ်ရပါကြောင်း၊ နာဂတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများကို ထိန်းသိမ်းစောင့်ရှောက်ပြီး တိုင်းရင်းသားအချင်းချင်း ရင်းနှီးချစ်ကြည်ခြင်း၊ စည်းလုံးညီညွတ်ခြင်းတို့အား အခြေခံသည့် ပြည်ထောင်စု စိတ်ဓာတ်အရင်းခံ၍ စုပေါင်းဆောင်ရွက်ခြင်းဖြင့် တွေ့ကြုံရမည့် အခက်အခဲဟူသမျှကို လက်တွဲညီညီကျော်လွှားသွားကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားဒေသများ အပါအဝင် တစ်နိုင်ငံလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိရာ နာဂတိုင်းရင်းသားညီအစ်ကိုမောင်နှမများအနေဖြင့် အခွင့်အရေးကို အမိအရရယူပြီး အပြည့်အဝ အသုံးချ၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

နာဂဒေသအတွင်း ကျန်းမာရေးနှင့်စပ်လျဉ်း၍ ဆေးကုသမှုအပြင် ကျန်းမာရေး အသိပညာပေးခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်း၊ တိုးချဲ့ကာကွယ်ဆေးထိုးခြင်း၊ ကလေးသူငယ်များအား ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ကျန်းမာရေးနှင့် လျော်ညီသည့် နေထိုင်သွားလာစားသောက်မှုပုံစံတို့ စနစ်တကျရှိစေရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ အုပ်ချုပ်ရေးစသည့် ကဏ္ဍများ၌ လာရောက်တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံ ဝန်ထမ်းများအနေဖြင့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ လူမှုစီးပွားဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ နာဂဒေသအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံအချက်များဖြစ်သည့် မျိုးကောင်းမျိုးသန့်များရရှိရေး၊ စိုက်ပျိုးမြေကောင်းမွန်ရေး၊ စိုက်ပျိုးရေလုံလောက်စွာရရှိရေးနှင့် စိုက်နည်းစနစ် မှန်ကန်မှုရှိစေရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိကာ မြေဆီလွှာဆုံးရှုံးမှုများပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုဖြစ်ပေါ်စေသည့် ရွှေ့ပြောင်းတောင်ယာစနစ်ကို လျှော့ချ၍ ရေရှည်တည်တံ့သည့် စိုက်ပျိုးရေးနည်းစနစ်ဖြစ်သည့် ခေတ်မီလှေကားထစ်လယ်ယာစနစ်ကို လုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နာဂဒေသအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများအပြင် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကုန်ကြမ်းသွင်းအားစု၊ အရင်းအနှီးနှင့် လူသားအရင်းအမြစ်များ ပြည့်စုံစေရေးဆောင်ရွက်၍ နိုင်ငံ့စီးပွားမြှင့်တင်ရေး မတည်ရန်ပုံငွေမှ ချေးငွေများရရှိရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသခံပြည်သူများအား အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသအတွင်း စီးပွားဖွံ့ဖြိုး တိုးတက်ရေးအတွက် ကုန်ထုတ်လုပ်ငန်းများကို ဒေသတစ်ခု ထုတ်ကုန်တစ်မျိုးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရန်နှင့် ရိုးရာချည်ထည်လုပ်ငန်းများ စနစ်တကျ တိုးမြှင့်ထုတ်လုပ်နိုင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နာဂရိုးရာနှစ်သစ်ကူးပွဲတော်မှသည် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေးကို ဆက်လက်ဆောင်ရွက်၍ နိုင်ငံတော်သစ်ကို ပြည်ထောင်စုတိုင်းရင်းသားအားလုံးနှင့်အတူ လက်တွဲညီညီ ချီတက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က နှစ်သစ်အမှာစကား ပြောကြားပြီး နာဂတိုင်းရင်းသူတစ်ဦးက နာဂရိုးရာနှစ်သစ်ကူးပွဲတော် ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်းကို ဖတ်ကြားရှင်းလင်းတင်ပြသည်။

**လက်ဆောင်ပေးအပ်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးထံ နာဂရိုးရာစာပေနှင့်ယဉ်ကျေးမှု (ဗဟို) ကော်မတီနာယက ဦးရှူစံကြူးက နှစ်သစ်ကူးအမှတ်တရလက်ဆောင်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဒေသဖွံ့ဖြိုးရေးပစ္စည်းများကို ထောက်ပံ့ပေးအပ်ပြီး သဘာပတိက နိဂုံးချုပ်စကားပြောကြားကာ နာဂနှစ်သစ်ကူးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ တာဝန်ရှိသူများက ရိုးရာပြခန်းများနှင့် ဌာနဆိုင်ရာပြခန်းများကို လိုက်လံကြည့်ရှုအားပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ တာဝန်ရှိသူများသည် လေရှီးမြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ **စာမျက်နှာ ၅ သို့** ✪

✪ စာမျက်နှာ ၄ မှ

နှင့် ထောက်ပံ့ငွေများ ပေးအပ်၍ ဆေးကုသမှု ခံယူနေကြသော ဒေသခံ တိုင်းရင်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးကာ တာဝန်ရှိသူများနှင့် အတူ အာဟာရဖြည့်စွက်စာများ ပေးအပ်သည်။

ထို့နောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ တာဝန်ရှိသူများသည် အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းနှင့် လေရှီးမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ အိပ်ဆောင်၊ စားဆောင်နှင့် စာကြည့်တိုက်တို့ကို လိုက်လံကြည့်ရှုစစ်ဆေး၍ အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်သော နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းတို့မှ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ သင်တန်းသူများနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ တာဝန်ရှိသူများက နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခန္တီးခရိုင်နှင့် ဟုမ္မလင်းမြို့နယ်တို့ရှိ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးကာ တက်ရောက် လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးသည်။

**မီးပုံပွဲအခမ်းအနား**

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ တာဝန်ရှိသူများသည် ၂၀၂၄ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော် မီးပုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စု ဝန်ကြီး၊ လေရှီးမြို့နယ် နာဂရိုးရာ စာပေနှင့် ယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌ ဦးစံမြတို့က မီးပုံပွဲအား မီးထွန်းညှိ ဖွင့်လှစ်ပေးကြပြီး နှစ်သစ်ကူးအထိမ်းအမှတ် မီးရှူး မီးပန်းများ ဂုဏ်ပြုပစ်ဖောက်ကြသည်။

ယင်းနောက် နာဂရိုးရာမျိုးနွယ်စုများအလိုက် ရိုးရာအကများဖြင့် ကပြဖျော်ဖြေနေမှုများကို ကြည့်ရှုအားပေးကြပြီး ကပြဖျော်ဖြေပေးခဲ့ကြသော ရိုးရာအကအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ မီးပုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဇန်နဝါရီ ၁၄ ရက် မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ တာဝန်ရှိသူများသည် ၂၀၂၄ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် အားကစားပြိုင်ပွဲများအဖြစ် ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်း ပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး လွန်ဆွဲပြိုင်ပွဲ၊ ရိုးရာ ထင်းခုတ်ပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲ၊ ရိုးရာနပန်း ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးပြီး တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## နာဂဒေသ ပန်ဆောင်မြို့၌ နာဂရိုးရာနှစ်သစ်ကူးပွဲတော် ကျင်းပ

**ပန်ဆောင် ဇန်နဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပန်ဆောင်မြို့တွင်နေထိုင်ကြသည့် နာဂတိုင်းရင်းသားများက နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကို ယမန်နေ့က ပန်ဆောင်မြို့ နာဂရိုးရာကွင်း၌ ကျင်းပခဲ့သည်။

**အမှာစကားပြောကြား**

အခမ်းအနားကို အဖွင့်ဆုတောင်းဆက်ကပ်ခြင်းနှင့် ရိုးရာသီချင်းဖြင့်ဖွင့်လှစ်ပြီး နာဂရိုးရာ စာပေနှင့် ယဉ်ကျေးမှု နာယက ဦးဇင်းဝမ်က နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကျင်းပရခြင်းနှင့်ပတ်သက်၍ အမှာစကား ပြောကြားသည်။

ဆက်လက်၍ နာဂရိုးရာ တိုင်းရင်းသားများက ရိုးရာသီချင်းများဖြင့် ဖျော်ဖြေသီဆိုကြပြီး နာဂရိုးရာ နှစ်သစ်ကူးပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ပွဲတော်ကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးခဲချိန်က ပြောသည်။

ထို့နောက် နာဂရိုးရာအကများ၊ သီချင်းများဖြင့် ကပြဖျော်ဖြေကြပြီး တက်ရောက်လာကြသည့် ဧည့်သည်တော်များကို ရိုးရာအစားအစာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

**ဂျာယော်(ပန်ဆောင်)**

## ပုသိမ်မြို့၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မြို့နယ်ပညာရေးစုံညီပွဲတော် ကျင်းပ

**ပုသိမ် ဇန်နဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ မြို့နယ်ပညာရေးစုံညီပွဲတော်ကို အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ရတနာတန်ဆောင်ခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

စုံညီပွဲတော်တွင် ပုသိမ်မြို့ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက စုံညီပွဲတော်တို့နွဲပျော် တေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ခဲ့ကြပြီး ပုသိမ်ခရိုင် လက်ထောက် ညွှန်ကြားရေးမှူး (စီမံ)ဆရာကြီး ဦးစိုးသန်းက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပုသိမ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂)



ဦးစိုးပိုင်က အမှာစကား ပြောကြားပြီး ပုသိမ်မြို့နယ် ပညာရေးမှူး ဆရာမကြီး ဒေါ်ခင်ခင်အေးက စုံညီပွဲတော် ကျင်းပခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်အဆင့် ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး အခြေခံပညာ ကျောင်းများမှ ကျောင်းသား ကျောင်းသူများက တေးသရုပ်ဖော် အကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

စုံညီပွဲတော်တွင် မြို့နယ်အဆင့် ပြိုင်ပွဲ ၅၄ မျိုးတွင် ထူးချွန်ဆုရရှိသူ ၁၄၈ ဦးကို ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## သထုံမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

**သထုံ ဇန်နဝါရီ ၁၆**

မွန်ပြည်နယ် သထုံမြို့နယ်၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယနေ့ နံနက်ပိုင်းက သိမ်ကုန်းရပ်ကွက်ရှိအမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း လှမဉ္ဇူခန်းမ၌ ကျင်းပသည်။

ဦးစွာ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာကြည်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက လူငယ်စကားဝိုင်း ပြုလုပ်ပေးရသည့် ရည်ရွယ်ချက်ကို ဆွေးနွေး ပြောကြားသည်။

ဆက်လက်၍ စကားဝိုင်းကို ကျင်းပရာ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ Grade-11 ကျောင်းသားတစ်ဦးက အစီအစဉ်တင်ဆက်သူ အဖြစ် ဆောင်ရွက်ပြီး Grade-10 နှင့် Grade-9 ကျောင်းသား ကျောင်းသူလေးဦးတို့က လူငယ်နှင့် အားကစား၊ လူငယ်နှင့် ပရဟိတ၊ လူငယ်နှင့် လူမှုဆက်ဆံရေး၊ လူငယ်နှင့် ကိုယ်ကျင့်တရား ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြရာ အစီအစဉ်တင်ဆက်သူက ပြန်လည်ဖြည့်စွက်ဆွေးနွေးပေးခဲ့သည်။



ယင်းနောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းကြရာ စကားဝိုင်းပါဝင်ဆွေးနွေးသူတို့က ဖြေကြားပေးခဲ့ကြပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက စကားဝိုင်းနှင့် ပတ်သက်၍ ပြန်လည်သုံးသပ်ဆွေးနွေးပေးခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သိမှတ်ဖွယ်ရာ နံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ လူငယ်စကားဝိုင်း ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူတို့က ကြည့်ရှုလေ့လာမှတ်သားခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## လှည်းကူးမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် သွင်းအားစုများ ဖြန့်ဝေပေးအပ်ခြင်းအခမ်းအနား ကျင်းပ



**လှည်းကူး ဇန်နဝါရီ ၁၆**

ရန်ကုန် တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ နိုင်ငံ့စီးပွား မြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သော ဆီထွက်သီးနှံ (မြေပဲ) စိုက်တောင်သူများအား သွင်းအားစု များ ဖြန့်ဝေပေးအပ်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ခေးပိန်မြောက် ကျေးရွာ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းနောင်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ပြီး နိုင်ငံ့စီးပွားတိုးမြင့်လာစေရန်အတွက် သွင်းအားစု များ ထောက်ပံ့ပေးအပ်ရခြင်းဖြစ်ကြောင်း၊ နိုင်ငံ့စီးပွား တိုးတက်လာရေးအတွက် ထုတ်ကုန်များ တိုးတက် ထုတ်လုပ်နိုင်ရေး တောင်သူများ ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**ဖြန့်ဝေပေးအပ်**

ဆက်လက်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းနောင်နှင့် နိုင်ငံ့စီးပွား မြှင့်တင်ရေး မြို့နယ်အဆင့် ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက ဆီထွက်သီးနှံ(မြေပဲ) စိုက်ပျိုးသည့် တောင်သူများအား တစ်ကေလျှင် ငွေကျပ် သုံးသိန်းနှင့် ညီမျှသော သွင်းအားစုများကို တောင်သူများ လက်ဝယ်အရောက် ဖြန့်ဝေပေးအပ်ပြီး လှည်းကူးမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် နွေစပါးကေ ၁၈၀၀ နှင့် ဆီထွက်သီးနှံ(မြေပဲ) စိုက်ကေ ၃၀၀ တို့ကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းနှင့် ဒေသန္တရစီမံကိန်းများ ရေးဆွဲရေးနှင့် ငါးနှစ် အမျိုးသားစီမံကိန်းမူဘောင် ပြန်လည်သုံးသပ်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် ဇန်နဝါရီ ၁၆

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းနှင့် ဒေသန္တရစီမံကိန်းများ ရေးဆွဲနိုင်ရေးနှင့် ငါးနှစ် အမျိုးသားစီမံကိန်းမူဘောင် ပြန်လည်သုံးသပ်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ အမျိုးသားစီမံကိန်းကော်မရှင် ဒုတိယဥက္ကဋ္ဌ (၂) ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ အမျိုးသားစီမံကိန်းကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ကြီးချုပ်များနှင့် စီးပွားရေးရာဝန်ကြီးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားစီမံကိန်းကော်မရှင် ဒုတိယဥက္ကဋ္ဌ (၂) ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရေးဆွဲရေးနှင့် ငါးနှစ် အမျိုးသားစီမံကိန်းမူဘောင် ပြန်လည်သုံးသပ်ရေး၊ နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များနှင့် ချိတ်ဆက်ရေးဆွဲရေး၊ ရလဒ်ဖော်ထုတ်၍ ဖွံ့ဖြိုးမှုရေရှည်တည်တံ့ရေးကို တွန်းအားပေးဆောင်ရွက်ရေး၊ ရည်မှန်းချက်များ စနစ်တကျ ချမှတ်ဆောင်ရွက်ရေး၊ ပို့ကုန်တိုးမြှင့်ရေးနှင့် အမျိုးသားပို့ကုန် မဟာဗျူဟာ ၂၀၁၀-၂၀၁၅ နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး၊ စီမံကိန်းများကို ပြန်လည်သုံးသပ်ရေးနှင့် စောင့်ကြည့်ကြီးကြပ်မှုအားကောင်းစေရေး၊ ကဏ္ဍအလိုက်နှင့် ဒေသအလိုက်ချိတ်ဆက်မှုများ ပိုမိုအားကောင်းစေရေးနှင့် လျာထားချက်များ ပြည့်စုံမှုရှိရေး ကိစ္စရပ်များကိုရှင်းလင်း ပြောကြားသည်။

ထို့နောက် အမျိုးသားစီမံကိန်းကော်မရှင် အတွင်းရေးမှူး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းနှင့် ဒေသန္တရစီမံကိန်းများ ရေးဆွဲနိုင်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းနှင့် ဒေသန္တရစီမံကိန်းများ ရေးဆွဲနိုင်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း သင်တန်းဆင်းပွဲနှင့် လုပ်ငန်းသုံးပစ္စည်းပေးအပ်ပွဲသို့ တက်ရောက်



နေပြည်တော် ဇန်နဝါရီ ၁၆

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှစတင်၍ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အဆိုပါ စီမံကိန်းဖြင့် ဖွင့်လှစ်ခဲ့သည့် ဝါးအခြေခံလက်မှုထည် ထုတ်လုပ်မှုနည်းပညာသင်တန်း၊ စားသောက်ကုန် ထုတ်လုပ်မှု နည်းပညာသင်တန်း၊ စက်ချုပ်နည်းပညာ သင်တန်းဆင်းပွဲနှင့် ထူးချွန်သူများအား လုပ်ငန်းသုံး စက်ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ နေပြည်တော်ကောင်စီဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သင်တန်းသား သင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကျေးလက်နေပြည်သူများ တစ်ပိုင်တစ်နိုင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ထူထောင်လာနိုင်ရန်နှင့် မိသားစုဝင်ငွေတိုးပွားလာပြီး လူမှုစီးပွားဘဝ မြင့်မားလာစေရန် ရည်ရွယ်လျက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ စတင်ကာ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းများကို ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် ၁၅ ခုမှ ကျေးရွာ ၁၅၂ ရွာ ရွေးချယ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၌လည်း နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ် ၁၅ ခုမှ ကျေးရွာ ၂၂၀ ရွာ ရွေးချယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျေးရွာဖွံ့ဖြိုးမှ တိုင်းပြည်ဖွံ့ဖြိုးမည်ဖြစ်၍ နိုင်ငံတော်က အားပေးကူညီဆောင်ရွက်ပေးနေသည့်အပေါ် ကျေးရွာသူကျေးရွာသားများကလည်း ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်ကြပါဟု တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လုပ်ငန်းသုံးစက်ပစ္စည်းများ ရရှိကြသည့် သင်တန်းသား သင်တန်းသူများအနေဖြင့် ရရှိသည့်အခွင့်အရေးကို အကျိုးရှိရှိအသုံးချရေး၊ ဒေသထွက်ကုန်ကြမ်းကို အခြေခံပြီး အရည်အသွေးပြည့် တန်ဖိုးမြှင့်ထုတ်ကုန်များကို အဆင့်မြှင့်ထုပ်ပိုးမှုပုံစံများဖြင့် ပြည်တွင်းသာမက ပြည်ပသို့တင်ပို့ရောင်းချနိုင်ရေး အားထည့်ကြိုးပမ်းဆောင်ရွက်ကြပါဟု တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တံတားဦးကျေးရွာမှ ထူးချွန်သင်တန်းသား ငါးဦးအတွက် အပ်ချုပ်စက်၊ ခေါက်ဆွဲစက်၊ ဘီတင်စက်များကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အောင်မြင်ကုန်းကျေးရွာမှ ထူးချွန်သင်တန်းသားငါးဦးအတွက် Oven၊ Mixer နှင့် Hand Mixer စက်များကို လည်းကောင်း၊ ဒုတိယဝန်ကြီးက လဲလူးအိုင်ကျေးရွာမှ ထူးချွန်သင်တန်းသား ငါးဦးအတွက် Miter Saw နှင့် Power Art Motor စက်များကို လည်းကောင်း၊ နေပြည်တော်ကောင်စီဝင်များက ထူးချွန်သင်တန်းသား သင်တန်းသူများအား Sander စက်များ၊ အပ်ချုပ်စက်များ၊ ခေါက်ဆွဲစက်များနှင့် ဘီတင်စက်များကိုလည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်နှင့် ညွှန်ကြားရေးမှူးချုပ်များက ထူးချွန်သင်တန်းသား သင်တန်းသူများအား ဒစ်ဂျစ်တယ် မီးဖိုများ၊ ပိသာချိန်စက်၊ Heat Gum စက်များ၊ မီးပူများနှင့် မီးပလပ်ခုံများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းတိုးက သင်တန်းသား သင်တန်းသူများထံ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီး သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်း ထုတ်ပေး




ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော Double Cow Milk Co.,Ltd. မှ လုပ်ငန်းခွင်ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် (ငွေလုံးငွေရင်း) ထုတ်ပေးခြင်းကို ယမန်နေ့ ညနေ ၄ နာရီက ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး ဒုတိယညွှန်ကြားရေးမှူးက ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော Double Cow Milk Co.,Ltd. မှ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအရ လူမှုဖူလုံရေးအဖွဲ့တွင် အကျုံးဝင်မှတ်ပုံတင်ထားခြင်းမရှိမီ သေဆုံးခဲ့သည့် ဦးဇော်မျိုးအောင် (ယာဉ်မောင်း)၏ နာရေးစရိတ် ငွေကျပ် ၁၆၀၀၀၀ နှင့် ကျန်ရစ်သူ အကျိုးခံစားခွင့်ငွေကျပ် ၄၈၀၀၀၀၀ စုစုပေါင်းငွေကျပ် ၄၉၆၀၀၀၀ နှင့် ဦးမြင့်သုခ (ယာဉ်မောင်း)၏ နာရေးစရိတ်ငွေကျပ် ၁၆၀၀၀၀ နှင့် ကျန်ရစ်သူအကျိုးခံစားခွင့်ငွေကျပ် ၄၈၀၀၀၀၀ စုစုပေါင်းငွေကျပ် ၄၉၆၀၀၀၀ တို့ကို သေဆုံးခဲ့သူများ၏ ဇနီးဖြစ်သူများထံသို့ အလုပ်ဌာနမှ တာဝန်ရှိသူများ၊ အလုပ်သမားရေးရာကော်မတီ (WCC) အဖွဲ့ဝင်များ၊ မိသားစုဝင်များ ရှေ့မှောက်တွင် ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သိရသည်။

JJJ

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၆**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးသည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov ဦးဆောင်သောအဖွဲ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ခဲ့သည်မှာ ၁၉၄၈ ခုနှစ်မှစ၍ နှစ်ပေါင်း ၇၆ နှစ်တိုင်ရှိပြီဖြစ်ပြီး ရေးယခင်ထက် စည်းလုံးညီညွတ်စွာဖြင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နေမှုများ၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲ ကော်မရှင်တို့အကြား ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပြီး နှစ်နိုင်ငံ ရွေးကောက်ပွဲကော်မရှင်တို့အနေဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်အခြေအနေများ၊ ၂၀၂၃ ခုနှစ် စက်တင်ဘာလက ရုရှားနိုင်ငံသို့ ဒေသန္တရ ရွေးကောက်ပွဲ သွားရောက် လေ့လာခဲ့မှုများနှင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ရှေ့လုပ်ငန်းစဉ်များနှင့် အညီ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးက လာမည့်မတ်လတွင်ကျင်းပမည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတရွေးကောက်ပွဲသို့ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်မှ အဆင့်မြင့် ကိုယ်စားလှယ်များ လာရောက် လေ့လာနိုင်ရေး ဖိတ်ကြားခဲ့ပြီး လေ့လာရေးခရီးစဉ်အတွက် ကူညီဆောင်ရွက်ပေးနိုင်မည့်အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံ နှစ်နိုင်ငံအကြား ရွေးကောက်ပွဲ ဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှေ့ဆက်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် သိရှိလိုသည်များကို အသေးစိတ်မေးမြန်းဆွေးနွေးပြီး ဆွေးနွေး မေးမြန်းမှုများနှင့် စပ်လျဉ်း၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြန်လည် ရှင်းလင်းပြောကြား၍ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာဖြင့် ဆက်လက် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# ဒုတိယဝန်ကြီး ဦးလွင်ဦး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး မစ္စတာ ဗီနေးကူးမားနှင့် တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၆**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး မစ္စတာ ဗီနေးကူးမားနှင့် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသောဆက်ဆံရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်အပါအဝင် နှစ်ဖက်အကျိုးရှိမည့်ကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံအကြားဆောင်ရွက်လျက်ရှိသည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းများ တိုးမြှင့်ဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းမှု ထိန်းသိမ်းရန်အတွက် နှစ်ဖက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးနှင့် ဘင်းမ်စတက်အဖွဲ့အပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

# စောပြာ-လျော်ကထားလမ်း ကတ္တရာခင်းနေမှု ကွင်းဆင်းကြည့်ရှု

**လေးမျက်နှာ ဇန်နဝါရီ ၁၆**

ဧရာဝတီ တိုင်းဒေသကြီး လေးမျက်နှာမြို့နယ် စောပြာ-လျော်ကထားလမ်း ကတ္တရာခင်းနေမှုလုပ်ငန်းကို ဇန်နဝါရီ ၁၄ ရက်တွင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကိုကိုသိန်းဇော်လင်းက ကွင်းဆင်းကြည့်ရှုခဲ့သည်။



အဆိုပါ လမ်းလုပ်ငန်းကို ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၁၀၀ ဒသမ ၈၃၂ သန်း အကုန်အကျခံ၍ အကောင်အထည်ဖော်ဆောင်ရွက်နေရာ ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း၊ ဖေဖော်ဝါရီလအတွင်း ရာနှုန်းပြည့် ပြီးစီးအောင် ဆောင်ရွက်နေကြောင်းနှင့် လမ်းလုပ်ငန်းပြီးစီးသွားပါက ကျေးရွာခြောက်ရွာ၊ အိမ်ခြေ ၇၇၂ အိမ်၊ လူဦးရေ ၃၁၁၆ ဦးအား အကျိုးပြုနိုင်မည် ဖြစ်ကြောင်း သိရသည်။ **တင်ရွှေ(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီးနယ်မြေ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်း ဆက်လက်ဆောင်ရွက်

**မန္တလေး ဇန်နဝါရီ ၁၆**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်း၊ အသိပညာပေးခြင်း လုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီး နယ်မြေအတွင်း ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အောင်မြေသာစံမြို့နယ် ရပ်ကွက် ၁၉ ရပ်ကွက်မှ မဲဆန္ဒရှင်ပြည်သူ ၆၅၀၊ ပုသိမ်ကြီးမြို့နယ် ရပ်/ကျေး ၂၉ ခုတို့မှ မဲဆန္ဒရှင်ပြည်သူ ၄၁၀ စုစုပေါင်း ၁၀၆၀ က လက်တွေ့စမ်းသပ်မဲပေးလေ့လာကြသည်။

အဆိုပါ အီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးနယ်မြေအတွင်းရှိ မြို့နယ်များ၌ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# အလုံမြို့နယ်၌ ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၆**

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း အမှတ်(၇)၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂)ဦးအောင်စိုးက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ အလုံမြို့နယ်ပညာရေးမှူး ဒေါ်ကြူကြူမာက ပညာရေးစုံညီပွဲတော် ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။



ထို့နောက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် သင်ကြားထူးချွန်ဆုရ ဆရာ ဆရာမများ၊ ပညာရည်ချွန်ဆုနှင့် ကာယဉာဏဆုရ ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်သည်။ အခမ်းအနားတွင် အတန်းလိုက် ကျောင်းသား ကျောင်းသူများက သီဆိုကပြခြင်းဖြင့် စုံညီပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

**တင်ဝင်းတင်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံးတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၁၆

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ၌ ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံးတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းရမည့်ကိစ္စများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြစေလိုကြောင်း၊ အခမ်းအနား ကျင်းပရေးအတွက် ဖိတ်ကြားရေး၊ တည်းခိုနေထိုင်ရေး၊ အခမ်းအနားကျင်းပရေး၊ ဆုချီးမြှင့်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ကျန်းမာရေးနှင့် လုံခြုံရေးကိစ္စများကို လစ်ဟာမှုမရှိအောင် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ အခမ်းအနားသို့ တက်ရောက်လာမည့် သက်ကြီးအနုပညာရှင်ကြီးများ၏ ကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းများကိုလည်း ညှိနှိုင်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဆပ်ကော်မတီအလိုက် ရေးဆွဲထားသည့် စီမံချက်ပါ အချိန်ဇယားအတိုင်း လုပ်ငန်းများပြီးမြောက်အောင် ကူညီဆောင်ရွက်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံဂီတ အစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် တက်ရောက်လာကြသူများက ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံးတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

# နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်ဦးဆောင်သည့် ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့ ဇေယျာသီရိမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆက်လက်ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၆

နေပြည်တော် ဇေယျာသီရိမြို့နယ်ကျောက်ဖျာကျေးရွာအုပ်စု ကျောက်ဖျာကျေးရွာ နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ရန်ရောက်ရှိနေကြသည့် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင် ဦးစီးသည့် ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းဆရာ ဆရာမများ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ယနေ့နံနက်ပိုင်းတွင် အောင်သပြေကျောင်းတိုက်၌ တွေ့ဆုံသည်။



တွေ့ဆုံစဉ် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်က နေပြည်တော်ကောင်စီအတွင်းရှိ တောင်ပေါ်ဒေသများသို့ ဌာနဆိုင်ရာတာဝန်ရှိသူများကိုယ်တိုင် လိုက်ပါ၍ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ မိမိတို့အဖွဲ့သည် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေ ရရှိရေးစသည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်ပေးရန် ရောက်ရှိလာခြင်း ဖြစ်ကြောင်း၊ နေပြည်တော် ရှစ်မြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာများအနက် ဇေယျာသီရိမြို့နယ် ကျောက်ဖျာကျေးရွာအုပ်စုကျောက်ဖျာကျေးရွာနှင့် ရွာသစ်ကုန်းကျေးရွာ နှစ်ရွာတို့သည် လျှပ်စစ်မီးကို ရာနှုန်းပြည့်ရရှိသည့် ကျေးရွာဖြစ်ပါကြောင်း၊ မိမိအနေဖြင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးအတွက် ရေတိုရေရှည်စီမံကိန်းများရေးဆွဲပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် ဥယျာဉ်ခြံလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာမှ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသနှင့်ကိုက်ညီသည့် နှစ်ရှည်သီးနှံပင်များကို စိုက်ပျိုးသင့်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ရွာသစ်ကုန်းကျေးရွာ အောင်ဇမ္ဗူကျောင်းတိုက်ဆရာတော်ထံ ဆန်၊ ဆီ၊ ဆေးဝါး၊ သင်္ကန်း၊ ခေါင်းအုံး၊ စောင်နှင့်ခြင်ထောင်၊ လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းခြင်း၊ ကျေးရွာနေ ပြည်သူလူထုများအတွက် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခြင်း၊ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများအတွက် စားသောက်ကုန်ပစ္စည်း၊ ဆေးဝါးများနှင့် စာရေးကိရိယာများ ပေးအပ်ခြင်း၊ ပြည်သူ့စစ်အဖွဲ့ဝင်များကို ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းများ ဆောင်ရွက်ကြသည်။

ဆက်လက်၍ ဇေယျာသီရိမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးက ပန်းခင်းစီမံချက်(၂)ဖြင့် ဆောင်ရွက်ပေးခဲ့သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို ပေးအပ်သည်။

ထို့နောက် ဒေသခံတိုင်းရင်းသားပြည်သူများက ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးစေလိုသည့် ရွာအဝင်အထွက်လမ်းကွန်ကရစ်လမ်းခင်းပေးနိုင်ရေးနှင့် ဆက်သွယ်ရေးကောင်းမွန်ရေး တာဝါတိုင်များ တည်ဆောက်ပေးနိုင်ရေးတို့ကို တင်ပြကြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအမံများနှင့် စပ်လျဉ်း၍ ပြန်လည် ဆွေးနွေးတင်ပြကြပြီး ကျောက်ဖျာကျေးရွာ ကျေးရွာအုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကား ပြောကြားကာ နေပြည်တော်ကောင်စီ အဖွဲ့ဝင်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေကြသည့် ကျောင်းသား ကျောင်းသူများကို စားသောက်ဖွယ်ရာများပေးဝေပြီး နယူးဇမ္ဗူမြင့်မိုရ်ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်နေသည့် ကျောင်းဆောင်သစ်ကို ကြည့်ရှုစစ်ဆေး၍ အရည်အသွေးပြည့်မီအောင် ဆောက်လုပ်ရေး၊ သတ်မှတ်ကာလအတွင်း ပြီးစီးရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရွှေပြည်သာမြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဟောပြောပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၆

မူးယစ်ဆေးဝါး အန္တရာယ် အသိပညာပေး ဟောပြောပွဲကို ယမန်နေ့မွန်းလွဲ ၁ နာရီက ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးမိုးက ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စာရေးဆရာ ကြင်ဦးလူက ကျောင်းသား ကျောင်းသူများအား မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောကာ အမှတ်(၁၅) အခြေခံပညာ မူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်စန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြသထားသော မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်သည့် အသိပညာပေး စာအုပ်/စာစောင်များ၊ နံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက စိတ်ဝင်တစား ကြည့်ရှုကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# အင်းစိန်မြို့နယ်၌ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် အဆောက်အအုံ မှတ်တမ်းတင်ခြင်းလုပ်ငန်း ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် အဆောက်အအုံမှတ်တမ်းတင်ခြင်း လုပ်ငန်းကို ယနေ့ နံနက် ၈ နာရီခွဲက ကွက်သစ်ရပ်ကွက်တွင် ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် အင်းစိန်မြို့နယ် ကွက်သစ်ရပ်ကွက် ကွက်သစ်(၁)လမ်း Censun Unit 002 တွင် သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းဖြစ်သည့် အဆောက်အအုံ စာရင်းတင်ခြင်း (ဆ-၀၂) ကောက်ယူခြင်း လုပ်ငန်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းထွဋ်၊ အဖွဲ့ဝင်(၁)ဗိုလ်မှူးသုခလှိုင်၊ အဖွဲ့ဝင် (၃) ဦးညီညီစိုး၊ အတွင်းရေးမှူး ရဲမှူး သန့်ဇင်၊ မြို့နယ်ထွေ/အုပ်နှင့် မြို့နယ်လဝကများမှ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ဆောင်ရွက်ရာ အင်းစိန်ခရိုင် လဝကဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမင်းဆွေက အနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြင့်ဦး

# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ လယ်ယာကဏ္ဍ တာဝန်ရှိသူများနှင့်တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယမန်နေ့ မွန်းလွဲပိုင်းက နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။




တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဝေးလံခက်ခဲသည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် တာဝန်ထမ်းဆောင်နေကြသော ဌာနများအလိုက် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်ချက်များ ပံ့ပိုးကူညီပေးနိုင်ရန် လာရောက်တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတာဝန်ကျရာဒေသရှိ ဒေသခံပြည်သူများ၊ တိုင်းရင်းသားများအပေါ် စေတနာထား၍ မိမိတတ်ကျွမ်းသည့် ပညာရပ်များဖြင့် ပံ့ပိုးကူညီကြရန်နှင့် ဒေသ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်စေလိုကြောင်း၊ ဝန်ထမ်းများအားလုံး တည်ဆဲဥပဒေများ၊ နိုင်ငံ့ဝန်ထမ်း စည်းမျဉ်း ဥပဒေများကို တိကျစွာလိုက်နာပြီး ဌာနအလိုက် ထုတ်ပြန်ထားသော အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားကြရန် အသေးစိတ်ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက သီးနှံများ အထွက်နှုန်းတိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ သီးထပ်စွမ်းအား တိုးမြှင့်ရေးနှင့် ဌာနများ အချင်းချင်းစည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို လည်းကောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းက နာဂဒေသအတွင်း မွေးမြူရေးကဏ္ဍ တိုးတက်အောင်မြင်ဖြစ်ထွန်းရန်အတွက် ဆောင်ရွက်ရန် လုပ်ငန်းရပ်များကိုလည်းကောင်း ဆွေးနွေးမှာကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော ဝန်ထမ်းများအား တစ်ဦးချင်း ရင်းရင်းနှီးနှီးနှုတ်ဆက်၍ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများကို ရင်းနှီးစွာမေးမြန်း၍ စားသောက်ဖွယ်ရာများ ပေးအပ်ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးများ၊ နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးမှူးများ၊ လယ်ယာကဏ္ဍဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မိုဝိုင်းလွတ်မြို့၌ နာဂရိုးရာ နှစ်သစ်ကူးပွဲတော် ကျင်းပ

**မိုဝိုင်းလွတ် ဇန်နဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မိုဝိုင်းလွတ်မြို့၌ ၂၀၂၄ခုနှစ် မြို့နယ်အဆင့် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို ယမန်နေ့နံနက် ၉ နာရီက နာဂရိုးရာ အားကစားကွင်း၌ ကျင်းပသည်။

**အဖွင့်အမှာစကားပြောကြား**

ဦးစွာ သဘာပတိ ဦးကျော်ပေါ့က အဖွင့်အမှာစကားပြောကြားပြီး နာဂတိုင်းရင်းသား ဦးဒေးဗစ်က နာဂရိုးရာနှစ်သစ်ကူးဖြစ်ပေါ်လာပုံသမိုင်းအကျဉ်းကို ဖတ်ကြားသည်။

ထို့နောက် နာဂရိုးရာအခမ်းအနားသို့ တက်ရောက်ကြသည့် ဌာနဆိုင်ရာများ၊ ပွဲတော်လာပရိသတ်များကို နာဂရိုးရာ အစားအစာများဖြင့် ဧည့်ခံကျွေးမွေးပြီး ညနေ ၆ နာရီတွင် နာဂတိုင်းရင်းသား မျိုးနွယ်စု လေးမျိုးက အကပဒေသာများနှင့် ခေတ်သစ်အကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် စိုက်ပျိုးရေ ဖူလုံပိုလျှံစွာ အသုံးပြုနိုင်ရန်နှင့် ရေချိုအရင်းအမြစ်များ အကျိုးရှိစွာ အသုံးချနိုင်ရန် ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၆**

သီးထပ်သီးနှံ စိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်ရေးအတွက် အဓိကသွင်းအားစုတစ်ခုဖြစ်သည့် စိုက်ပျိုးရေ ဖူလုံပိုလျှံစွာ အသုံးပြုနိုင်ရန်နှင့် ရေချိုအရင်းအမြစ်များ အကျိုးရှိစွာ အသုံးချနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၅ ရက် မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ကြံဖိုစုကျေးရွာအနီး ဆင်သေချောင်းလျှပ်စစ်ရေတင်တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ဒုတိယဝန်ကြီးသည် ရေတင်စက်ရုံတည်ဆောက်မည့်နေရာနှင့် စက်မှုပိုင်းဆိုင်ရာလုပ်ငန်းများ၊ လျှပ်စစ်ပိုင်းဆိုင်ရာ လုပ်ငန်းများ၊ ရေငြိမ်ကန်နှင့် တူးမြောင်းတူးဖော်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ရေသောက်စနစ်အတွင်းရှိ စိုက်ပျိုးမြေများကို စိစစ်ပြီး ဌာနဆိုင်ရာများ၊ တောင်သူများနှင့်ညှိနှိုင်းရန်၊ သီးနှံပုံစံအလိုက်ရေပေးဝေနိုင်ရေး စီမံဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဆင်သေလက်ယာမြောင်းမကြီး ဆည်ရေသောက်စနစ် D.O–11 မှ D.O–15 လုပ်ငန်းများအကြား ပြုပြင်မွမ်းမံမှုလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး ရေလိုအပ်ချက်ကို အချိတ်အဆက်မိမိ ဖြည့်ဆည်းပေးနိုင်ရန်နှင့် သီးနှံပုံစံတူညီစွာ စိုက်ပျိုးခြင်းအတွက် တောင်သူအချင်းချင်း ညှိနှိုင်းပေါင်းစပ်မှု ပိုမိုအားကောင်းလာစေရန် ရေအသုံးချသူများအဖွဲ့(WUG)များ တိုးချဲ့ဖွဲ့စည်းနိုင်ရေး ကြိုးပမ်းပေးကြရန် တိုက်တွန်းမှာကြားသည်။

ပုဗ္ဗသီရိ မြို့နယ်အတွင်း ဆင်သေရေလွှဲဆည်မှ နှစ်စဉ်ရေပေးဝေနိုင်ခဲ့သော်လည်း ယခုအခါ ဆင်သေရေလှောင်တမံအတွင်း ရေဝင်ရောက်မှုကောင်းမွန်လာသဖြင့် စိုက်ပျိုးမြေဧရိယာများ တိုးတက်စိုက်ပျိုးနိုင်ရန် ပြုပြင်ဆောင်ရွက်လျက်ရှိပြီး ယခုဆောင်ရွက်နေသည့် ရေသောက်စနစ် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို နွေသီးနှံ စိုက်ပျိုးရာသီအမီပြီးစီးရေးနှင့် နွေသီးနှံဧက တိုးတက်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ချောင်းဆုံမြို့နယ်၌ ကိုဗစ်–၁၉ရောဂါ ကာကွယ်ဆေး(Pfizer) ထပ်ဆောင်းထိုးနှံပေး

**ချောင်းဆုံ ဇန်နဝါရီ ၁၆**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး(Pfizer)ထပ်ဆောင်းထိုးနှံခြင်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသူဇာဝင်း ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက သတ်မှတ်ထားသည့် ဦးတည်အုပ်စုအလိုက် ဆေးထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်းကို ဦးတည်အုပ်စုဖြစ်သည့် ကျန်းမာရေးဝန်ထမ်းများနှင့် အသက် ၅၀ နှင့်အထက် နာတာရှည်ရောဂါခံစားနေရသော ပြည်သူများအား Pfizer (Bi) (Original/ Omicron VCV) (15/15 micrograms/ dose) ကိုလည်းကောင်း၊ အသက် ၅၀ နှင့်အထက် နိုင်ငံ့ဝန်ထမ်းများ၊ အသက် ၆၅ နှစ်နှင့်အထက် ပြည်သူလူထုများ၊အသက်၁၈နှစ်နှင့်အထက် နာတာရှည်ရောဂါရှိသူများနှင့် ကိုယ်ခံအားကျဆင်းသည့်ရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များအား Pfizer (Mono) (Original Strain) (30 micrograms/ dose) ကိုလည်းကောင်း ထိုးနှံပေးသည်။

အဆိုပါ ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံပေးခြင်း ဆောင်ရွက်နေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းနှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**တစ်လှေတည်းစီး**
**တစ်ခရီးတည်းသွား**
**ပြည်ထောင်စုသား**
**သွေးချင်းများ**
**တွဲထားလက်များ**
**ခိုင်စေသား**

# အကြမ်းဖက်သောင်းကျန်းသူများက ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီ၊ ပုထိုးများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများအား ဖျက်ဆီးမှုများနှင့်ပတ်သက်၍ အဖွဲ့အစည်းအသီးသီးမှ သဘောထားထုတ်ပြန်ချက်များထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၁၆**

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘာသာရေးဆိုင်ရာအဆောက်အဦများ၊ ဘုရားရှိခိုးကျောင်းများကို ဗုံးများ ပစ်ချတိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဘုရားစေတီများကို အကာအကွယ်ယူပြီး ခံစစ်စခန်းများပြုလုပ်ကာ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခြင်းစသည်တို့ကို ကျူးလွန်လျက်ရှိသည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူများ၏ ဗုဒ္ဓဘာသာဝင်များ ယုံကြည်ကိုးကွယ်ရာ ဘာသာ၊ သာသနာကို ယုတ်မာရိုင်းစိုင်းစွာ စော်ကားဖျက်ဆီးနေသည့် လုပ်ရပ်များသည် မည်သို့မျှလက်ခံနိုင်ဖွယ်ရာမရှိသည့်အတွက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)၊ ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော် (ပဲခူး)၊ လွတ်မြောက်ခြင်းအသင်းတော် (ရန်ကုန်)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟို အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူ ဖောင်ဒေးရှင်း(ဗဟို)၊ သနန္တဓမ္မပါလက(ဟိန္ဒူ) အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၊ ပိန္နဲကုန်းရခိုင်ဂျာမေဗလီ၊ ဘူးသီးတောင် မောင်တော ဒေသဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး (ဗဟို)၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံးနှင့် မြန်မာနိုင်ငံ စာရေးဆရာအသင်းတို့မှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်းသဘောထားထုတ်ပြန်ချက်များ အသီးသီး ထုတ်ပြန်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

**၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၆ ရက်**

မြန်မာနိုင်ငံအတွင်းရှိဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ ဘုရား၊စေတီ၊ပုထိုးများနှင့်ဘာသာရေးဆိုင်ရာ အဆောက်အအုံများကို အကြမ်းဖက်သောင်းကျန်းသူများက ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးမှုများ လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိပါသည်။ ထို့ပြင် ဇန်နဝါရီလ ပထမပတ်တွင် ဘုရားဆင်းတုတော်ကို ဖျက်ဆီးနေသည့် ဗီဒီယိုဖိုင်များကိုလည်း လူမှုကွန်ရက်တွင် တွေ့မြင်နေရပါသည်။

ယခုကဲ့သို့ အကြမ်းဖက်သမားများက ဗုဒ္ဓဘာသာသာသနာကို စော်ကားနေသည့် လုပ်ရပ်များအတွက် များစွာ စိတ်မကောင်းဖြစ်ရပါကြောင်း၊ ဗုဒ္ဓသာသနာကို ညှိုးနွမ်းအောင် လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်အဖွဲ့အစည်းများကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)က လုံးဝ လက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၆ ရက်**

အကြမ်းဖက်သမားများအနေဖြင့် ဗုဒ္ဓဘာသာဝင်များ ကိုးကွယ်နေသည့် ဘုရား၊ စေတီ၊ ပုထိုးများအပါအဝင် ဘာသာအသီးသီးနှင့်သက်ဆိုင်သော ဘာသာရေးအဆောက်အအုံများကို ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးသည့်လုပ်ရပ်များအား ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)မှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)**
**အလုပ်အမှုဆောင်အဖွဲ့**

## မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၆ ရက်**

အကြမ်းဖက်သောင်းကျန်းသူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီ၊ ပုထိုးများအပါအဝင် အခြားဘာသာရေးဆိုင်ရာ အဆောက်အဦများ၊ ဘုရားရှိခိုးကျောင်းများကို အကြမ်းဖက်တိုက်ခိုက်မှုပေါင်းစုံကိုပြုလုပ်၍ တိုက်ခိုက်ဖျက်ဆီးလျက်ရှိသည်ကို တွေ့မြင်ကြားသိနေရပါသည်။

ယခုကဲ့သို့ အကြမ်းဖက်သမားများအနေဖြင့် ဘာသာရေးဆိုင်ရာ အဆောက်အဦများနှင့် ဘုရား၊ စေတီ၊ ပုထိုးများအား ဖျက်ဆီးမှုများကို မြန်မာနိုင်ငံ ဧဝံဂေလိ ခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်**

## ပြည်ထောင်စု မြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၆ ရက်**

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ ဘုရား၊ စေတီ၊ ပုထိုးအား ဖျက်ဆီးခြင်းကို ပြည်ထောင်စု မြန်မာနိုင်ငံ မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်) မှ လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ပြည်ထောင်စု မြန်မာနိုင်ငံ မက်သဒစ်အသင်းတော်**
**(အောက်မြန်မာပြည်)**

## ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး) သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၆ ရက်**

တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တို့တွင် အကြမ်းဖက်သမားများအနေဖြင့် ဗုဒ္ဓဘာသာဝင်များအထွတ်အမြတ်ထားရာ ဘုရား စေတီ ပုထိုးများ၊ ဘာသာရေးအဆောက်အအုံများအား ဖျက်ဆီးခဲ့သည့်လုပ်ရပ်အား ယုံကြည်ခြင်းဧဝံဂေလိအသင်းတော်(ပဲခူး)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး)**

## လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်) သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၆ ရက်**

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ဘုရား၊ စေတီ ပုထိုးနှင့် ဘာသာရေးအဆောက်အဦများအား ဖြိုချဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိခြင်းကို လွတ်မြောက်ခြင်းအသင်းတော် (ရန်ကုန်) က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)**

## သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၆ ရက်**

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီပုထိုးများ၊ သာသနိကအဆောက်အဦများကို ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရပြီး မိမိတို့ သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်အနေဖြင့် ထိုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များကို လုံးဝ လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်**

## မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၆ ရက်**

၁။ တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့ရှိ ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဆင်းတုတော်များ အပါအဝင် ဘာသာရေးဆိုင်ရာ အဆောက်အဦများကို အကြမ်းဖက်သောင်းကျန်းသူများက ဗုံးများ၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းနှင့် ဖြိုချဖျက်ဆီးခြင်းအပါအဝင် အကြမ်းဖက်လုပ်ရပ်ပေါင်းစုံကို ပြုလုပ်လျက်ရှိသည်။

၂။ ထိုသို့ ပြုလုပ်လျက်ရှိသည့် အကြမ်းဖက်သောင်းကျန်းသူများအား မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်**

## မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို) သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၆ ရက်**

၁။ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် ဗုဒ္ဓဘာသာဝင်များအထွတ်အမြတ်ထားရာ ဘုရားစေတီများအား ဖြိုချဖျက်ဆီးခြင်း၊ သာသနာရေးအဆောက်အအုံများအား ပစ်ခတ်ခြင်းတို့ကို လုပ်ဆောင်လျက်ရှိသည်ကို စိတ်မကောင်းဖွယ်ရာ မြင်တွေ့ကြားသိနေရပါသည်။

၂။ ယင်းအကြမ်းဖက်လုပ်ဆောင်မှုသည် ဗုဒ္ဓဘာသာဝင်များ၏ ယုံကြည်ကိုးကွယ်ရာ ဘာသာ၊ သာသနာကို လှောင်ပြောင်စော်ကားခြင်း၊ လူမျိုးရေးခွဲခြားခြင်းနှင့် သာသနာဖျက်ဆီးခြင်းများဖြစ်ပြီး ယခုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များအပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူ ဖောင်ဒေးရှင်း(ဗဟို)က အကြမ်းဖက်အဖွဲ့အစည်းများကို ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)**

## မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၆ ရက်**

၁။ မြို့နယ်အချို့ရှိ ဘုရားစေတီများ၊ ရုပ်တုတော်များနှင့် ဘာသာရေးဆိုင်ရာအဆောက်အဦများကို အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီး၊ လက်နက်ငယ်များ၊ ဗုံးများဖြင့် ပစ်ခတ်ဖောက်ခွဲပြီး ဖြိုချဖျက်ဆီးခဲ့ကြောင်း ကြားသိရပါသည်။

၂။ အဆိုပါလုပ်ရပ်များ လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သောင်းကျန်းသူများအား မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး**

**ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ တွဲထားလက်များ ခိုင်မြဲစို့။**

## ပိန္နဲကုန်းရခိုင်ဂျာမေဗလီ၏ သဘောထားထုတ်ပြန်ချက်

(၁၆-၁-၂၀၂၄)

၁။ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘာသာရေးဆိုင်ရာအဆောက်အဦများနှင့် ဘုရားရှိခိုးကျောင်းများကို အကြမ်းဖက်သောင်းကျန်းသူများက ဗုံးများ၊ လက်နက်ကြီးများဖြင့် ပစ်ခတ်၊ ဖြိုချဖျက်ဆီးခြင်းများ လုပ်ဆောင်နေကြောင်း သိရှိရပါသည်။

၂။ ယခုကဲ့သို့ အကြမ်းဖက်လုပ်ဆောင်မှုသည် ဗုဒ္ဓဘာသာဝင်များ၏ ကိုးကွယ်ယုံကြည်မှုကို စော်ကားသောလုပ်ရပ်ဖြစ်သောကြောင့် ပိန္နဲကုန်းရခိုင်ဂျာမေဗလီက အကြမ်းဖက်သောင်းကျန်းသူများကို ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ပိန္နဲကုန်းရခိုင်ဂျာမေဗလီ**

## မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ သဘောထားထုတ်ပြန်ချက်

**၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၁၆ရက်၊ အင်္ဂါနေ့**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နယ်နိမိတ်အတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် စစ်သွေးကြွလက်နက်ကိုင်သောင်းကျန်းသူများ၏ တိုက်ခိုက်မှုများကြောင့် စစ်မက်များဖြစ်ပွားလျက်ရှိပြီး ၎င်းစစ်မက်ဖြစ်ပွားရာဒေသများမှ စစ်သွေးကြွလက်နက်ကိုင်သောင်းကျန်းသူများသည် စစ်ရေးနှင့်မသက်ဆိုင်သော ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီ၊ ပုထိုးများအပါအဝင် ဘာသာရေးဆိုင်ရာအဆောက်အဦများ၊ ဘုရားရှိခိုးကျောင်းများကို Drone များအသုံးပြု၍ Drop bomb များ ပစ်ချတိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဖြိုချဖျက်ဆီးခြင်းများနှင့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ဖျက်ဆီးခြင်းစသည်တို့ကို လူမဆန်စွာ ပြုလုပ်လျက်ရှိကြောင်း တွေ့မြင်ကြားသိနေရပါသည်။

၂။ ထိုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သည့် ဘုရား၊ စေတီ၊ ပုထိုးများအပါအဝင် အခြားဘာသာရေးဆိုင်ရာအဆောက်အဦများနှင့် ဘုရားရှိခိုးကျောင်းများကို ဖျက်ဆီးခြင်းအားဖြင့် ဘာသာရေးအဓိကရုဏ်းများ၊ လူမျိုးရေးအဓိကရုဏ်းများ ဖြစ်ပေါ်စေရန်နှင့် ပြည်တွင်းရေးတည်ငြိမ်မှုပျက်ပြားစေရန် ရည်ရွယ်၍ အကြမ်းဖက်ဖျက်ဆီးမှုများ လုပ်ဆောင်နေသည့် စစ်သွေးကြွလက်နက်ကိုင် သောင်းကျန်းသူများအားလုံးကို မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့**

## မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ် သဘောထားထုတ်ပြန် ကြေညာချက်

**၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်**

ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီ၊ ပုထိုးများအပါအဝင် အခြားဘာသာရေးဆိုင်ရာအဆောက်အဦများ၊ ဘုရားရှိခိုးကျောင်းများကို အကြမ်းဖက်သောင်းကျန်းသူများက ဗုံးများပစ်ချခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ ဖြိုချဖျက်ဆီးခြင်းများအပါအဝင် အခြားအကြမ်းဖက်တိုက်ခိုက်မှုပေါင်းစုံကို ပြုလုပ်လျက်ရှိသဖြင့် မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံ အားကစားမီဒီယာများ အဖွဲ့ချုပ်**

## ဘူးသီးတောင် မောင်တောဒေသဖွံ့ဖြိုးရေးအသင်း၏ သဘောထားထုတ်ပြန်ချက်

(၁၆-၁-၂၀၂၄)

ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီ၊ ပုထိုးများ၊ ရုပ်ပွားတော်များနှင့် ဘာသာရေးဆိုင်ရာအဆောက်အဦများကို အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီးများ၊ ဗုံးများဖြင့် ပစ်ခတ်ဖြိုချဖျက်ဆီးမှုများ လုပ်ဆောင်နေသည်ကို တွေ့ရှိရသည်။

ယခုကဲ့သို့ ဖြိုချဖျက်ဆီးခဲ့သည့် အကြမ်းဖက်သောင်းကျန်းသူများအား ဘူးသီးတောင် မောင်တောဒေသဖွံ့ဖြိုးရေးအသင်းက လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း**

## မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ သဘောထားထုတ်ပြန် ကြေညာချက်

(၁/၂၀၂၄)

၁။ ယခုအခါ အကြမ်းဖက်သောင်းကျန်းသူများသည် ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဆင်းတုတော်များအပါအဝင် အခြားဘာသာရေးဆိုင်ရာအဆောက်အဦများ၊ ဘုရားရှိခိုးကျောင်းများကို ဗုံးခွဲတိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ဖြိုချဖျက်ဆီးခြင်းများအပါအဝင် အခြားအကြမ်းဖက်တိုက်ခိုက်မှုများကို ပြုလုပ်လျက်ရှိကြောင်း မြင်တွေ့ကြားသိနေရပါသည်။

၂။ ထိုကဲ့သို့ ဗုဒ္ဓရုပ်ပွားတော်များ၊ စေတီပုထိုးများ၊ ဆင်းတုတော်များအပါအဝင် ဘာသာရေးဆိုင်ရာအဆောက်အဦများကို ရိုင်းစိုင်းကြမ်းတမ်းစွာ ဖြိုချဖျက်ဆီးနေခြင်းသည် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားဗုဒ္ဓဘာသာဝင်များကိုသာမက ကမ္ဘာပေါ်ရှိ အခြားဗုဒ္ဓဘာသာဝင်များကိုပါ စိတ်နှလုံးမချမ်းမြေ့အောင် စော်ကားနေခြင်းဖြစ်သဖြင့် အဆိုပါလုပ်ရပ်များ လုပ်ဆောင်နေသော အကြမ်းဖက်သောင်းကျန်းသူများအား ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားကြေညာချက် ထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

## မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်**

၁။ အကြမ်းဖက်သောင်းကျန်းသူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီ၊ ပုထိုးများအပါအဝင် အခြားဘာသာရေးဆိုင်ရာ အဆောက်အဦများ၊ ဘုရားရှိခိုးကျောင်းများကို ဗုံးများပစ်ချခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ ဖြိုချဖျက်ဆီးခြင်းများအပါအဝင် အခြားအကြမ်းဖက်တိုက်ခိုက်မှုပေါင်းစုံကို ပြုလုပ်လျက်ရှိသည်ကို တွေ့မြင်ကြားသိနေရသည်။

၂။ ယခုကဲ့သို့ ဘုရားစေတီများ၊ ရုပ်ပွားတော်များနှင့် ဘာသာရေးဆိုင်ရာအဆောက်အဦများကို အကြမ်းဖက်ဖျက်ဆီးမှုများ ပြုလုပ်နေသည့် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများအား မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)က ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)**

## မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၏ သဘောထား ထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်**

၁။ ဗုဒ္ဓဘာသာတရား၏ အဆုံးအမများကြောင့် မြန်မာနိုင်ငံသည် သိမ်မွေ့သောယဉ်ကျေးမှု၊ တန်ဖိုးရှိသောရိုးရာဓလေ့ထုံးစံများဖြင့် ဘုရားတည် ကျောင်းဆောက်ကာ နှစ်ပေါင်းထောင်ချီ သာယာဖွံ့ဖြိုး ငြိမ်းချမ်းစည်ပင်ခဲ့ပါသည်။

၂။ ယခုအခါ အကြမ်းဖက်သောင်းကျန်းသူများ၏ တိုက်ခိုက်မှုများကြောင့် ဘုရားကျောင်းကန်စေတီပုထိုးအပါအဝင် ဘာသာရေးအဆောက်အဦများစွာ ပျက်စီးဆုံးရှုံးခဲ့ရပါသည်။

၃။ ယဉ်ကျေးမှုဓလေ့ထုံးစံများ ထွန်းကားရာ ဗုဒ္ဓဘာသာစေတီပုထိုးများကို ဗုံးခွဲထုနှက်ချေဖျက်ခုတ်ထစ်ခဲ့ကြသော အကြမ်းဖက်သောင်းကျန်းသူများ၏လုပ်ရပ်များကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအနေဖြင့် ပြတ်သားစွာ ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

## အကြမ်းဖက် သောင်းကျန်းသူများက ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီ၊ ပုထိုးများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အဦများအား ဖျက်ဆီးမှုများနှင့် ပတ်သက်၍ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန် ကြေညာချက်

**၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်**

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘာသာရေးဆိုင်ရာ အဆောက်အဦများ၊ ဘုရားရှိခိုးကျောင်းများကို ဗုံးများပစ်ချတိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဘုရားစေတီများကို အကာအကွယ်ယူပြီး ခံစစ်စခန်းများပြုလုပ်ကာ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခြင်း စသည့်တို့ကို ကျူးလွန်လျက်ရှိသည်။

ထိုသို့ ဗုဒ္ဓဘာသာဝင်များ ယုံကြည်ကိုးကွယ်ရာ ဘာသာ၊ သာသနာကို ယုတ်မာရိုင်းစိုင်းစွာ စော်ကားဖျက်ဆီးနေသည့် အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များသည် မည်သို့မျှ လက်ခံနိုင်ဖွယ်ရာမရှိသည့်အတွက် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)အနေဖြင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)**

## မြန်မာနိုင်ငံ စာရေးဆရာအသင်း၏ သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်**

၁။ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီ၊ပုထိုးများအပါအဝင် အခြား ဘာသာရေးဆိုင်ရာအဆောက်အဦများ၊ ဘုရားရှိခိုးကျောင်းများကို အကြမ်းဖက်သောင်းကျန်းသူများက ဗုံးများပစ်ချခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ ဖြိုချဖျက်ဆီးခြင်းများအပါအဝင် အခြား အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရှိရပါသည်။

၂။ ထိုသို့ တိုင်းရင်းသားပြည်သူများ အလေးအမြတ်ထား ဆည်းကပ်ကိုးကွယ်နေကြသည့် ဘုရားစေတီများ၊ ရုပ်ပွားတော်များနှင့် ဘာသာရေးဆိုင်ရာအဆောက်အဦများကို အကြမ်းဖက်ဖျက်ဆီးမှုများပြုလုပ်လျက်ရှိသော အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများအား မြန်မာနိုင်ငံစာရေးဆရာအသင်းက ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

## မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို) သဘောထားထုတ်ပြန်ချက်

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်အချို့မှ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဆင်းတုတော်များနှင့် ဘာသာရေးဆိုင်ရာအဆောက်အဦများကို အကြမ်းဖက်သောင်းကျန်းသူများက ဗုံးများ၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ ဖြိုချဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါ အကြမ်းဖက်သမားများသည် ဗုဒ္ဓဘာသာဝင်များ၏ ကိုးကွယ်ယုံကြည်မှုအပေါ် စော်ကားသည့်လုပ်ရပ်များအား မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)**

(၁၆-၁-၂၀၂၄)

## မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်**

မြန်မာနိုင်ငံအတွင်းရှိ ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားသည့် စေတီတစ်ဆူကို ဖြိုချဖျက်ဆီးခြင်းနှင့် အခြားဘာသာရေးဆိုင်ရာ အဆောက်အဦများကို အကြမ်းဖက်သောင်းကျန်းသူများက ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

ယခုကဲ့သို့ ဗုဒ္ဓဘာသာကို ညှိုးနွမ်းအောင်ပြုလုပ်နေသည့် အကြမ်းဖက်သမားများအား မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံးက လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းက ကျင်းပသည့် ချစ်ကြည်ရေးဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်

**ရန်ကုန် နေပြည်တော် ၁၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ညနေပိုင်းတွင် မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းက ကျင်းပသည့် မြန်မာ-တရုတ်ချစ်ကြည်ရေး ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်၍ နှုတ်ခွန်းဆက်စကား ပြောကြားသည်။

**တက်ရောက်**

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံမှူးကြီး Mrs. Qiao Li၊ တရုတ်နိုင်ငံငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းမှ မစ္စတာ ရှီးကျန့်ဂေါ်နှင့် ချစ်ကြည်ရေးအဖွဲ့ဝင်များ၊ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌနှင့် မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးအသင်းနာယက ဦးတင်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။




တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်နိုင်ငံခြားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း (China Foundation for Peace and Development) မှ Secretary General Mr. Xu Jian နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

ဂုဏ်ပြုညစာစားပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာ-တရုတ်ဆက်ဆံရေးသည် ရှေးမြန်မာဘုရင်များ လက်ထက်ကပင် ရွှေလမ်းငွေလမ်းခင်းကာ နှစ်ပြည်ထောင် ချစ်ကြည်ရေးကို တည်ဆောက်ခဲ့ကြပါကြောင်း၊ ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလက ရန်ကုန်မြို့၌ ကျင်းပခဲ့သည့် တရုတ်နှစ်သစ်ကူးနေ့တွင် နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် တက်ရောက်ပြီး နှစ်သစ်ဆုမွန်ကောင်းစကား ပြောကြားခဲ့ပါကြောင်း၊ ထိုကဲ့သို့ ပြောကြားရာတွင် **"မြန်မာနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် တရုတ်လူမျိုးများ၊ တရုတ်နွယ်ဖွား မြန်မာနိုင်ငံသားများအတွက် မျက်နှာနှစ်ဖက်ဆက်ဆံရေးမျိုး မရှိသည့် ယုံကြည်စိတ်ချရသည့် အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်သလို တရုတ်နိုင်ငံသည်လည်း မြန်မာနိုင်ငံအတွက် အရေးကြီးသည့် အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံဖြစ်ရုံသာမက ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံတစ်နိုင်ငံ ဖြစ်သည်"**ဟု ပြောကြားခဲ့ပါကြောင်း၊ မိမိအနေဖြင့် မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော်သံယောဇဉ်ကို ဆက်လက်လက်ဆင့်ကမ်းပြီး မြန်မာ-တရုတ် အေးအတူ ပူအမျှ အသိုက်အဝန်း တည်ဆောက်ကာ နှစ်နိုင်ငံချစ်ကြည်ရေးကို ပိုမိုခိုင်မြဲအောင် တည်ဆောက်လိုပါကြောင်း။

နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုများမှတစ်ဆင့် ရရှိလာမည့် အကျိုးကျေးဇူးများကို နှစ်နိုင်ငံပြည်သူများအတွက် မျှဝေခံစားစေလိုပါကြောင်း၊ ယခုညစာစားပွဲကို တက်ရောက်လာသည့် ဧည့်သည်တော် မစ္စတာ ရှီးကျန့်ဂေါ်က ၂၀၂၃ ခုနှစ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများအတွက် ကွန်ပျူတာနှင့် ပရင်တာများကို လှူဒါန်းပေးခဲ့သည့်အတွက် လွန်စွာကျေးဇူးတင်ပါကြောင်း၊ ထိုကွန်ပျူတာနှင့် ပရင်တာများကို ခရိုင်အဆင့် ပြည်သူ့စာကြည့်တိုက်များတွင် ထားရှိကာ စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများတွင် အသုံးပြုလျက်ရှိပါကြောင်း။

ယခုအခါ မသမာသူ အဖျက်သမားများက မြန်မာ-တရုတ် ချစ်ကြည်ရေးပျက်ပြားအောင် သတင်းမှားများ ထုတ်လွှင့်ကာ ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ မည်သို့ပင်ဖြစ်စေ မိမိတို့အတူတကွ ချစ်ကြည်ရင်းနှီးစွာ အနာဂတ်ကောင်းများကို တည်ဆောက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာသူများက နှုတ်ခွန်းဆက်စကားများ ပြောကြားပြီး အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။

ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံသို့ ရောက်ရှိနေသော တရုတ်နိုင်ငံ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းမှ မစ္စတာ ရှီးကျန့်ဂေါ်သည် ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန အဆောက်အအုံသို့ ရောက်ရှိ၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက လူထုအခြေပြုဗဟိုဌာနမှ ဆောင်ရွက်ပေးလျက်ရှိသော ပြည်သူများ အသိပညာမြင့်မားရေးလုပ်ငန်းများ၊ ပြည်သူ့စာကြည့်တိုက် ဖွင့်လှစ်ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားပြီး ဧည့်သည်တော် မစ္စတာ ရှီးကျန့်ဂေါ်က လူထုအခြေပြုဗဟိုဌာန အဆောက်အအုံအတွင်း အမှတ်တရ သစ်ပင်စိုက်ပျိုးပေးခဲ့သည်။

**သတင်းစဉ်**

# နှလုံးသားမှ ပိုးလမ်းမ Care for the Future လှူဒါန်းမှုအစီအစဉ်နှင့် မြန်မာ-တရုတ် ချစ်ကြည်ရေးယဉ်ကျေးမှုနှင့် ပညာရေးဖလှယ်ခြင်းအခမ်းအနား ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၆**

မြန်မာ-တရုတ်နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု အထိမ်းအမှတ်အနေဖြင့် ကျင်းပသည့် နှလုံးသားမှ ပိုးလမ်းမ Care for the Future လှူဒါန်းမှုအစီအစဉ်နှင့် မြန်မာ-တရုတ် ချစ်ကြည်ရေးယဉ်ကျေးမှုနှင့် ပညာရေးဖလှယ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ သဃ်ာန်းကျွန်းမြို့နယ် လေးထောင့်ကန်လမ်းမကြီးရှိ Myanmar Sports Hotel ဝင်းအတွင်းရှိ MIEC ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် China Foundation for Peace and Development အတွင်းရေးမှူး မစ္စတာ ရှီးကျင့်ဂေါ်နှင့် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း (ဗဟို) ဥက္ကဋ္ဌ မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေး ဗဟိုအသင်းနာယက ပြည်ထောင်စုစာရင်းစစ်ချုပ် (ငြိမ်း) ဦးတင်ဦးတို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ အတိုင်ပင်ခံ မစ္စစ်ရှောင်လီက မြန်မာ-တရုတ် ချစ်ကြည်ရေး ပူးပေါင်းဆောင်ရွက်မှုအကြောင်းကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူး ဒေါ်ချိုချိုမြတ်အောင်က ပညာရေး ပူးပေါင်းဆောင်ရွက်မှုအကြောင်းကို လည်းကောင်း၊ နေအုပ်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးနေအုပ်က လူမှုရေး ပူးပေါင်းဆောင်ရွက်မှုအကြောင်းကို လည်းကောင်း ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် China Foundation for Peace and Development နှင့် မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေး ဗဟိုအသင်း၏ကိုယ်စား အတွင်းရေးမှူး မစ္စတာရှီးကျင့်ဂေါ်က ရန်ကုန်မြို့ လေ့ကျင့်ရေးအလယ်တန်းကျောင်း (ရန်ကင်း) အတွက် စာရေးကိရိယာများ၊ LED မီးလုံးများ၊ အားကစားပစ္စည်းနှင့် ဆွေမျိုးပေါက်ဖော် မဂ္ဂဇင်းတို့အတွက် အသုံးပြုနိုင်ရန် စုစုပေါင်းတန်ဖိုး အလှူငွေကျပ် သိန်း ၁၀၀ တန်ဖိုးရှိ ပစ္စည်းများကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းပြီး တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။



ဆက်လက်၍ မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်း၏ Senior President ဖြစ်သူ ဦးသစ္စာ(ခ)Mr.LiBoBo က ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ စေတနာ့ဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းများပေးအပ်ပြီး တာဝန်ရှိသူများက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

၂၀၂၄ ခုနှစ်သည် တရုတ်- အာဆီယံယဉ်ကျေးမှု ဖလှယ်ရေးနှစ်ဖြစ်ပြီး တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ပညာရေး၊ ပြည်သူအချင်းချင်း ယဉ်ကျေးဖလှယ်မှု၊ ပူးပေါင်းဆောင်ရွက်မှု ပိုမိုနက်ရှိုင်းလာစေရန်နှင့် နှစ်နိုင်ငံဆက်ဆံရေး စဉ်ဆက်မပြတ် တည်ငြိမ်ဖွံ့ဖြိုးတိုးတက်ရေးကိုမြှင့်တင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ယခုလအတွက် ဈေးကွက်၌ ရောင်းချရန်သင့်တင့်မျှတသော ဆန်ဈေးနှုန်းများကို MRF ထုတ်ပြန်

**ရန်ကုန် ဇန်နဝါရီ ၁၆**

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) က ဇန်နဝါရီလအတွက် ဈေးကွက်၌ရောင်းချရန် သင့်တင့်မျှတသော ဆန်ဈေးနှုန်းအဖြစ် သတ်မှတ်ချက်ထုတ်ပြန်ရာတွင် ၁၀၈ ပေါင် ၂၄ ပြည် ဆန်တစ်အိတ် ရွှေဘိုပေါ်ဆန်း (၁၀-၅)မှတ် ဆန်တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀ မှ ကျပ် ၁၃၅၀၀၀ အတွင်း သတ်မှတ်ကြောင်း ဖော်ပြထားသည်။

ထို့အတူယခုလတွင် ၁၀၈ ပေါင်/ ၂၄ ပြည် ဧည့်မထအုပ်စုဖြစ်သည့် ၂၅ မှတ် ဆန်တစ်အိတ်လျှင် ငွေကျပ် ၇၀၀၀၀ မှ ၇၂၀၀၀ အတွင်း၊ ဧည့်မထအုပ်စု ၁၅ မှတ် ဆန်တစ်အိတ်လျှင် ငွေကျပ် ၇၂၀၀၀ မှ ၇၅၀၀၀ အတွင်းနှင့် ဧည့်မထအုပ်စု (၁၀-၅)မှတ် ဆန်တစ်အိတ်လျှင် ငွေကျပ် ၇၅၀၀၀ မှ ၇၈၀၀၀ အတွင်း ရောင်းချရန် သတ်မှတ်ထားကြောင်း သိရသည်။

အလားတူ ရက်၉၀၊ ပခန်း၊ အညာသားနှင့် အထူးဧည့်မထအုပ်စု (၁၀-၅)မှတ် တစ်အိတ်လျှင် ငွေကျပ် ၈၀၀၀၀ မှ ၈၅၀၀၀ အတွင်း၊ ဧရာမင်း၊ ဧရာပဒေသာ (၁၀-၅) မှတ် ဆန်တစ်အိတ်လျှင် ငွေကျပ် ၉၅၀၀၀ မှ ၁၀၀၀၀၀အတွင်း၊ ဧရာဝတီပေါ်ဆန်းများ (၁၀-၅)မှတ် ဆန်တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀၀ မှ ၁၁၀၀၀၀ အတွင်း ရောင်းချရန် MRF က သတ်မှတ်ထားသည်။

အခြားပေါ်ဆန်းများ (၁၀-၅)မှတ်တစ်အိတ်လျှင် ငွေကျပ် ၉၀၀၀၀ မှ ၁၀၀၀၀၀ အတွင်း၊ ဧရာဝတီကြားပျံ(ဘေးကြား/တောင်ပျံ) (၁၀-၅) မှတ် ဆန်တစ်အိတ်လျှင် ငွေကျပ် ၁၁၀၀၀၀ မှ ၁၁၅၀၀၀ အတွင်း ရောင်းချရန် သတ်မှတ်ထားကြောင်း သိရသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ညီနောင်အသင်းများ၊ ကုန်စည်ဒိုင်များ၏အသင်းဝင်များ၊ ပြည်ပတင်ပို့သည့် Exporter များ၊ ဆန်စပါးကုမ္ပဏီများမှ လိုက်နာဆောင်ရွက်ရန်နှင့် ဈေးကွက်အတွင်း ရောင်းချမှုများတွင် ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအတွင်း ကွာဟမှုရှိနိုင်ကြောင်း၊ Super Market များ၊ Mini Mart များတွင် Consumer Packaging ဖြင့် Modern Trade ရောင်းချမှုများအတွက် ဈေးနှုန်း ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအတွင်း ကွာဟမှုရှိနိုင်ကြောင်းလည်း ပါရှိသည်။

၂၀၂၃ မိုးစပါးမှထွက်ရှိသော ဆန်အသစ်များအတွက် ဖြစ်ကြောင်းနှင့် ဝယ်ယူရန်အခက်အခဲရှိပါက အသင်းချုပ်ရုံးနှင့် ကုန်စည်ဒိုင်များသို့ ဆက်သွယ်ညှိနှိုင်းဝယ်ယူနိုင်ကြောင်းလည်း MRF မှ အသိပေးထားသည်။

**MT**

# ဂါဇာကမ်းမြောင်ဒေသတွင် အပစ်အခတ်ရပ်စဲရေး ချက်ချင်းဆောင်ရွက်ရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တောင်းဆို

**ကုလသမဂ္ဂ ဇန်နဝါရီ ၁၆**

ဂါဇာကမ်းမြောင်ဒေသတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ချက်ချင်းဆောင်ရွက်ရန် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ဇန်နဝါရီ ၁၅ ရက်တွင် ထပ်မံတောင်းဆိုခဲ့သည်။

ဂါဇာကမ်းမြောင်ဒေသတွင် အရပ်သားများ သေဆုံးမှုနှင့် လူသားချင်းစာနာထောက်ထားမှုအခြေအနေများ၊ ဓားစာခံများ၏ အခြေအနေနှင့် ဒေသအနှံ့ ပျံ့နှံ့နေသော တင်းမာမှုအားလုံးကို ကိုင်တွယ်ဖြေရှင်းရေးအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အပစ်အခတ်ရပ်စဲရေးကို ဆောင်ရွက်ရမည်ဟု ၎င်းက သတင်းထောက်များအား ပြောကြားခဲ့သည်။

ဂါဇာဒေသတွင် ထိခိုက်ဒဏ်ရာရသူများပြားလာနေပြီး ဒေသခံများသည် အန္တရာယ်များသော လူစည်ကားသည့် တောင်ပိုင်းရှိ ကန့်သတ်နယ်မြေများသို့ တွန်းပို့ခံနေရသည်ဟု ကုလသမဂ္ဂ အကြီးအကဲက ထပ်လောင်းပြောကြားသည်။

ဂါဇာ ကမ်းမြောင်ဒေသတွင် အောက်တိုဘာ ၇ ရက်က ပဋိပက္ခဖြစ်ပွားချိန်မှ စတင်၍ ကုလသမဂ္ဂဝန်ထမ်း ၁၅၂ ဦး သေဆုံးခဲ့သည်။

အစ္စရေးနှင့် ပါလက်စတိုင်း တပ်ဖွဲ့များသည် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေကို လေးစားလိုက်နာရမည်ဖြစ်ပြီး အရပ်သားများကို ကာကွယ်ရန်နှင့် ၎င်းတို့၏ လိုအပ်ချက်များကို ပံ့ပိုးပေးရမည်ဟု ဂူတာရပ်စ်က ထပ်လောင်းပြောကြားခဲ့သည်။

ဂါဇာဒေသသို့ ဆေးဘက်ဆိုင်ရာ ပစ္စည်းများနှင့် ရေသန့်စက်များ ပြုပြင်ရန်အတွက် အရေးကြီးသောပစ္စည်းများ ပေးပို့ရေးကမ်းလှမ်းချက်ကို ပယ်ချခံခဲ့ရပြီး အကူအညီပေးရေး လုပ်ငန်းများ လုပ်ဆောင်ရာတွင် သိသာထင်ရှားသော အတားအဆီးများနှင့် ရင်ဆိုင်နေရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**



# အကြမ်းဖက်သမားများ၏ အခြေစိုက်စခန်းများကို အီရန်က ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်

**တီဟီရန် ဇန်နဝါရီ ၁၆**

ဆီးရီးယားရှိ အကြမ်းဖက်သမားများ၏ အခြေစိုက်စခန်းများကို အီရန်က ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုများနှင့် အီရတ်နိုင်ငံ ကာဒစ်စတန်ဒေသရှိ အစ္စရေးထောက်လှမ်းရေးအဖွဲ့ မော့ဆက်မှ တာဝန်ရှိသူများကို လုပ်ကြံသတ်ဖြတ်ခြင်းသည် ရန်စသူများကို အပြစ်ပေးခြင်း၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း ဇန်နဝါရီ ၁၆ ရက်၌ အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ နက်ဆာကာနာနီက မှတ်ချက်ပြုပြောကြားသည်။

"ဒီလုပ်ရပ်ဟာ အီရန်ရဲ့ အချုပ်အခြာအာဏာနဲ့ လုံခြုံရေးကို ပြတ်ပြတ်သားသား ခုခံကာကွယ်ပြီး အကြမ်းဖက်ဝါဒကိုတိုက်ဖျက်နေတာဖြစ်ပြီး နိုင်ငံရဲ့ လုံခြုံရေးကို ထိပါးလာသူတွေကို အီရန်နိုင်ငံရဲ့ တရားမျှတတဲ့ ပြစ်ဒဏ်ပေးမှု တစ်စိတ်တစ်ပိုင်း ပါ" ဟု ကာနာနီက ပြောကြားသည်။

နိုင်ငံတော်လုံခြုံရေးကို ခြိမ်းခြောက်မှုအပြင် နိုင်ငံသားများ၏ လုံခြုံရေးကို ကာကွယ်ရေးနှင့် ရာဇဝတ်မှုကျူးလွန်သူများကို အပြစ်ပေးအရေးယူရေးအတွက် "တရားဥပဒေဆိုင်ရာအခွင့်အရေး" ကို အသုံးပြုရန် တွန့်ဆုတ်နေမည်မဟုတ်ကြောင်း ၎င်းပြောရေးဆိုခွင့်ရှိသူက ထပ်လောင်းပြောကြားခဲ့သည်။

သီးခြားထုတ်ပြန်ချက်တစ်ခုတွင် အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့သည် ဆီးရီးယားရှိ အကြမ်းဖက်သမားများ၏ အခြေစိုက်စခန်းများနှင့် အီရတ်နိုင်ငံ ကာဒစ်စတန်ဒေသရှိ မော့ဆက် ဌာနချုပ်တို့ကို တိုက်ခိုက်ရာတွင် ပဲ့ထိန်းဒုံးကျည် ၂၄ စင်း ပစ်လွှတ်ခဲ့ကြောင်း ပြောကြားသည်။ ဆီးရီးယားနိုင်ငံ အီလစ်ဒေသရှိ အိုင်အက်စ်အကြမ်းဖက်သမားများ၏ အခြေစိုက်စခန်းကို တိုက်ခိုက်ရန် အနောက်တောင်ပိုင်း ကူဇစ်စတန်ပြည်နယ်မှ ဒုံးကျည်လေးစင်းနှင့် အနောက်မြောက် ပိုင်းမှ ဒုံးကျည် ၁၁ စင်း ပစ်ခတ်ခဲ့ကြောင်း အာဏာပိုင်များက ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့က ကာဒစ်စတန် ဒေသနှင့် အီလစ်ဒေသကို တိုက်ခိုက်ရာတွင် အစ္စရေးထောက်လှမ်းရေးအဖွဲ့ အကြီးတန်းအရာရှိ လေးဦးနှင့် အိုင်အက်စ်အကြီးတန်း တပ်မှူးအများအပြား သေဆုံးခဲ့ကြောင်း အီရန်၏ ဖားစ် သတင်းဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# သီရိလင်္ကာ၌ ဇန်နဝါရီလပထမနှစ်ပတ်အတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၅၀၀၀ ကျော်ရှိ

**ကိုလံဘို ဇန်နဝါရီ ၁၆**

သီရိလင်္ကာနိုင်ငံ၌ ယခုနှစ် ဇန်နဝါရီလပထမနှစ်ပတ်အတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၅၀၀၀ ကျော်ရှိကြောင်း အမျိုးသားသွေးလွန်တုပ်ကွေး ထိန်းချုပ်ရေးဌာနက ယမန်နေ့သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဇန်နဝါရီလ ပထမနှစ်ပတ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူပေါင်း ၅၈၂၉ ဦးရှိကြောင်း သီရိလင်္ကာနိုင်ငံ အမျိုးသားသွေးလွန်တုပ်ကွေး ထိန်းချုပ်ရေးဌာနက ပြောကြားခဲ့သည်။

သီရိလင်္ကာနိုင်ငံ အနောက်ပိုင်းပြည်နယ်သည် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၉၅၆ ဦးဖြင့် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု အများဆုံးဖြစ်ပြီး မြောက်ပိုင်းခရိုင်တွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူပေါင်း ၁၃၉၀ ရှိကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်က သီရိလင်္ကာနိုင်ငံ၌ သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၈၈၃၉၈ ဦး ရှိခဲ့ပြီး သေဆုံးသူ ၅၇ ဦးရှိကြောင်း သီရိလင်္ကာနိုင်ငံ အမျိုးသားသွေးလွန်တုပ်ကွေး ထိန်းချုပ်ရေးဌာနက ပြောကြားသည်။ဇန်နဝါရီလအစောပိုင်းတွင် သီရိလင်္ကာနိုင်ငံ၌ ခြင်မှကူးစက်သောရောဂါပျံ့နှံ့မှုကို တားဆီးရန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သွေးလွန်တုပ်ကွေးကာကွယ်ရေး ရက်သတ္တပတ်ကို ကျန်းမာရေးဝန်ကြီးဌာနက ကြေညာခဲ့ကြောင်း သိရသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**




# မလေးရှားနိုင်ငံက ၂၀၂၃ ခုနှစ်တွင် ကားအစီးရေ ၇၉၉၇၃၁ စီး စံချိန်တင်ရောင်းချနိုင်ခဲ့

**ကွာလာလမ်ပူ ဇန်နဝါရီ ၁၆**

၂၀၂၃ ခုနှစ်တွင် မလေးရှားနိုင်ငံ၏ မော်တော်ကားသစ်ရောင်းအားသည် အစီးရေ ၇၉၉၇၃၁ စီး အထိ မြင့်တက်ခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

မလေးရှားနိုင်ငံ မော်တော်ကားအသင်း (MAA) က ယနေ့တွင် ထုတ်ပြန်သည့် ကြေညာချက်တွင် ထုတ်လုပ်သည့် ကားအစီးရေသည် တစ်နှစ်ထက်တစ်နှစ် ၁၁ ရာခိုင်နှုန်း မြင့်တက်လာခဲ့ပြီး ၂၀၂၂ ခုနှစ်၏ အမြင့်ဆုံးရောင်းအားဖြစ်သည့် ကားအစီးရေ ၇၂၀၀၇၇ စီးထက် ကျော်လွန်သွားခဲ့ကြောင်း သိရသည်။

၂၀၂၃ ခုနှစ်၏ ကားရောင်းအားတိုးတက်မှုသည် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားသော ၂၀၂၀-၂၀၂၁ ခုနှစ် ကားရောင်းအား ကျဆင်းမှုနောက်ပိုင်း ရောင်းအား ပြန်မြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

မလေးရှားနိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် ထုတ်လုပ်ခဲ့သည့် ကားအစီးရေ စုစုပေါင်း ၇၇၄၆၀၀ ရှိခဲ့ခြင်းကြောင့် ၂၀၂၂ ခုနှစ်တွင် ထုတ်လုပ်ခဲ့သည့် ကားအစီးရေ ၇၀၂၂၇၅ စီးနှင့် နှိုင်းယှဉ်ပါက ၁၀ ရာခိုင်နှုန်း တိုးတက်ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# အမေရိကန် ကုန်တင်သင်္ဘောတစ်စင်းကို ဟူသီစစ်သွေးကြွအဖွဲ့က ဒုံးကျည်ဖြင့် ပစ်ခတ်

**ဆာနာ ဇန်နဝါရီ ၁၆**

အမေရိကန် ကုန်တင်သင်္ဘောတစ်စင်းကို ဟူသီစစ်သွေးကြွအဖွဲ့က ဇန်နဝါရီ ၁၅ ရက်တွင် ယီမင်နိုင်ငံအတွင်းမှ ဒုံးကျည်ဖြင့် ပစ်ခတ်ခဲ့ကြောင်း အမေရိကန်တပ်ဖွဲ့က ပြောကြားသည်။

မာရှယ်ကျွန်းစု အလံလွှင့်တင်ထားသည့် အမေရိကန်ကုန်တင်သင်္ဘော M/V GIBRALTAR EAGLE အား ဟူသီအဖွဲ့က တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန် ဗဟိုစစ်ဌာနချုပ်က ထပ်လောင်းပြောကြားသည်။

၎င်းတိုက်ခိုက်မှုဖြစ်စဉ်အတွင်း သင်္ဘောအမှုထမ်းများနှင့် သင်္ဘောတွင် တစ်စုံတစ်ရာ ထိခိုက်မှုမရှိဘဲ ဆက်လက်ခုတ်မောင်းနိုင်ခဲ့သည်ဟု သိရသည်။

၎င်းပစ်လွှတ်လိုက်သည့် ဒုံးကျည်သည် ယီမင်နိုင်ငံအတွင်း၌သာ ကျရောက်ပေါက်ကွဲခဲ့သည်။

ဟူသီအဖွဲ့ ပြောရေးဆိုခွင့်ရှိသူက အမေရိကန်ကုန်တင်သင်္ဘောကို ဒုံးကျည်ဖြင့် တိုက်ခိုက်မှုအတွက် တာဝန်ရှိကြောင်း လူမှုမီဒီယာတွင် ရေးသားခဲ့သည်။ အမေရိကန်၊ ဗြိတိန် သင်္ဘောများနှင့် စစ်သင်္ဘောများအားလုံးသည် ဟူသီ၏ ပစ်မှတ်ဖြစ်သည်ဟု ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။ ဟူသီအဖွဲ့၏ ၎င်းဒုံးကျည်တိုက်ခိုက်မှုသည် ယီမင်ရှိ ၎င်း၏ ရေဒါစခန်းအပါအဝင် ဟူသီအဖွဲ့၏နေရာများကို လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း အမေရိကန်က တိုက်ခိုက်ခဲ့ခြင်းအတွက် လက်တုံ့ပြန်ခြင်းဖြစ်သည်ဟု ယူဆရသည်။ **ကိုးကား-ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ၊**
**ဘာသာပြန်-စိုးသူရ**



# ရောဝတီတိုင်းဒေသကြီးအတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမျှော်ကြည်ညို

နေပြည်တော် ဇန်နဝါရီ ၁၆

ရောဝတီတိုင်းဒေသကြီး မြို့နယ်များအတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ၉၀၊ အုပ်ချုပ်သူ လေးဦး စုစုပေါင်း ၉၄ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ် ပူဇော်ရခြင်းရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာတည်ထား ပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ခဲ့မှု အခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှုဗီဒီယိုမှတ်တမ်းကိုပြသသည်။



ထို့နောက် ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များက ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ်ရှင်းလင်းပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားများ ပြောကြားကြသည်။ ထို့နောက် ဘုရားဖူးလာ ဂေါပကအဖွဲ့ဝင်များက ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှုအခြေအနေနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကိုမေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ဂေါပကအဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းကြသည်။ ဆက်လက်၍ ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော် ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋီ၊ မော်ကွန်းတိုက်၌ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ပုံစံငယ်ပြသထားမှု၊ မှတ်တမ်းဓာတ်ပုံများ၊ အဂ္ဂါမိပတိသာသနဒ္ဓဇမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များနှင့်အခြားသာသနိကအဆောက်အအုံများကို ဖူးမြော်လေ့လာကြည်ညိုခဲ့ကြသည်။

ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြသည့် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ၏ ရင်တွင်းစကားသံများ

နေပြည်တော် ဇန်နဝါရီ ၁၆

**ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရောဝတီတိုင်းဒေသကြီးအတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ ပါဝင်သည့် ဘုရားဖူးအဖွဲ့များ ယနေ့နံနက်ပိုင်းတွင် လာရောက်ဖူးမြော်ကြည်ညိုကြရာ အဆိုပါလာရောက်ဖူးမြော် ကြည်ညိုကြသူများ၏ စကားသံများကို ဖော်ပြလိုက်ရပါသည်။**



ဦးကျော်စွာဝင်း



ဦးနိုင်ရဲဝင်း



ဦးသိန်းအောင်



ဦးမောင်မောင်

**ဦးကျော်စွာဝင်း (မကုဋ္ဌရုံသီဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်းတာဝန်ခံ ဂေါပက)**

ကျွန်တော်ကတော့ ရောဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ မော်တင်စွန်း ဒေသကနေ ဒီမာရဝိဇယ ဘုရားကြီးဆီကို လာရောက်ပြီးတော့ ဖူးမြော်တာဖြစ်ပါတယ်။ အရင်ကတော့ တစ်ခါမှလာရောက်ဖူးမြော်ဖူးခြင်း မရှိပါဘူး။ ဒီမာရဝိဇယ ထိုင်တော်မူ ကျောက်စစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး စတင်တည်ထားကိုးကွယ်စဉ် အခါကတည်းက ကျွန်တော်တို့ကိုယ်တိုင် လာရောက်ဖူးမြော်ချင်နေတာဖြစ်ပါတယ်။ အခု အချိန်မှာတော့ လာရောက်ဖူးမြော်ချင်တဲ့ ဆန္ဒတွေလည်း ပြည့်မြောက်သွားပြီဖြစ်ပါတယ်။ ကျွန်တော်တို့ ဂေါပကအဖွဲ့ဆိုရင် အခုလာရောက်ဖူးမြော်တာ Express ကားကြီးနှစ်စီးနဲ့ ဖြစ်ပါတယ်။ အခု ဒီရောက်ပြီးတော့မှ ကျွန်တော်တို့ သိလိုက်ရတာကတော့ ဒီလိုကြည်ညိုဖူးမြော်နိုင်အောင်လို့ နိုင်ငံတော်ဝန်ကြီးချုပ်ပေါ့နော် နိုင်ငံတော်အကြီးအကဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကနေ ဒီလိုမျိုးဘုရားအဆူဆူ၊ စေတီတော်တွေက ဂေါပကအဖွဲ့ဝင်တွေကို လာရောက်ကြည်ညိုနိုင်အောင်၊ ပြီးတော့ မိမိတို့ဒေသမှာရှိတဲ့ ဘုရားစေတီတော်တွေကို ဘယ်လို ပြုပြင်ထိန်းသိမ်းရမယ်၊ ဘယ်လို ဆောင်ရွက်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ လာရောက်ပြီးတော့ ဖူးမြော်ကြည်ညိုနိုင်အောင် စီစဉ်ပေးတာလို့သိရတဲ့အတွက် အထူးလည်းဝမ်းသာပီတိဖြစ်မိပါတယ်။ တစ်ခါမှလည်းမဖူးမြော်ရသေးတဲ့ ဒီမာရဝိဇယ ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးကို ကျွန်တော်တို့ မော်တင်စွန်း ဂေါပကအဖွဲ့ကိုယ်စား ကျွန်တော်တို့လေးဦး လာရောက်ဖူးမြော်ရသလို အခြားရောဝတီတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ တန်ခိုးကြီးစေတီတော်မြတ်တွေရဲ့ ဂေါပကအဖွဲ့ဝင်တွေ အားလုံးလည်း ကျွန်တော့်လိုမျိုး ခံစားကြနိုင်မယ်လို့ထင်ပါတယ်။

**ဦးနိုင်ရဲဝင်း (တိလောကဥဿျောင် ရှင်သာလျောင်းဘုရားကြီး ဂေါပကအဖွဲ့ဝင်)**

ကျွန်တော်ကတော့ ရောဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် တိလောကဥဿျောင် ရှင်သာလျောင်းဘုရားကြီးက လာရောက်ဖူးမြော်တာ ဖြစ်ပါတယ်။ ဒီမာရဝိဇယဘုရားကြီးကို အဝေးကြီးကနေမြင်ပြီး စတင်ဖူးမြော်ရကတည်းက စိတ်ထဲမှာ အလွန်ပဲဝမ်းသာပီတိ ဖြစ်မိပါတယ်။ အခုလိုအနီးကပ်ဖူးမြော်ခွင့်ရလိုက်တဲ့အခါ ရင်ထဲမှာပီတိဖြစ်ပြီး ဝမ်းနည်း၊ ဝမ်းသာတောင်ဖြစ်မိပါတယ်။ ကျွန်တော့်အနေနဲ့ ဒီမာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ယခုလို ကိုယ်တိုင်ကိုယ်ကျ အနီးကပ်ဖူးမြော်ရပြီး ဒီမှာရှိတဲ့ တာဝန်ရှိသူများက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပုံအဆင့်ဆင့်ကို လိုက်လံရှင်းပြတဲ့အခါမှာ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ဒီလိုမျိုးထူးကဲတဲ့ဘုရားကြီးရှိတယ်ဆိုပြီး ကျွန်တော့်အနေနဲ့ ဝမ်းသာဂုဏ်ယူမိပါတယ်။ နောက်ပြီး ဘုရားကြီးကို နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်မှုနဲ့ ကမ္ဘာမှာ မြန်မာဟော့ဆိုပြီး ဗုဒ္ဓဘာသာအတွက်သမိုင်းတစ်ခု ထူထောင်နိုင်တဲ့အတွက်လည်း ဝမ်းသာဂုဏ်ယူမိပါတယ်ခင်ဗျာ။ ဒီဘုရားကြီးစပြီးဖူးတဲ့အခါမှာ ခေတ်အဆက်ဆက်က မြန်မာမှုတွေကိုလည်း အများကြီးလေ့လာတွေ့ရှိရတယ်။ ကမ္ဘာကိုရင်ပေါင်တန်းနိုင်တဲ့ သိပ္ပံပညာတို့၊ နည်းပညာတို့ အဲဒါတွေကိုလည်း တွေ့ရပါတယ်။ မြန်မာနိုင်ငံမှာ ဗုဒ္ဓဘာသာလူမျိုးဖြစ်ရတဲ့အတွက်လည်း ဝမ်းသာမိပါတယ်။ နောက်ပြီး မြန်မာ့ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်တွေကို မပျောက်ကွယ်အောင် ထိန်းသိမ်းဖို့အတွက် ကျွန်တော်တို့ မြန်မာလူမျိုးအားလုံးအားလုံးတိုင်းမှာ တာဝန်ရှိတယ်လို့ ကျွန်တော့်အနေနဲ့ ပြောချင်ပါတယ်။

**ဦးသိန်းအောင် (ရှင်ပင်ချမ်းသာကြီးဘုရား ဂေါပကဥက္ကဋ္ဌ)**

ကျွန်တော်ကတော့ ရောဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်က တန်ခိုးကြီး ရှင်ပင်ချမ်းသာကြီး ရုပ်ရှင်တော်မြတ်ကြီးကနေ ဒီမာရဝိဇယဘုရားကြီးကို လာရောက်ဖူးမြော်တာဖြစ်ပါတယ်။ ပထမတစ်ခေါက်ကရော အခုဒုတိယအကြိမ် လာရောက်ဖူးမြော်ခွင့်ရတဲ့အခါမှာလည်း ထပ်တူခံစားမိပါတယ်။ ယနေ့ လာရောက်ဖူးမြော်ရတဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်ချက်၊ ရောဝတီတိုင်းဒေသကြီး တိုင်းမှူးရဲ့ ညွှန်ကြားချက်၊ ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ရဲ့ ညွှန်ကြားချက်နဲ့အညီ ကျွန်တော်တို့ရောဝတီတိုင်းဒေသကြီး ၂၆ မြို့နယ်မှာရှိတဲ့ ဘုရားစေတီဂေါပကအဖွဲ့ဝင်များအားလုံးကို ဒီမာရဝိဇယဘုရားကြီးကို လာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ပေးတဲ့အတွက် ကျွန်တော်တို့ လာရောက်ဖူးမြော်ကြတာဖြစ်ပါတယ်။ ပြီးတော့ မြို့သူ မြို့သား၊ နယ်သူ နယ်သားအပေါင်းတို့ကိုလည်း နေပြည်တော်မှာရှိတဲ့ ဒီဘုရားကြီးနဲ့ ပတ်သက်လို့ ကြည်နူးဝမ်းမြောက်စရာများရှိတဲ့အကြောင်းကိုလည်း ပြန်လည်ပြောပြပေးသွားမှာပါ။ နဂါးရုံဘုရားနဲ့ပတ်သက်ပြီး အများအားဖြင့် နဂါးရုံရဲ့အပေါ်မှာပဲတည်ထားတာတွေ့ဖူးပြီး ဒီမာရဝိဇယဘုရားကြီးမှာရှိတဲ့ နဂါးရုံဘုရားဟာဆိုရင် ဘုရားကိုယ်တော်မြတ်ကြီးကို ပါဠိကျမ်းဂန်နဲ့အညီ ဆောင်ရွက်တယ်လို့ သိရတဲ့အတွက် ထူးဆန်းမှု တစ်ခုဖြစ်ပါတယ်။ ကျောက်စာပေါင်းများစွာကိုလည်း တွေ့ရတဲ့အတွက် ဗုဒ္ဓဘာသာထွန်းကားရေးအတွက်ကို ဒီလောက်ဆောင်ရွက်ထားတဲ့အတွက် များစွာ ဝမ်းသာဂုဏ်ယူမိပါတယ်။

**ဦးမောင်မောင် (တိလောကဥဿျောင် ရှင်သာလျောင်းဘုရားကြီး ဂေါပကအဖွဲ့ဒုတိယဥက္ကဋ္ဌ)**

ကျွန်တော်ကတော့ ရောဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် တိလောကဥဿျောင် ရှင်သာလျောင်း ဘုရားကြီးကနေ လာရောက်ဖူးမြော်တာ ဖြစ်ပါတယ်။ အခုလို ဒီမာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ကိုယ်တိုင်ကိုယ်ကျ လာရောက်ဖူးမြော်ခွင့်ရတဲ့အတွက် အင်မတန်ပျော်ပါတယ်။ အရင်ကတည်းက လာရောက်ဖူးမြော်ချင်ခဲ့တာပါ။ အခုလို ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်အစီအစဉ်နဲ့ ပထမဦးဆုံးအကြိမ် လာရောက်ဖူးမြော်ခွင့်ရခြင်းဖြစ်ပါတယ်။ ဒီရောက်တော့လည်း ဘုရားကြီးကိုဖူးမြော်ရတာအားလုံးအံ့မခန်းဖြစ်မိပါတယ်။ ဘယ်ကို ကြည့်ကြည့်မြန်မာမှုလက်ရာတွေနဲ့ အပြည့်ဖြစ်နေတာကို တွေ့ရတဲ့အခါမှာ ဘုရားကြီးကို အခုလို လာရောက်ဖူးမြော်ရတာ အင်မတန်မှတန်ဖိုးရှိလှပါတယ်။ ဒီဘုရားကြီးကို တည်ထားကိုးကွယ်နိုင်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးတဲ့ နိုင်ငံတော်ဝန်ကြီးချုပ်နဲ့တကွ တာဝန်ရှိသူအားလုံးရယ်၊ ပြီးတော့ ရှင်းလင်းဆောင်မှာ ဘုရားကြီးရဲ့သမိုင်းအား ရက်ပေါင်းတစ်ထောင်ကျော် တည်ဆောက်ခဲ့ပုံအဆင့်ဆင့်ကို ရှင်းပြတဲ့အခါ ဘုရားကြီးနဲ့ပတ်သက်ပြီး သိရသည်မှာ တော်တော်ကြီးကို အံ့မခန်းဖြစ်မိပါတယ်။ ဒီဘုရားကြီးနဲ့ပတ်သက်ပြီး ကမ္ဘာမှာမြန်မာအနေနဲ့ ဂုဏ်ယူဝင့်ကြွားလို့ ရတာပေါ့။ ဘယ်နိုင်ငံခြားပညာရှင်မှမပါဘဲ မြန်မာအင်ဂျင်နီယာပညာရှင်တွေနဲ့ပဲ စုပေါင်းလုပ်ကိုင် တည်ထားတဲ့ ဒီဘုရားကြီးဟာ အင်မတန်အံ့မခန်း လောက်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီဘုရားကြီးကို လာရောက်ဖူးမြော်တဲ့နေရာမှာ အင်မတန်ဝေးတဲ့အတွက် တစ်ရက်ဆိုတဲ့အချိန်ဟာအင်မတန်နည်းပါတယ်။ ကျွန်တော့်အနေနဲ့ နောက်တစ်ခေါက် မိသားစုစုံစုံလင်လင်နဲ့ အေးအေးဆေးဆေး အချိန်ပေးပြီး လာရောက်ဖူးမြော်ချင်ပါသေးတယ်။

သတင်းစဉ်

# စာဖတ်ပါ

ကိုဇော်ဌေး(ယဉ်ကျေးမှု)

**မိဘတို့သည် သားသမီးများ စကားပြောတတ်သည့်အရွယ်သို့ရောက်လျှင်ပင် စာရေးတတ်၊ စာဖတ်တတ်လေအောင် ကျောင်းသို့စေလွှတ်၍ စာသင်စေသည်။ ကလေးများကျောင်းသို့ရောက်သော် ဆရာ ဆရာမတို့သည် ထိုကလေးများကို စာရေးတတ်၊ စာဖတ်တတ်ကြစေရန် ပထမဦးဆုံး ဗျည်းအက္ခရာများမှစ၍ စာကြီးပေကြီးများအထိ သင်ကြားပို့ချကြလေသည်။ ဤသို့ ငယ်စဉ်ကအစပြု၍ မိဘဆရာသမားတို့က စာဖတ်တတ်အောင် သင်ကြားပေးကြသည်မှာ စာဖတ်တတ်ခြင်းကြောင့် ကလေးတို့၏ အနာဂတ်ကောင်းကျိုးကို ဖန်တီးနိုင်စေရန် ရည်သန်သောကြောင့်ဖြစ်လေသည်။ လူမျိုးအသီးသီး၊ ဘာသာအသီးသီးတို့တွင် အများအားဖြင့် စာနှင့် စာပေဟူ၍ ရှိကြသည်။ စာပေသည် စာမှပေါ်ပေါက်လာသည်။ စာသည် စကား၏ သင်္ကေတဖြစ်သော အက္ခရာများကို စုပေါင်းဖွဲ့စည်း၍ စနစ်တကျ စီစဉ်ရေးသားတင်မှတ်ထားသော အမှတ်အသားဖြစ်သည်။ အချို့နိုင်ငံများတွင် ရုပ်ပုံသင်္ကေတများမှ ဆင်းသက်လာသည့် အရေးအမှတ်များကိုပါ စာဟုခေါ်ကြသည်။**



စာကို သုခုမအရာမြောက်အောင် (ဝါ) အနုပညာသက်ဝင်အောင် ဖွဲ့စည်းစီရင် တီထွင်သော် ‘စာပေ’ ဖြစ်လာသည်။ စာမရှိဘဲ စာပေလည်းမရှိနိုင်ဟု ဆိုကြသည်။ ထို့ကြောင့် စာဖတ်တတ်ရန် စာကို သင်ကြရသည်။ စာတတ်မြောက်သော် စာပေကို ဖတ်ရှုကြသည်။ မြန်မာတို့တွင် စာပေဟူသော စကားသည် ရှေးခေတ်များ၌ တရားစာပေဟူ၍ အနက်ရခဲ့သည်။ ကိုးခန်းပျို့၌ “စာပေနားဝင်၊ ငါ့ကို သင်သည်၊ လင်လည်းစွန့်ထား၊ ယခုသွားခဲ့”ဟု စပ်ဆိုထားရာ ‘တရားစာပေကို နားလည်အောင် သင်ပြပေးသောလင်’ဟု အဓိပ္ပာယ်ဖွင့်ကြသည်။ တစ်ဖန် နေမိငရဲခန်းပျို့၌ ‘ပုထိုးဘုရား၊ ကျောင်းကန်သွား၍၊ တရားစာပေ၊ နာပါချေအံ့’ဟု စပ်ဆိုထားရာ စာပေဟူလျှင် တရားစာစု ဖြစ်သည်ဟု ကျမ်းဂန်တတ်ပုဂ္ဂိုလ်များက နားလည်ယူဆခဲ့ကြသည်။ လောကုတ္တရာနှင့်ဆိုင်သော စာစုကို စာပေဟု ခေါ်ခဲ့သည့်ခေတ်မှ လောကီနှင့်ဆိုင်သော စာစုများ ပေါ်ပေါက်ခေတ်စားချိန်၌ စာပေဟူသော ဝေါဟာရအနက်လည်း ပြောင်းလဲခဲ့ရသည်။ ဝေါဟာရအနက်ပြောင်းလဲခြင်းနှင့်အတူ စာဖတ်သည့်အလေ့သည်လည်း ရေချိန်မြင့်တက်လာခဲ့တော့သည်။

စာဖတ်ရာတွင် ပညာဗဟုသုတ တိုးပွားစေရန်နှင့် အတွေးအခေါ် ရင့်သန်စေရန်ဟူသော ရည်ရွယ်ချက် နှစ်မျိုးရှိသည်။ ပညာဗဟုသုတမရှိလျှင် မိမိတို့၏ သက်ဆိုင်ရာလုပ်ငန်းကို တိုးတက်ကောင်းမွန်အောင်လုပ်နိုင်ရန် ခဲယဉ်းပေလိမ့်မည်။ စိတ်ကူးဉာဏ်အတွေးအခေါ် ရင့်သန်ခြင်းမရှိပါလျှင်လည်း လူ့လောကတွင် တိုးတက်မှု ခဲယဉ်းပေလိမ့်မည်။ ထို့ကြောင့်လိမ္မာရေးခြားဗဟုသုတကြွယ်ဝစေရန်အတွက် စာဖတ်ခြင်းအလေ့သည် အလွန်အရေးပါ အရာရောက်လေသည်။

**စာနယ်ဇင်း**

ယခုခေတ်၌ စာဖတ်ခြင်းကို အထောက်အပံ့ဖြစ်စေသော သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ် ဟူသည်တို့သည် အမြောက်အမြား ထွက်ပေါ်လျက်ရှိသည်။ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း ဟူသော စကားတို့၏ အဆုံးစကားသုံးလုံးကို စုပေါင်း၍ စာနယ်ဇင်းဟု ခေါ်ကြခြင်းဖြစ်သည်။ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း ဟူ၍ ခွဲခြားထားသည့် သုံးမျိုးအပြင် စာ၊ နယ်၊ ဇင်းများမှလည်းကောင်း၊ စာအုပ်များမှလည်းကောင်း ထုတ်နုတ်၍ အနှစ်သာရပေါ်လွင်အောင် အကျဉ်းချုံးကာ ပြန်လည်ထည့်သွင်း ထုတ်ဝေသည့် သတင်းစုံမဂ္ဂဇင်းနှင့် မဂ္ဂဇင်းပဒေသာ စာစောင်များလည်း ရှိသေးသည်။

မျက်မှောက်ခေတ်၌ စာနယ်ဇင်း လုပ်ငန်းသည် ကမ္ဘာတွင် အရေးပါအရာ ရောက်လာပြီ ဖြစ်သည့်အလျောက် စာနယ်ဇင်းများကိုလည်း လူအများသည် လေးစား၍ စိတ်ထက်သန်စွာ လေ့လာလိုက်စား ဖတ်ရှုနေကြပြီဖြစ်သည်။ သတင်းစာတစ်စောင်လုံးတွင် ခေါင်းကြီး သို့မဟုတ် သတင်းစာအာဘော်သည် မဖတ်မဖြစ် ဖတ်သင့်သည့်နေရာ ဖြစ်သည်။ ခေါင်းကြီး သို့မဟုတ် သတင်းစာအာဘော်သည် နိုင်ငံရေးကို ၎င်းတို့သတင်းစာ၏ ဝါဒနှင့် ချိန်ထိုးကြည့်ရှု၍ ပြတ်သားစွာ ဝေဖန်သုံးသပ်ရေးသားထားခြင်းဖြစ်ရာ ထိုစာဖတ်ခြင်းဖြင့် မိမိနိုင်ငံ၏ နိုင်ငံရေးကို မိမိသည်လည်း ချိန်ထိုးသုံးသပ်လာနိုင်မည် ဖြစ်သည်။ တိုင်းပြည်တစ်ပြည်၌ မဏ္ဍိုင်ကြီးလေးခုရှိရာတွင် စတုတ္ထမဏ္ဍိုင် ဖြစ်သော သတင်းစာများ တစ်နည်း စာနယ်ဇင်းများသည် တိုင်းပြည်တွင် အရေးအကြီးဆုံးဖြစ်သည်ဟု အင်္ဂလန်ပြည် ပါလီမန်လွှတ်တော်တွင် ‘အက်ဒမန်ဗတ်’သည် တစ်ခါက အတိအလင်း ထုတ်ဖော်ပြောဆိုခဲ့ဖူးသည်။ ထို့ကြောင့် စာဖတ်ရာတွင် သတင်းစာပဲ၊ စာစောင်ပဲ ဟူ၍ လျစ်လျူရှု ကျော်လွှားခြင်းမပြုမိစေရန်လိုသည်။ သတင်းစာ၏ အရေးအသားဖြင့် လူမျိုးအချင်းချင်း သို့မဟုတ် လူတန်းစားအချင်းချင်း မုန်းတီးရေးကိုလည်း တည်ဆောက်ပေးနိုင်သည်။ ချစ်ကြည်လေးမြတ်ရေးကိုလည်း တည်ဆောက်ပေးနိုင်သည်။ နိမ့်ကျနေသော စိတ်ဓာတ်ကိုလည်း မြှင့်တင်ပေးနိုင်သောကြောင့် စာနယ်ဇင်းသည် စာဖတ်ရာတွင် များစွာ အထောက်အပံ့ဖြစ်စေသည်။ ခေတ်နှင့်လျော်ညီစွာ နေ့စဉ်ဖြစ်ပျက်ပေါ်ပေါက်လျက်ရှိသော ကိစ္စမြားမြောင်ကိုလည်း သိနိုင်ပေသည်။

**စာအုပ်**

ပုံနှိပ်စာများမပေါ်မီက ပညာဗဟုသုတဆည်းပူးရန်ကိစ္စသည် များစွာ ခဲယဉ်းလှသည်။ အရေးအသားဟူ၍ မရှိသေးသောခေတ်တွင် လူတို့သည် တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ကြားရသမျှသော ပညာဗဟုသုတတို့ကို နှုတ်ငုံဆောင်ကြသည်။ ထို့နောက် ရွှံ့ပြား၊ ကျောက်ပြားများပေါ်တွင် ရေးကြ၊ ထွင်းကြသော အရေးအသားများ ပေါ်လာသည်တို့ကို လူတို့သည် ကြည့်ရှုမှတ်သားကြရသည်။ ထို့နောက် ပေရွက်၊ ကျူရွက်၊ ပုရပိုက် စသည်တို့အပေါ်တွင် ရေးမှတ်ထားသည်ကို လူတို့ဖတ်ကြရသည်။ စက္ကူနှင့် ပုံနှိပ်စက်ခေတ်သို့ ရောက်လာသောအခါ လူအများ၌ စာဖတ်ခြင်းအလေ့သည် ပိုမိုကျယ်ပြန့်လာလေသည်။ ခရစ်နှစ် ၁၂၀၀ ပြည့်နှစ်ကျော်လွန်သောအခါတွင် စာပေလိုက်စားခြင်း၊ ကျမ်းပြုခြင်း၊ ပညာသင်ကြားခြင်း စသည့်ကိစ္စများမှာ တက္ကသိုလ်များတွင် ပိုမိုထွန်းကားလာလေသည်။ ကျောင်းသားများသည် စာအုပ်ဌာနများမှ စာအုပ်များကို ငှားဖတ်ရသည်။ စာအုပ်များကို ကိုယ်ပိုင်ပစ္စည်းအဖြစ် အခြားသို့ ယူသွားခွင့်မရှိချေ။ တဖြည်းဖြည်းနှင့် စာအုပ်များကို အပိုင်ရောင်းချသော အလေ့အထပေါ်လာလေရာ စာအုပ်ဌာနမှ စာအုပ်ဆိုင်ဖြစ်သွားတော့သည်။

၁၅၅၀ ပြည့်နှစ်အရောက်တွင် ယခုခေတ်စာအုပ်များ၏ ပုံသဏ္ဌာန်အတိုင်း စာအုပ်များ ပေါ်ပေါက်လာခဲ့သည်။ စာအုပ်တစ်အုပ်ကို ဖတ်ရှုရာတွင် စာမျက်နှာအစီအစဉ်နှင့် စာများကို တစ်ဆက်တည်း ဖတ်ရှုနိုင်သည်။ အသိဉာဏ်ပညာတိုးတက်မြင့်မားရေးအတွက် စာဖတ်ခြင်းအလေ့ကို ယခင်ရှေးကတည်းက ဆောင်ကြဉ်းကြသည်။ ခေတ်မီနည်းပညာတို့ဖြင့် ဝေဆာလျက် တိုးတက်မြင့်မားခြင်းသဘောကို ဆောင်နေသော လောကကြီးကို ကြည့်မြင်နိုင်ရန်အတွက် စာဖတ်ခြင်းသည်သာ မျက်မှန်ကောင်းတစ်လက် ဖြစ်ပါသည်။ ယခုအခါ မျက်မမြင်များအတွက်ပင်လျှင် လက်ဖြင့်စမ်း၍ ဖတ်ရသော အပိမ့်အဖုအမှတ်အသားများဖြစ်သည့် ဗရေးလစနစ်သည် ထွန်းကားလျက်ရှိပြီဖြစ်သည်။

စာအုပ်သည် စာဖတ်သူ၏ မိတ်ဆွေကောင်းမည်ပေသည်။ စာအုပ်များမှာ ပညာဗဟုသုတအမျိုးမျိုးကို ပေးသော ပညာပဒေသာပင်များဖြစ်သည်။ စာဖတ်၍ ပညာဗဟုသုတ ကြွယ်ဝလာသောအခါ စာဖတ်သူသည် မိမိ၏စိတ်ကို မိမိဆုံးမပဲ့ပြင်လာတတ်သည်။ အမှားအမှန်ကို ပိုင်းခြားဝေဖန်လာတတ်သည်။ နေ့စဉ်ကြုံတွေ့ရသော ပြဿနာတို့ကို ဖြေရှင်းနိုင်တတ်သည်။ အတွေးအခေါ် ရင့်သန်လာသည်နှင့်အမျှ မိမိပြုမူပြောဆိုလုပ်ကိုင်သော အကြောင်းခြင်းရာတို့သည် လူ့လောကနှင့် ဝင်ဆံ့လာတတ်သည်။ ဤအချက်ကို သိမြင်သောခေတ်မီနိုင်ငံတို့သည် လူတိုင်းစာဖတ်သော အလေ့အထပြန့်ပွားအောင် တိုက်တွန်းနှိုးဆော်ပေးကြသည်။ ထို့ကြောင့်လည်း နိုင်ငံတကာတွင် စာကြည့်တိုက်များ အခွန့်ရှည်စွာတည်တံ့အောင် ထူထောင်ခြင်းအလုပ်ကို အလေးဂရုပြု၍ လုပ်ဆောင်ကြခြင်းဖြစ်သည်။

**စာကြည့်တိုက်**

စာကြည့်တိုက်သည် ပုံနှိပ်စာအုပ်များ၊ လက်ရေးစာမူများကို လူခပ်သိမ်းတို့ လေ့လာရန် စုဆောင်းထားရာဌာနဖြစ်သည်။ ယခုခေတ် စာကြည့်တိုက်များသည် မည်သူမဆို ဝင်ထွက်သွားလာနိုင်၍ စာအုပ်များ ငှားရမ်းဖတ်ရှုနိုင်သဖြင့် စာကြည့်တိုက်များသည် စာဖတ်ရာကောင်းသော နေရာတစ်ခုပင် ဖြစ်တော့သည်။ စာကြည့်တိုက်များတွင် နိုင်ငံတော်စာကြည့်တိုက် တစ်နည်း အမျိုးသားစာကြည့်တိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွင့်လှစ်ထားသည့် ပြည်သူ့စာကြည့်တိုက်၊ ကျောင်းနှင့် တက္ကသိုလ်များက ထူထောင်ထားသော စာကြည့်တိုက်၊ ကလေးစာကြည့်တိုက်၊ နယ်လှည့်စာကြည့်တိုက်ဟူ၍ မြားမြောင်စွာရှိနေပြီဖြစ်ရာ မိမိနှင့် နီးစပ်သည့် မည်သည့်စာကြည့်တိုက်မဆို သွားရောက်ငှားရမ်း ဖတ်ရှုနိုင်နေပြီဖြစ်သည်။ စာဖတ်ခြင်းအလေ့ကို မိမိဘာသာ ပြုစုပျိုးထောင်နိုင်ရန် စာကြည့်တိုက်ကို အားကိုးနိုင်မည်ဖြစ်သည်။

သို့ရာတွင် စာဖတ်ခြင်းမှ အကျိုးများ ပြည့်ပြည့်ဝဝ ရနိုင်ရန်မှာ စာဖတ်ရာတွင် နည်းစနစ်ကျရန် လိုအပ်သည်။ ဦးစွာ၌ စာအုပ်ကောင်းများကို မိတ်ဆွေကောင်းများအား ရွေးချယ်ရသကဲ့သို့ ရွေးချယ်ရပေလိမ့်မည်။ စာအုပ်များ၌ မိမိစိတ်ကို ဖြေဖျော်ပေးသည့် စာအုပ်ကတစ်မျိုး၊ မိမိအား ဉာဏ်ပညာဗဟုသုတ အတွေးအခေါ် ရင့်သန်အောင် သွန်သင်ပေးသည့် စာအုပ်ကတစ်မျိုးဟူ၍ ရှိလေသည်။ အခါကာလအားလျော်စွာ မိမိစိတ်ကြိုက်လည်းဖြစ်၍ မိမိအားလည်း အကျိုးတရားပွားများစေသော စာအုပ်ကို ရွေးချယ်တတ်ရမည်။ **စာမျက်နှာ ၁၆ သို့ ☆**

**❛ စာဖတ်ခြင်းမှ အကျိုးများ ပြည့်ပြည့်ဝဝရနိုင်ရန်မှာ စာဖတ်ရာတွင် နည်းစနစ်ကျရန် လိုအပ်သည်။ ဦးစွာ၌ စာအုပ်ကောင်းများကို မိတ်ဆွေကောင်းများအား ရွေးချယ်ရသကဲ့သို့ ရွေးချယ်ရပေလိမ့်မည်။ စာအုပ်များ၌ မိမိစိတ်ကို ဖြေဖျော်ပေးသည့် စာအုပ်ကတစ်မျိုး၊ မိမိအား ဉာဏ်ပညာဗဟုသုတ အတွေးအခေါ် ရင့်သန်အောင် သွန်သင်ပေးသည့် စာအုပ်ကတစ်မျိုးဟူ၍ ရှိလေသည်။ အခါကာလအားလျော်စွာ မိမိစိတ်ကြိုက်လည်းဖြစ်၍ မိမိအားလည်း အကျိုးတရားပွားများစေသော စာအုပ်ကို ရွေးချယ်တတ်ရမည်။ စာဖတ်ခြင်းနည်းကို ပညာရှင်အမျိုးမျိုးတို့က ညွှန်ပြခဲ့ကြရာတွင် ဂမ္ဘီသာရပျို့လာ ရှင်မဟာရဋ္ဌသာရ၏ “သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ဓာ၊ အက္ခရာစွဲသုံး၊ ဤရှစ်လုံးကို၊ သီကုံးပန်းသွင်၊ နေ့တိုင်းဆင်လော့၊ စာသင်ပျိုနု၊ အခြေပြုတို့” ဟူသော ဩဝါဒသည် တန်ဖိုးအရှိဆုံးဖြစ် ❜**

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပဲခူးတက္ကသိုလ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနား ကျင်းပ




ပဲခူး ဇန်နဝါရီ ၁၆

၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပဲခူးတက္ကသိုလ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ပဲခူးတက္ကသိုလ်၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်သည်။

**နှုတ်ခွန်းဆက်စကားပြောကြား**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တက္ကသိုလ်တွင် ဘာသာရပ်ဆိုင်ရာ ပညာရပ်အသီးသီးကို ပို့ချသင်ကြားပေးရုံ သာမက အကျင့်စာရိတ္တ ကောင်းမွန်သည့် ပညာတတ် နိုင်ငံ့သားကောင်းရတနာများကို မွေးထုတ်ပေးလျက်ရှိသည်နှင့်အညီ မောင်တို့ မယ်တို့အနေဖြင့် ဉာဏ်ရည်ထက်မြက်ပြီး စဉ်းစားတွေးခေါ်မှု မြင့်မားသော အသိပညာ အတတ်ပညာရှင်များဖြစ်အောင် ကြိုးစားကြစေလိုကြောင်း၊ မောင်မယ်များအနေဖြင့် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာမှာ ဗလငါးတန်နှင့် ပြည့်စုံပြီး ပညာရည်၊ လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝပြီး အတွေးအခေါ် မှန်ကန်ရင့်ကျက်သည့် အနာဂတ် ခေါင်းဆောင်များဖြစ်အောင် ကြိုးစားဆောင်ရွက်ရင်း မိမိတက္ကသိုလ် ကောင်းကျိုး၊ တိုင်းဒေသကြီး ကောင်းကျိုး၊ နိုင်ငံ့ကောင်းကျိုးများအား တတ်စွမ်းသမျှ ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ပဲခူးတက္ကသိုလ် ပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာ အေးအေးခိုင်က တက္ကသိုလ်အကြောင်း သိကောင်းစရာများကို မိတ်ဆက်ရှင်းလင်းပြောကြားခဲ့သည်။ ၎င်းနောက် တက္ကသိုလ်တွင် သင်ကြားပို့ချသွားမည့် ဝိဇ္ဇာဘာသာရပ်ရှစ်ခုနှင့် သိပ္ပံဘာသာရပ် ခြောက်ခုတို့၏ သိမှတ်ဖွယ်ရာများကို သက်ဆိုင်ရာ ပါမောက္ခများက ရှင်းလင်းပြောကြားခဲ့ကြသည်။

ယင်းနောက် တက္ကသိုလ် ကျောင်းသား ကျောင်းသူများက "မြကျွန်းညိုညို တက္ကသိုလ်"၊ "ထာဝရမြန်မာ"၊ ဗုဒ္ဓပူဇနိယ"၊ "ရှမ်းနှစ်သစ်ကူးပွဲတော်"စသည့် တေးသီချင်းများဖြင့် ကပြဖျော်ဖြေတင်ဆက်ခဲ့ကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့သည်။

ထို့နောက် ပဲခူးတက္ကသိုလ်သို့ ပထမနှစ် တက်ရောက်သင်ကြားမည့် မောင်/ မယ်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားပြီး ဘာသာရပ်အလိုက် ခင်းကျင်းပြသထားသည့် သရုပ်ပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၁-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၁၅ | ၂၅၆၅ | ၂၅၆၀ | ၂၅၂၅ | ၂၅၆၅ | ၂၅၈၅ | ၂၅၇၀ | ၂၅၅၀ | ၂၆၄၅ | ၂၆၆၅ | ၂၅၅၅ | ၂၅၆၅ | ၂၆၀၀ | ၂၆၀၀ | ၂၆၀၅ | ၂၈၃၅ | ၂၉၀၀ |
| 95 Ron | ၂၆၂၅ | ၂၆၇၅ | ၂၆၇၅ | ၂၆၃၅ | ၂၆၇၅ | ၂၆၉၅ | ၂၆၈၀ | ၂၆၆၀ | ၂၇၅၅ | ၂၇၇၅ | ၂၆၆၅ | ၂၆၈၀ | ၂၇၃၀ | ၂၇၃၀ | ၂၇၃၅ | ၂၉၄၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၃၆၀ | ၂၄၀၅ | ၂၄၀၀ | ၂၃၆၅ | ၂၄၀၅ | ၂၄၃၀ | ၂၄၂၅ | ၂၃၉၀ | ၂၅၁၀ | ၂၅၀၅ | ၂၄၀၀ | ၂၄၀၅ | ၂၄၄၅ | ၂၄၄၅ | ၂၄၄၅ | ၂၆၇၅ | ၃၁၉၀ |
| HSD (50 ppm) | ၂၄၃၀ | ၂၄၈၀ | ၂၄၇၅ | ၂၄၄၀ | ၂၄၇၅ | ၂၅၀၀ | ၂၄၉၅ | ၂၄၆၀ | ၂၅၈၀ | ၂၅၇၅ | ၂၄၇၀ | ၂၄၈၀ | ၂၅၁၅ | ၂၅၁၅ | ၂၅၂၀ | ၂၇၄၅ | ၃၂၄၅ |
| HSD (10 ppm) | ၂၄၄၀ | ၂၄၈၅ | ၂၄၈၅ | ၂၄၄၅ | ၂၄၈၅ | ၂၅၁၀ | ၂၅၀၅ | ၂၄၇၀ | ၂၅၉၀ | ၂၅၈၅ | ၂၄၇၅ | ၂၄၉၀ | ၂၅၂၅ | ၂၅၂၅ | ၂၅၂၅ | ၂၇၅၅ | ၃၂၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၉၇ | ၂၄၇၈ |
| 95 Ron | ၂၅၀၄ | ၂၅၈၇ |
| HSD (500 ppm) | ၂၂၄၅ | ၂၃၁၉ |
| HSD (50 ppm) | ၂၃၁၃ | ၂၃၈၉ |
| HSD (10 ppm) | ၂၃၂၁ | ၂၃၉၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇန်နဝါရီ ၁၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Myat Kyaw Thu" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ကြာပို့ကျေးရွာနေ မြတ်ကျော်သူအား မွန်းလွဲ ၃ နာရီတွင် ကျော်ဇီနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှု ဖွင့်လှစ်အရေးယူခြင်း ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**❍ ပဏာမမှ**

ပဏာမကစားသမားများအဖြစ် ဂိုးသမား-ကျော်ဇင်ဖြိုး၊ ဆန်းဆက်နိုင်၊ ပြည့်ဖြိုးသူ၊ ဇင်ညီညီအောင်၊ နောက်တန်း - သက်ဟိန်းစိုး၊ သီဟထက်အောင်၊ ရဲမင်းသူ၊ ဟိန်းဇေယျာလင်း၊ လတ်ဝေဘုန်း၊ ငြိမ်းချမ်းကောင်းထက်ပိုင်၊ ဖွဲ့ခန့်မင်း၊ ဖွဲ့ထက်မင်း၊ အလယ်တန်း-ခွန်ကျော်ဇင်ဟိန်း၊ မောင်မောင်လွင်၊ ဥက္ကာနိုင်၊ မြတ်ကောင်းခန့်၊ လင်းထက်စိုး၊ ဟိန်းထက်အောင်၊ ဇော်ဝင်းသိန်း၊ ဝေလင်းအောင်၊ အာကာကျော်၊ အောင်နိုင်ဝင်း၊ ရန်နိုင်ဦး၊ ကျော်မင်းဦး၊ ရှေ့တန်း-ကျော်ကိုကို၊ ဝင်းနိုင်ထွန်းနှင့် သူရိန်ထွန်းတို့ ပါဝင်ကြသည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**

☆ စာမျက်နှာ ၁၅ မှ

စာဖတ်ခြင်းနည်းကို ပညာရှင်အမျိုးမျိုးတို့က ညွှန်ပြခဲ့ကြရာတွင် ဂမ္ဘီသာရပျို့လာ ရှင်မဟာရဋ္ဌသာရ၏ "သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ခ၊ အက္ခရာစွဲသုံး၊ ဤရှစ်လုံးကို၊ သီကုံးပန်းသွင်၊ နေ့တိုင်းဆင်လော့၊ စာသင်ပျို့နု၊ အခြေပြုတို့" ဟူသော ဩဝါဒသည် တန်ဖိုးအရှိဆုံးဖြစ်သည်ဟု ယူဆထိုက်လေသည်။ ထိုအက္ခရာရှစ်လုံးမှာ အကျဉ်းပြသော ပါဠိစကားများဖြစ်သည်။ အဓိပ္ပာယ်မှာ-

သု သုဏေယျ ကြားနာရာ၏။
စိ စိန္တေယျ ကြံစည်ရာ၏။
ပု ပုစ္ဆေယျ မေးမြန်းရာ၏။
ဘာ ဘာသေယျ ပြောဆိုရာ၏၊
ဝိ ဝိစာရေယျ ဆင်ခြင်ရာ၏။
လိ လိခေယျ ရေးသားရာ၏။
သိ သိက္ခေယျ လေ့ကျင့်ရာ၏။
ခ ခရေယျ နှုတ်ငုံဆောင်ရာ၏


ဟူ၍ပင်ဖြစ်သည်။ ထိုအင်္ဂါရှစ်ပါးမှာ စာဖတ်ခြင်း၏ အခြေခံဖြစ်သည်။ ထိုရှစ်ပါးတို့အနက် စာဖတ်၍ ကြားသိရသော ဗဟုသုတတို့ကို ကြံစည်ပြီးလျှင် မရှင်းမလင်းသည်တို့ကို သူတစ်ပါးအား မေးမြန်း၍ ဆွေးနွေးပြောဆိုသင့်သည်။ သို့မှသာလျှင် အကောင်းအဆိုးတို့ကို ဆင်ခြင်ဝေခွဲနိုင်မည်ဖြစ်သည်။ ဤသို့ ပိုင်းခြားဝေဖန်ကြည့်ပြီးသော် စာ၏ အမြုတေတို့ကို ရေးမှတ်ခြင်း၊ လေ့ကျင့်ခြင်း၊ အာဂုံဆောင်ခြင်းတို့ကို ပြုလုပ်သင့်သည်။

သကြားသည် ချိုသည်။ ဆားသည် ငန်သည်။ ချိုခြင်း၊ ငန်ခြင်းကို သာမန်အားဖြင့် သိကြသည်။ ချိုသောအရသာ သိဖို့ရာအတွက် သကြားကို စားသင့်သည်။ ငန်သောအရသာ သိဖို့ရာအတွက် ဆားကို မြည်းသင့်သည်။ သို့မှသာ ချိုခြင်းငန်ခြင်းသည် ပီပြင်မည်ဖြစ်သည်။ ထို့နည်းတူ စာကိုလည်းဖတ်ပါဟု တိုက်တွန်းလိုသည်။ မည်သည့်အကျိုးကျေးဇူးရမည်နည်းဟူသည် သင်စာဖတ်ပါမှ သိမည်ဖြစ်သည်၊ ထို့ကြောင့် စာဖတ်ပါဟု တိုက်တွန်းရခြင်းဖြစ်ပါသည်။ ။

**မှီငြမ်း**

**၁။ မြန်မာ့စွယ်စုံကျမ်းအတွဲ(၃)**

# လွိုင်ကော်မြို့ရှိ သမိုင်းဝင် မြို့နာမ်ရွှေစေတီတော်ကို KNPP အကြမ်းဖက်သောင်းကျန်းသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ရည်ရွယ်ချက်ရှိရှိ လက်နက်ကြီးများဖြင့် ပစ်ခတ်ဖျက်ဆီး







**နေပြည်တော် ဇန်နဝါရီ ၁၆**

အကြမ်းဖက်သမားများ အနေဖြင့် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်၊ ပြည်သူလူထု အထိတ်တလန့် ဖြစ်စေရန်နှင့် အစိုးရအုပ်ချုပ်မှု ယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်ချက်များဖြင့် စစ်ရေးနှင့်မသက်ဆိုင်သည့် အများပြည်သူပိုင် အဆောက်အအုံများ၊ ဌာနဆိုင်ရာအဆောက်အအုံများနှင့် လမ်း၊ တံတားများအား ဖောက်ခွဲဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီ၊ ပုထိုးများနှင့် သာသနိကအဆောက်အအုံများအပါအဝင် အခြားဘာသာဝင်များ၏ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ဘုရားရှိခိုးကျောင်းများအား Drop Bomb များပစ်ချခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ဖျက်ဆီးခြင်းများကို ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထား လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ကယားပြည်နယ်အတွင်းရှိ KNPP အကြမ်းဖက် သောင်းကျန်းသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ဒေသခံပြည်သူ ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ လွိုင်ကော်မြို့ရှိသမိုင်းဝင် မြို့နာမ် ရွှေစေတီတော်အား အဝေးမှနေ၍ လက်နက်ကြီးများဖြင့် ပစ်ခတ်ဖျက်ဆီးမှုများ လုပ်ဆောင်ခဲ့ကြောင်း သိရှိရပြီး အကြမ်းဖက်သမားများ ပစ်ခတ်ခဲ့သည့် လက်နက်ကြီးကျည်များသည် စေတီတော်ပရိဝုဏ်အတွင်း ကျရောက် ပေါက်ကွဲခဲ့မှုကြောင့် စေတီတော်၏ ကိုယ်လုံးတော်နှင့် အခြားသာသနိကအဆောက်အအုံများတွင် လက်နက်ကြီးကျည် ထိမှန်ပျက်စီးမှုအချို့ ရှိခဲ့ကြောင်း သိရှိရသည်။

ယင်းသို့ အကြမ်းဖက်သောင်းကျန်းသူများ၏ ဘုရားစေတီများနှင့် ဘာသာရေးဆိုင်ရာအဆောက်အအုံများကို မိုက်ရိုင်းစော်ကားစွာ ဖျက်ဆီးနေမှုများကို ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူပြည်သူများက လုံးဝလက်မခံနိုင်ဘဲ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် အဖွဲ့အစည်းအသီးသီးကလည်း ကန့်ကွက်ရှုတ်ချသည့် ကြေညာချက်များ ထုတ်ပြန်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**







# ဘုရားစေတီပုထိုးများနှင့် ဘာသာရေးဆိုင်ရာအဆောက်အအုံများကို ဖျက်ဆီးမှုအပေါ် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ကန့်ကွက်ရှုတ်ချပွဲများပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၁၆**

အကြမ်းဖက်သောင်းကျန်းသူများက ဘုရားစေတီပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များအား ဖျက်ဆီးစော်ကားမှုအား ကန့်ကွက်ရှုတ်ချပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ပြုလုပ်လျက်ရှိသည်။

ထိုသို့ ပြုလုပ်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နှင့် လင်းခေးမြို့တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌လည်းကောင်း အသီးသီးပြုလုပ်ကြသည်။ ဦးစွာ ကန့်ကွက်ရှုတ်ချပွဲများသို့ တက်ရောက်လာကြသူများသည် သတ်မှတ်နေရာအသီးသီးမှ ချီတက်စုဝေးကြပြီး သံဃာတော်များနှင့် မျိုးချစ်ပြည်သူ ဦးဆောင်သူများက ဗုဒ္ဓဘာသာအပေါ် ဖျက်ဆီးရန်လုပ်ဆောင်နေမှုများကို ကန့်ကွက်ကြောင်း ဟောပြောကြသည်။

ထို့နောက် ကန့်ကွက်ရှုတ်ချပွဲသို့ တက်ရောက်လာကြသူများက "အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အားပေးထောက်ခံသူများ (ဆန့်ကျင်ကြ)၊ အပြစ်မဲ့သံဃာနှင့် ပြည်သူများအပေါ် ယုတ်မာကောက်ကျစ်မှုများ (အလိုမရှိ)၊ စေတီပုထိုးနှင့် ဗုဒ္ဓဆင်းတုတော်များအား ဖျက်ဆီးနေကြသည့် အကြမ်းဖက်သမားများနှင့် သာသနာဖျက်များအား (ဆန့်ကျင်ကြ)၊ ဗုဒ္ဓဘာသာကို စော်ကားဖျက်ဆီးနေကြသည့် အကြမ်းဖက်သမားများအား (ဆန့်ကျင်ကြ)၊ အကြမ်းဖက်အားပေး လောက်ကောင်များအား (အလိုမရှိ)၊ သာသနာဖျက် အကြမ်းဖက်သမားများအား (အလိုမရှိ)၊ ဗုဒ္ဓသာသနာကို ဖျက်ဆီးစော်ကားနေသည့် အကြမ်းဖက်သမားများ(ကျရှုံးပါစေ)၊ လူမျိုးရေးခွဲခြား၊ သာသနာကို စော်ကားဖျက်ဆီးနေသူများအား (ဆန့်ကျင်ကြ)၊ စေတီပုထိုး၊ ဆင်းတုတော်များကို ဖျက်ဆီးနေကြသည့် အကြမ်းဖက်သမားများ(ကျရှုံးပါစေ)" စသည့် ကြွေးကြော်သံများ၊ ဆိုင်းဘုတ်များ ကိုင်ဆောင်၍ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မတ္တရာမြို့နယ်၌ တပ်မတော်က ပစ်ခတ်သည့် လက်နက်ကြီးကျည်ကြောင့် ဒေသခံနှစ်ဦး သေဆုံးပြီး ခြောက်ဦး ဒဏ်ရာရဟု မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဇန်နဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် အုန်းကုန်းကျေးရွာတွင် ဇန်နဝါရီ ၁၅ ရက် ညနေပိုင်းက တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ တပ်မတော်ကပစ်ခတ်သည့် လက်နက်ကြီးကျည်ကြောင့် ဒေသခံနှစ်ဦး သေဆုံးပြီး ကလေးငယ်တွေအပါအဝင် ခြောက်ဦး ဒဏ်ရာရရှိခဲ့သည်ဟု မဟုတ်မမှန်သတင်းမှားကို လူမှုကွန်ရက်စာမျက်နှာတွင် အကြမ်းဖက်အားပေးမီဒီယာ DVB မှ ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

**သတင်းမှားများ ရေးသားဖြန့်ဝေနေခြင်းဖြစ်**

ဖြစ်စဉ်အမှန်အား သက်ဆိုင်ရာဒေသရှိ နယ်မြေလုံခြုံရေးတာဝန်ရှိသူတစ်ဦးထံ မေးမြန်းရာ ဇန်နဝါရီ ၁၅ ရက်တွင် မတ္တရာမြို့နယ် အုန်းကုန်းကျေးရွာဝန်းကျင်အနီး တပ်မတော်စစ်ကြောင်းများ နယ်မြေလုံခြုံရေးတာဝန်ဆောင်ရွက်စဉ် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက လက်နက်ကြီးများဖြင့် အဝေးမှပစ်ခတ်တိုက်ခိုက်ခဲ့ပြီး အနီးဝန်းကျင် အုန်းကုန်းကျေးရွာသို့ ကျရောက်ပေါက်ကွဲမှုများရှိခဲ့ကြောင်းနှင့် ဒေသခံအပြစ်မဲ့အရပ်သား ပြည်သူအချို့ ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရသည်။ ဤသို့ အကြမ်းဖက်သမားများ၏လုပ်ရပ်များကို ပြည်သူများ အထင်အမြင်လွဲမှားအောင် ပြည်ဖျက်မီဒီယာများက သတင်းမှားများကို ရေးသားဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၁၆**

နေပြည်တော်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **မိုး/ဇလ**

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၆**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲအား ဇန်နဝါရီ ၉ ရက်မှ ၁၈ ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ အားကစားရုံတို့တွင် ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းမှစတင်ပြီး အဋ္ဌမနေ့ပွဲစဉ်များအဖြစ် သက်ဆိုင်ရာ အားကစားနည်းများအလိုက် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း (B)ရုံတွင် နံနက်ပိုင်းမှစတင်၍ ယှဉ်ပြိုင်ကစားကြရာ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများ၊ အုပ်ချုပ်သူ၊ နည်းပြများနှင့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ ကြည့်ရှုအားပေးကြသည်။



ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အမျိုးသမီးဘော်လီဘောပွဲစဉ်မှ အကောင်းဆုံးစပေးဘောဆုကို နန်းချိုဇင်ထွေးစံ (ပုသိမ်ဇုန်အသင်း)၊ အကောင်းဆုံးဆယ်မဆုကို မအိမ့်မြတ်ဖြိုးကျော် (ဒဂုံဇုန်အသင်း)၊ အကောင်းဆုံးပင့်ထောင်ဆုကို မလင်းလက်လှိုင် (မြစ်ကြီးနားဇုန်အသင်း)၊ အကောင်းဆုံးရိုက်ခုတ်ဆုကို မထွေးပို(မော်လမြိုင်ဇုန်အသင်း)၊ အကောင်းဆုံးပိတ်ဆို့ဆုကို မနန်းထွေးအိလှိုင် (မော်လမြိုင်ဇုန်အသင်း)၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အမျိုးသမီး ဘော်လီဘောအားကစားသမားဆုကို ကျောနံပါတ် ၅ မရှယ်လီဆာ (မြစ်ကြီးနားဇုန်အသင်း) က ရရှိကြပြီး အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ပုသိမ်ဇုန်အသင်းက တတိယ၊ မော်လမြိုင်ဇုန်အသင်းက ဒုတိယ၊ မြစ်ကြီးနားဇုန်အသင်းက ပထမဆုကို လည်းကောင်း၊ အမျိုးသားဘော်လီဘောပွဲစဉ်မှ အကောင်းဆုံးစပေးဘောဆုကို မောင်မင်းသွေးခန့် (မော်လမြိုင်ဇုန်အသင်း)၊ အကောင်းဆုံးဆယ်မဆုကို မောင်ပြည့်စုံ (မကွေးဇုန်အသင်း)၊ အကောင်းဆုံး ပင့်ထောင်ဆုကို မောင်လွင်အောင်ကို(ပုသိမ်ဇုန်အသင်း)၊ အကောင်းဆုံးရိုက်ခုတ်ဆုကို မောင်သက်ထူးအောင်(မြစ်ကြီးနားဇုန်အသင်း)၊ အကောင်းဆုံး ပိတ်ဆို့ဆုကို တီတီလေး (မြစ်ကြီးနားဇုန်အသင်း)၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအမျိုးသား ဘော်လီဘောအားကစားသမားဆုကို စောဟေပွဲစိုး (ပုသိမ်ဇုန်အသင်း) က ရရှိကြပြီး အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် မော်လမြိုင်ဇုန်အသင်းက တတိယ၊ မြစ်ကြီးနားဇုန်အသင်းက ဒုတိယ၊ ပုသိမ်ဇုန်အသင်းက ပထမဆုကိုလည်းကောင်း ရရှိသည်။

ဆုများကို အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဆန်းဝင်း၊ တက္ကသိုလ်ပါမောက္ခချုပ်များ၊ လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ဆွေထွန်း၊ ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်းတို့က ပေးအပ်ချီးမြှင့်ပြီး ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က အမျိုးသမီးတံခွန်စိုက်ဆုဖလားရရှိသည့် မြစ်ကြီးနားဇုန်အသင်းနှင့် အမျိုးသားတံခွန်စိုက်ဆုဖလားရရှိသည့် ပုသိမ်ဇုန်အသင်းတို့ကို တံခွန်စိုက်ဆုဖလားများ ပေးအပ်ချီးမြှင့်သည်။

တက္ကသိုလ်ပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်း သုံးယောက်တွဲပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လက်ဝှေ့ရုံတွင် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြပြီး တက္ကသိုလ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို နံနက်ပိုင်းတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၃)တွင် မော်လမြိုင်ဇုန်အသင်းနှင့် ပုသိမ်ဇုန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မော်လမြိုင်ဇုန်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိ၍ ဗိုလ်လုပွဲတက်ရောက်သွားပြီး ညနေပိုင်းတွင် ဒဂုံဇုန်အသင်းနှင့် မြစ်ကြီးနားဇုန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြစ်ကြီးနားဇုန်အသင်းက ဒဂုံဇုန်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိ၍ ဗိုလ်လုပွဲသို့တက်ရောက်သွားပြီဖြစ်သည်။ တတိယနေရာလုပွဲကို ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၃)နှင့် ညနေပိုင်းတွင် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# မှော်ဘီမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း လုပ်ငန်းများ ရှင်းလင်းခြင်းဆောင်ရွက်

**မှော်ဘီ ဇန်နဝါရီ ၁၆**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆောင်ရွက်ရမည့်လုပ်ငန်းများ ရှင်းလင်းခြင်းကို ယနေ့နံနက် ၁၀ နာရီက မှော်ဘီမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမတွင် ဆောင်ရွက်သည်။

ဦးစွာ မှော်ဘီခရိုင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်က အဖွင့်အမှာစကားပြောကြားပြီး မှော်ဘီခရိုင် သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး ဒေါ်ဥမ္မာညွန့်က ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းဆောင်ရွက်ရမည့်လုပ်ငန်းများအား ရှင်းလင်းတင်ပြခြင်းနှင့်မြေပြင်စာရင်းကောက်ယူရေးအဖွဲ့မှ ဆက်လက်ပူးပေါင်းဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ပန်းခင်းစီမံချက်(၃)ဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းများအား အသေးစိတ်ချပြရှင်းလင်းပြီး တက်ရောက်လာသူများနှင့် အပြန်အလှန်ဆွေးနွေးခဲ့သည်။

အဆိုပါ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆောင်ရွက်ရမည့်လုပ်ငန်းများ ရှင်းလင်းခြင်းသို့ မှော်ဘီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်သန်းခေါင်စာရင်းကော်မတီဝင်များ၊ မှော်ဘီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီအဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီဝင်များ၊ မြို့နယ်လဝကမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝင်းဇော်(မှော်ဘီ)**

# လက်ပံတန်းမြို့၌ ပညာရေးစုံညီပွဲတော် ကျင်းပ

**လက်ပံတန်း ဇန်နဝါရီ ၁၆**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့တွင် ပညာရေးစုံညီပွဲတော် အခမ်းအနားကို မြို့နယ်ပညာရေးမှူးရုံးခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

**ဆုများချီးမြှင့်**

အခန်းအနားတွင် ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသားသီချင်းဖြင့် သီဆိုဖွင့်လှစ်ကြသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမင်းအောင်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်ဥမ္မာဦးတို့က အမှာစကားပြောကြားပြီး ကျောင်းအသီးသီးမှ ထူးချွန်ဆုရကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်သည်။ ထို့နောက် ကျောင်းသား ကျောင်းသူများက အဆို/အကများဖြင့် သီဆိုဖျော်ဖြေကြသည်။



**အောင်ဆင့်**

# ညောင်လေးပင်မြို့နယ်၌ လက်ဆွဲကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ပျိုးခြင်းသရုပ်ပြ

**ညောင်လေးပင် ဇန်နဝါရီ ၁၆**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့လမ်းညွှန်မှုအရ လက်ဆွဲကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲကို ယနေ့တွင် ညောင်လေးပင်မြို့နယ် ဝါးရုံကုန်းကျေးရွာအုပ်စု စံဖဲကျေးရွာကွင်းအမှတ် (၂၃) ဦးပိုင်အမှတ် (၂/၁) တောင်သူဒေါ်စန်းရီကြီး၏ လယ်မြေငါးဧကပေါ်၌ ဆောင်ရွက်သည်။



လက်ဆွဲကောက်စိုက်စက်ဖြင့် သရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးစိုးနိုင်နှင့် မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးအောင်ဆန်းနိုင်တို့က လက်ဆွဲကောက်စိုက်စက်၏ ထူးခြားချက်၊ အားသာချက်များ၊ စွမ်းဆောင်ချက်များကို ရှင်းလင်းပြောကြားပြီး လက်တွေ့သရုပ်ပြစိုက်ပျိုးပေးကြသည်။

အဆိုပါလက်ဆွဲကောက်စိုက်စက်ဖြင့် သရုပ်ပြပွဲသို့ ညောင်လေးပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် ခရိုင်အဆင့်စိုက်ကြပ်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်နှင့် မြို့နယ်စိုက်ကြပ်အဖွဲ့ဝင်များ၊ ဒေသခံတောင်သူများ တက်ရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# အုတ်ဖိုမြို့၌ မြို့နယ်အဆင့်ပညာရေးစုံညီပွဲတော်ကျင်းပ

**အုတ်ဖို ဇန်နဝါရီ ၁၆**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက်ပိုင်းက အုတ်ဖိုမြို့ အခြေခံပညာအထက်တန်းကျောင်းဧရာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်ပိုင်ဖြိုးက အဖွင့်အမှာစကားပြောကြားကာ မြို့နယ်ပညာရေးမှူး ဒေါ်ယဉ်ယဉ်လှိုင်က ပညာရေးစုံညီပွဲတော် ကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

ဆက်လက်၍ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက အုတ်ဖိုမြို့နယ်အတွင်း မြို့နယ်အဆင့် လူရည်ချွန်များ၊ အင်္ဂလိပ်စာစွမ်းရည်နှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် ကျောင်းသား ကျောင်းသူလေးများက တေးသီချင်းများဖြင့် ကပြဖျော်ဖြေကြပြီး မြို့နယ်အဆင့် ဉာဏစွမ်းရည်ပြိုင်ပွဲ၊ ကာယပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အောင်သူ(ပြန်/ဆက်)**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေများဖြစ်သော ဦးဇော်ဝင်း[၁၂/ဗဟန(နိုင်)၁၄၅၅၁၈]၊ ဒေါ်မာမာသန်းခင် [၁၂/ဗဟန(နိုင်)၀၄၅၅၃၉]၊ ဦးထွန်းသွင်[၁၂/ကမရ(နိုင်)၀၅၄၁၂၆]၊ ဒေါ်နိုင်နိုင်စိုင်း[၁၂/ဗဟန(နိုင်)၀၄၅၈၇၀] အမှတ်-၃၀ဘီ၊ သံလွင်လမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး နေထိုင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃အီး၊ မြေကွက်အမှတ်-Northern 1/2 of Second Class 16 အလျား ၅၀ပေx အနံ ၆၀ပေ အကျယ်အဝန်းရှိ မူလပိုင်ရှင် ဒေါက်တာအုန်းတင် အမည်ပေါက်မြေအား ပိုင်ရေးပိုင်ခွင့်များအတွက် ကျွန်ုပ်မိတ်ဆွေများက ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက သတင်းစာကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သွဲ့သွဲ့လေး (LL.B)**
**အထက်တန်းရှေ့နေ(စဉ်- ၁၂၈၇၅/၉-၄-၁၉၈၆)**
**၁၇/၂၁၊ ၃၅လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၉၆၆၈၆၈၃၉၈၊ ၀၉-၇၅၁၆၄၉၆၃၈**

## ပတ်စ်ပို့ပျောက်

ကျွန်မ ခင်သစ်သစ်ဝင်း [၁၂/ကမန(နိုင်)၀၆၈၈၈၅] ၏ ပတ်စ်ပို့နံပါတ်(MB-565216) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-09-241138736**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးထွန်းထွန်းဝင်း [၁၁/မပန(နိုင်)၀၃၇၈၀၆] သည် နိုင်ငံကူးလက်မှတ်-MC 725363၊ CDC 59098(သင်္ဘောသားမှတ်ပုံတင်စာအုပ်) All-in-One လက်မှတ်၊ SID ကတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၀၉၉၅၀၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-အောင်ချမ်းသာတိုးချဲ့၊ ယုဝတီလမ်း၊ မြေကွက်အမှတ်(၁၈၄၇)ဟုခေါ်တွင်သော ဧရိယာ(၄၀ပေ x ၆၀ပေ)ရှိ ပါမစ်မြေကွက်သည် ဦးဖိုးသီး[၁၂/သကတ(နိုင်)၀၅၅၅၉၄] အမည်ဖြင့် ချထားပေးသောမြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား ဆက်စပ်စာချုပ်ဖြင့် လက်ဝယ်ထားရှိကာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်နှင်းဖြူဖြူနိုင်[၁၄/ကခန(နိုင်)၁၀၈၄၅၄]ထံမှ ခြေရင်းခြမ်း(၂၀ပေ x ၆၀ပေ)အကျယ်ရှိ မြေအား ပြန်လည်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လှိုင်သူဇာဝင်း[၁၂/ဒပန(နိုင်)၀၅၂၁၄၈]က စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဗိုလ်ဗိုလ်အောင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၁၈)**
**အမှတ်(၂၇၂)၊ မြို့မလမ်း၊ (၃)ရပ်ကွက်၊ တံတားမြို့၊ ကျောက်တန်းမြို့နယ်။ ဖုန်း-၀၉-၇၉၉၄၂၇၈၇၉**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၀)၊ ရာဇသင်္ကြန်လမ်း၊ မြေကွက်အမှတ် (၂၉၅/က)ဟုခေါ်တွင်သော ဦးစောလွင် အမည်ပေါက်သည့် မြေချပါမစ်မြေအမျိုးအစား၊ မြေအကျယ်ပေ(၂၀x၆၀) ပေရှိ မြေနှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးရဲအောင် [၁၂/ဥကမ(နိုင်)၁၈၃၈၉၅]မှ အဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်း တစ်စုံတစ်ရာမရှိကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျင်းရှင် [၆/မအရ(နိုင်) ၀၈၃၁၀၈]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၇)ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကိုပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားသူ -**
**ဦးကျင်းရှင်**

**ညွှန်ကြားချက်အရ -**
**ဒေါ်ခင်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၄၆၀)**
**အမှတ်(၈၁၈)၊ အောင်သပြေလမ်း၊ (၁၉)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၂၅၆၃၂၂၀၉၁**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရတနာအိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆၇)၊ မြေကွက်အမှတ်(၂၂) ဟုခေါ်တွင်သော ဧရိယာအကျယ်အဝန်း (အလျား ၆၆/၁၀၆ ပေx အနံ ၈၀/၈၉ ပေ)ရှိ ဒေါ်ချမ်းသီရိစိုးဝင်း[၁၂/ကတတ(နိုင်)၀၂၆၉၇၃] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေအမည်ပေါက် ဒေါ်ချမ်းသီရိစိုးဝင်း၏ မိခင်ဖြစ်သူ ဒေါ်ဥမ္မာတင်မောင် [၁၂/ကတတ(နိုင်)၀၂၂၀၃၃] မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော (၁) ဦးဇော်မင်းထက် [၁၄/ ဒဒရ(ဧည့်)၀၀၀၃၁၁]နှင့် (၂) ဒေါ်စိမ်းလဲ့ခိုင် [၁၂/ကမတ(နိုင်)၀၇၀၆၁၂]တို့က ရောင်းချသည့် တန်ဖိုးငွေအနက်မှ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့် ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ခင်ခင်ဌေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၂၀၁၅) (၁၄-၂-၂၀၁၇)**
**အမှတ်(၃၀)၊ ဇမ္ဗူသီရိ(၁)လမ်းအနောက်၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၁၈၁၈၂၂**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း "

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ်(၁၇) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက် အမှတ်(23-E1)၊ မြေကွက်အမှတ် (V-၁၃၇)၊ အကျယ်အဝန်း (အလျား၂၅ပေxအနံ၆၇.၆ပေ)၊ ဧရိယာ (၀.၀၃၉)၊ စတုရန်းပေ (၁၆၈၇) အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေအား (အဖ) ကြောင်ရန်စော၏ သမီးဖြစ်သူ ကြောင်ရှုတ်ဟွန်း (ခ) ဒေါ်ဌေးဌေး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၂/လသန (နိုင်) ၀၁၅၉၄၈] မှ ယင်းဂရန်မြေကွက်အား မိမိတစ်ဦးတည်းမှ ပိုင်ဆိုင်ပြီး သားဖြစ်သူ ဦးသန်းအောင် [၁၂/လသန (နိုင်)၀၀၉၅၀၃] အား မေတ္တာဖြင့်ပေးခြင်း ကတိစာချုပ် အရ (၇-၁၂-၂၀၂၃)ရက်နေ့တွင် အပြီးအပိုင်ပေးအပ်ပြီးဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက မည်သူမဆို ခိုင်မာသည့် ပိုင်ဆိုင်မှုမူရင်း စာရွက်စာတမ်း အထောက်အထားများဖြင့် ယနေ့ကြေညာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးထွန်းသူအောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၅၆၇၄)**
**အမှတ်(၃၆)၊ မြေညီထပ်၊ (၈၉)လမ်း၊ ကန်/နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၇၈၀၀၅၄၀၆၀**

## "ကန့်ကွက်နိုင်ပါကြောင်း" အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး ၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၅)၊ မြေကွက်အမှတ် (၁၉၆၅)၊ ဧရိယာအကျယ်( ၄၀ပေx ၆၀ပေ)ရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနနှင့် မြေချပါမစ်တို့တွင် ဦးမင်းနွယ် [၇/ပတန(နိုင်) 009191] အမည်ဖြင့် မှတ်သားတည်ရှိပြီး၊ အဆိုပါမြေကွက်ကို ပါမစ်အမည်ပေါက်ထံမှ အရောင်းအဝယ် အရပ်ကတိ ဆက်စပ်စာချုပ်ဖြင့်ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သီတာဝင်း [၁၂/ဥကမ (နိုင်)၁၇၀၈၀၅] ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်အိထက်ခိုင် [၁၂/ဒဂမ(နိုင်)၀၂၂၄၈၉] မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါရောင်းချမှုကို ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်အောင် (LL.B) အထက်တန်းရှေ့နေ (စဉ် - ၂၂၅၅၅)**
**အမှတ်(၁၆၄၃)၊ သိပ္ပံမောင်ဝလမ်း၊ ၄၂-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၂၅၀၅၀၆၀၄၃**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**သထုံခရိုင်တရားရုံးတော်**
**၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၅**

ဒေါ်ထားရွှေ (၎င်း၏အထွေထွေကိုယ်စားလှယ်ဒေါ်သူဇာမင်း) **(တရားလို)** နှင့် ဦးဖားသဟဲ **(တရားပြိုင်)**

သထုံမြို့နယ်၊ ကရင်လေးဆိပ်ကျေးရွာ (ယခုနေရပ်လိပ်စာ-မသိ)နေ ဦးဖားသဟဲ သိစေရမည်။

သင့်အပေါ်၌ တရားလိုက ချေးငွေကျပ်(၁၂၅၀၀၀၀၀) ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၃၁ရက်(၁၃၈၅ခုနှစ်၊ ပြာသိုလဆုတ် ၆ ရက်)နေ့ မွန်းမတည့်မီ(၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် (၁)လိုအပ်သည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

အမိန့်ဆင့်စာခလွှတ်။

**(သိမ့်သိမ့်အေး)**
**ဒုတိယခရိုင်တရားသူကြီး**
**သထုံခရိုင်တရားရုံး**

## စေ့စပ်ကြောင်းလမ်းခြင်းအား ဖျက်သိမ်းကြောင်း ကိုလှိုင်မင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မဝိုင်းချစ်ဦး(ခ)ငယ်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်၏အမှုသည်ဖြစ်သူ မဝိုင်းချစ်ဦးနှင့် မြင်းခြံမြို့နယ်နေ ကိုလှိုင်မင်းတို့သည် (၁၂-၃-၂၀၂၃) ရက်နေ့တွင် နှစ်ဖက်မိဘလူကြီးစုံရာများ ရှေ့မှောက်တွင် နှစ်ဦးသဘောတူ စေ့စပ်ကြောင်းလမ်းခဲ့ပါသည်။

ယခုအခါ ကိုလှိုင်မင်းမှ (၁၀-၉-၂၀၂၃)ရက်နောက်ပိုင်းမှစ၍ ကျွန်ုပ်၏အမှုသည်အား အဆက်အသွယ်ဖြတ်တောက်ခြင်း၊ လူမှုရေးဖောက်ပြန်ခြင်း၊ လူမှုကွန်ရက်ပေါ်၌ ကိုလှိုင်မင်းနှင့် ချစ်ရေးချစ်ရာအရ ပတ်သက်သူဟုဆိုသော အမျိုးသမီးမှ စာများ၊ screen shoot များပို့၍ မကြာခဏ နှောင့်ယှက်ခြင်းများကြောင့် ကျွန်ုပ်၏အမှုသည်မှ စိတ်ဆင်းရဲခြင်းများ ကြုံတွေ့ရပါ၍ ကိုလှိုင်မင်းနှင့် ဆက်လက် ပတ်သက်လိုခြင်း ဆန္ဒမရှိတော့ပါသဖြင့် စေ့စပ်ကြောင်းလမ်းခြင်းအား ဖျက်သိမ်းလိုက်ပါကြောင်း ကိုလှိုင်မင်းနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**မဝိုင်းချစ်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်လဝန်းလွဲ့ဝါ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၃၀၁)**
**အမှတ်(၈၅၉/ခ)၊ ပုန်းညက်မြိုင်လမ်း၊ (၄၉)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၄၂၀၇၂၄၈၄၇**

## "(၂၇-၁၂-၂၀၂၃) ရက်စွဲပါ ကြေးမုံသတင်းစာ၏ စာမျက်နှာ (၂၉) တွင် ဒေါ်နွယ်နွယ်လှိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်မာလာဝင်း (တရားလွှတ်တော်ရှေ့နေ)မှ ထည့်သွင်းကြေညာထားသော "အများသိစေရန်ကြေညာခြင်း" ကြော်ငြာအပေါ် ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ (၄) ရပ်ကွက်၊ သြဇာလမ်း၊ အိမ်အမှတ်-၉၄၇၊ ဦးအောင်ရှိန်အမည်ပေါက်ဂရန်မြေ ( ၁၀ ပေ x ၆၀ ပေ )နှင့် ယင်းမြေပေါ်ရှိ အိမ်မှာ ဒေါ်နွယ်နွယ်လှိုင် [၁၄/အဂပ(နိုင်)၁၈၅၆၈၀]၏ အမွေဆိုင်အိမ်ဖြစ်သောကြောင့် ရောင်းခြင်းဝယ်ခြင်းမပြုလုပ်ကြပါရန်နှင့် ဒေါ်နွယ်နွယ်လှိုင်၏ သဘောတူညီမှုမရှိဘဲ ရောင်းခြင်းဝယ်ခြင်း ပြုလုပ်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ခြင်းအပေါ် "ပြန်လည်ရုပ်သိမ်းပါကြောင်း" နှင့် အထက်ဖော်ပြပါအိမ်နှင့်မြေအား ကျွန်မတို့ဇနီးမောင်နှံနှစ်ဦးမှ သဘောတူညီစွာဖြင့် ဦးလှသောင်း [၁၁/ဘသတ(နိုင်)၀၀၀၀၀၃]ကိုင်ဆောင်သူအား (၁၄-၁-၂၀၂၄) ရက်နေ့တွင် အပြီးအပိုင်ရောင်းချပြီး လက်ရောက်ပေးအပ်လိုက်ပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နွယ်နွယ်လှိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ရွှေဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၉၉)**
**အမှတ်(၉/၁၁)၊ အခန်း (၂၀၂/E)၊ ဒုတိယထပ်၊ ၃၆-လမ်းတို၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၂၁၀၂၂၃၂၅၊ ၀၉-၇၉၈၁၆၅၁၁၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သာခုအရှေ့ရပ်ကွက်၊ ဗိုလ်စောဦးလမ်း၊ တိုက်အမှတ်(၂၃) (၈)လွှာ၊ Mini Condo တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးမြင့်ကြည် [၁၂/စခန(နိုင်)၀၁၃၂၆၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းဝင်း [၁၃/လရန(နိုင်)၀၃၀၉၂၂]၊ ဒေါ်ခင်ချိုချိုဦး [၁၃/လရန(နိုင်)၀၁၇၀၉၂]တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးသိမ့်သိမ့် (LL.B)(D.M.L)**
**အထက်တန်းရှေ့နေ (စဉ်-၂၅၀၇၁)**
**အမှတ်(၂၄)၊ (၄-B)၊ နီဗ္ဗာန်လမ်း၊ သာခုအရှေ့ရပ်ကွက်၊**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ 09-765188412**

## မြေကွက် (၃) ကွက် အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ကျောက်တန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-စံချိန်မီအဆင့်-၂၊ မြေကွက်အမှတ်-၁၂၈၄၊ အကျယ်အဝန်း (အလျား၄၀ ပေxအနံ၆၀ ပေ)ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် **ဦးခင်ညွှန့် [၁၂/ကတန(နိုင်)၀၇၃၁၉၂]** အမည်ဖြင့် ချထားပေးသော ပါမစ်မြေကွက်ကို စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လက်ရောက်ထားရှိ၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ **ဦးအောင်ခိုင်ထွေး [၁၂/ဒဂန(နိုင်)၀၀၁၈၅၄]**ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဒေါ်သဇင်ထွန်း (ခ) ဒေါ်သဇင်ဟန် [၉/မသန(နိုင်)၀၀၁၃၉၃]**က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို လည်းကောင်း၊

၂။ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ကျောက်တန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-စံချိန်မီအဆင့်-၂၊ မြေကွက်အမှတ်-၁၂၈၅၊ အကျယ်အဝန်း ( အလျား ၄၀ ပေ xအနံ ၆၀ ပေ)ရှိဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် **ဦးခင်ညွှန့် [၁၂/ကတန(နိုင်)၀၇၃၁၉၂]** အမည်ဖြင့် ချထားပေးသော ပါမစ်မြေကွက်ကို စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လက်ရောက်ထားရှိ၍ လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ **ဦးအောင်ခိုင်ထွေး [၁၂/ဒဂန(နိုင်)၀၀၁၈၅၄]** ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဒေါ်စောပြည့်ဝေ [၅/တဆန(နိုင်)၁၀၃၆၂၁]**က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကိုလည်းကောင်း၊

၃။ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ကျောက်တန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-စံချိန်မီအဆင့်-၂၊ မြေကွက်အမှတ်-၁၂၈၆၊ အကျယ်အဝန်း (အလျား ၄၀ ပေ x အနံ ၆၀ ပေ)ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် **ဦးခင်ညွှန့် [၁၂/ကတန(နိုင်)၀၇၃၁၉၂]** အမည်ဖြင့် ချထားပေးသော ပါမစ်မြေကွက်ကို စာချုပ် အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လက်ရောက်ထားရှိ၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ **ဦးအောင်ခိုင်ထွေး [၁၂/ဒဂန(နိုင်)၀၀၁၈၅၄]** ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဦးသူရထွန်း [၉/မသန(နိုင်)၁၁၆၁၆၁]**က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကိုလည်းကောင်း၊ မြေကွက် (၃) ကွက် ရောင်းချသူ ဦးအောင်ခိုင်ထွေးထံ အသီးသီးပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကွက် (၃) ကွက်အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက မြေကွက်ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက မြေကွက် (၃) ကွက် အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးထင်ကျော်** | **ဒေါ်သက်လေးချို** |
| **B.Sc., H.G.P, R.L** | **LL.B., D.B.L, D.I.L, D.M.L** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၅၃၁၅)** | **(စဉ်-၁၀၂၀၈)** |

**အမှတ်-၁၃၈၊ ပထမထပ်၊ ၃၂-လမ်း(လယ်)၊ ပန်းဘဲတန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၁-၂၄၃၅၆၈၊ ၀၉-၅၁၈၆၀၂၁၊ ၀၉-၄၂၀၀၂၄၂၈၉**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ အကွက်အမှတ်-(၂၁/ဗိုလ်တဲကွက်)၊ ဦးပိုင်အမှတ်-( ၂/၄ )အရ မြေအမျိုးအစား-( L )၊ မြေဧရိယာ-( ၀. ၂၆၀ )ဧကရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-( ၃ )၊ ဦးလှထွန်းလွင်လမ်းသွယ်၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့နယ်ဟုခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့တွင် ဒေါ်နုနုခိုင် ( ၁၂/သလန(နိုင်)၀၅၀၉၈၉ )အမည်ဖြင့် မှတ်သားထားပြီး၊ သန်လျင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏မှတ်ပုံတင်စာချုပ်အမှတ်-(၁၉၂/၂၀၁၄)အရ ဦးမိုဟာမက်နားစိးရ်( ၁၂/ပဘတ(နိုင်)၀၀၀၄၅၉ )က တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး၊ ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် စရံငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားဖြင့် ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်နောက်ပိုင်းတွင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကို အပြီးချုပ်ဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခိုင်ဇင်လတ်(ဥပဒေဘွဲ့)
အထက်တန်းရှေ့နေ(စဉ်-၃၇၉၅၀)
အမှတ်-(၁၇၆)၊ ပထမထပ်၊ မိဘရိပ်မွန်အိမ်ရာ၊ ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၁-၈၃၉၇၂၃၄၊ ၈၃၉၇၂၃၅၊၈၂၉၆၁၃၂။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြည်ထဲရေးဝန်ကြီးဌာန
## အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
## နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း

၁။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော လက်ထောက်စုံစမ်းရေးမှူးရာထူး လစာနှုန်း (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)တွင် (အမျိုးသား/အမျိုးသမီး) (၆၅)နေရာ ဖြည့်တင်းခန့်ထားမည်ဖြစ်၍ အောက်ဖော်ပြပါ အရည်အချင်းသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို/အပျို) ဖြစ်ရမည်၊

(ခ) ၃၁-၁၂-၂၀၂၃ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၇)နှစ်ထက် မကြီးသူဖြစ်ရမည်၊

(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်၊ (ဥပဒေဘွဲ့၊ စီးပွားရေးဘွဲ့၊ အင်္ဂလိပ်စာဘွဲ့၊ ကွန်ပျူတာဘွဲ့များအား ဦးစားပေးမည်)

(ဃ) အမျိုးသားဖြစ်ပါက အနည်းဆုံး အရပ်အမြင့် ၅ ပေ ၃ လက်မ၊ ရင်အုပ်နဂိုအနေ ၃၂ လက်မနှင့် ကိုယ်အလေးချိန် အနည်းဆုံး ၁၁၀ ပေါင်နှင့်အထက် ရှိရမည်၊

(င) အမျိုးသမီးဖြစ်ပါက အနည်းဆုံး အရပ်အမြင့် ၅ ပေ ၂ လက်မ ၊ ကိုယ်အလေးချိန် အနည်းဆုံး ၁၀၀ ပေါင်နှင့်အထက်ရှိရမည်၊

(စ) ဆေးအဆင့် (က) ရှိရမည်၊ မျက်မှန်တပ်ဆင်ထားသူများ မဖြစ်ရ၊

(ဆ) ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပြီးသူဖြစ်ရမည်၊

(ဇ) မြန်မာနိုင်ငံအတွင်း မည်သည့်ဒေသတွင်မဆို တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်၊

(ဈ) နယ်ဘက်တရားရုံးများတွင် အမှုအခင်းကင်းရှင်းသူဖြစ်ရမည်၊

(ည) အနည်းဆုံး (၁)နှစ်တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး ကတိခံဝန်ချက်ရေးထိုးရမည်၊

(ဋ) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ အရည်အချင်းစစ် ရေးဖြေစာမေးပွဲ (မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ) ဖြေဆိုရမည်။

၄။ ကြံ့ခိုင်စွမ်းရည်စစ်ဆေးခြင်း၊ လူတွေ့စစ်ဆေးခြင်း၊ ဆေးအဆင့်စစ်ဆေးခြင်းများ ပြုလုပ်မည်။

၅။ သတ်မှတ်လျှောက်လွှာပုံစံကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံးများတွင် သတင်းစာ၌ ကြော်ငြာပါဝင်သည့်နေ့မှစ၍ ရယူနိုင်သည်။

၆။ လျှောက်လွှာပြန်လည်တင်ပြခြင်းကို ၉-၂-၂၀၂၄ ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာရယူခဲ့သော သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံးများသို့ ပေးပို့ရမည်၊ သတ်မှတ်လျှောက်လွှာမူရင်း တင်ပြသော လျှောက်လွှာကိုသာ လက်ခံမည်။

၇။ လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထား စာရွက်စာတမ်းများ ပူးတွဲပါဝင်ရမည်-

(က) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မိတ္တူ)၊

(ခ) ဘွဲ့လက်မှတ်/ဘွဲ့ထောက်ခံစာ(မိတ္တူ)၊

(ဂ) သက်တမ်းရှိ အလုပ်သမားမှတ်ပုံတင်ကတ်ပြား (မိတ္တူ)၊

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)၊

(င) အိမ်ထောင်စုစာရင်း(မိတ္တူ)၊

(စ) (၁)လအတွင်းပြုလုပ်ထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာတို့မှထောက်ခံစာနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်းမှ ထောက်ခံစာ(မူရင်း)၊

(ဆ) (၂)လအတွင်း ရိုက်ထားသော ၁.၅"x ၂" အရွယ် ဓာတ်ပုံ (၃)ပုံ၊

(ဇ) အိမ်ထောင်မရှိ လူပျို/အပျိုဖြစ်ကြောင်း ကိုယ်တိုင်ဝန်ခံချက်၊

(ဈ) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ကြောင်း ဝန်ခံချက်၊

(ည) ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပြီးကြောင်း လက်မှတ်(မိတ္တူ)၊

(ဋ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်း၏ခွင့်ပြုချက်နှင့် ဌာနဆိုင်ရာပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက် မူရင်း/မိတ္တူ၊

(ဌ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်/ထုတ်ပယ်ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခြင်းခံရသူများ လျှောက်ထားခွင့်မရှိပါ။

၈။ ဖြေဆိုခွင့်ရရှိသူများအား သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံးများမှတစ်ဆင့် အကြောင်းကြားပါမည်။

၉။ စာရွက်စာတမ်း၊ သတ်မှတ်အရည်အချင်း၊ သတ်မှတ်အချက်အလက်များ မပြည့်စုံသည့် လျှောက်လွှာများ၊ သတ်မှတ်ရက်ထက် ကျော်လွန်ရောက်ရှိလာသော လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၀။အသေးစိတ်သိရှိလိုပါက ဖုန်းအမှတ် ၀၆၇-၃၄၃၁၃၉၆ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**

## အများသိရှိစေရန်ကြေညာခြင်း

စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ တရုတ်ကျောင်းလမ်း၊ အမှတ် (၃၀)၊ ၈-လွှာ၊ (၂၅ပေx၅၀ပေ)ရှိ ကွန်ဒိုတိုက်ခန်းပိုင်ဆိုင်သူ ဦးဝေယံအောင် [၁၂/စခန(နိုင်)၀၆၆၂၁၁]၊ ဒေါ်အာကာပွင့်ဝေ [၁၂/စခန(နိုင်)၀၇၃၈၇၆] ကိုင်ဆောင်သူများမှ ဤတိုက်ခန်းအား ကာလတန်ဖိုးဖြင့် ကျွန်ုပ်၏မိတ်ဆွေကို အဆိုပြုကမ်းလှမ်းရောင်းချခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်သူရိန်လှိုင် [၁၂/တမန(နိုင်)၁၀၅၂၃၄] ကိုင်ဆောင်သူက တိုက်ခန်းတန်ဖိုး၏ စရန်ငွေတစ်စိတ်တစ်ဒေသကို (၅-၁၂-၂၀၂၃)ရက်စွဲဖြင့် စရန်ငွေပေးစာချုပ် ချုပ်ဆို၍ ရောင်းချသူများကို စရန်ငွေပေးအပ်ခဲ့ပြီးဖြစ်သည်။ ယခုအခါ အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ ရောင်းချသူများနှင့် ဝယ်ယူသူတို့မှ နှစ်ဦးသဘောတူ ညှိနှိုင်းဆွေးနွေးပြီး၍ ဤတိုက်ခန်းအပြီးအပိုင် ရောင်းချခြင်းကိစ္စအား နှစ်ဦးနှစ်ဖက်မှ ဆက်လက်ဆောင်ရွက်လိုခြင်းမရှိတော့ပါ။ ထို့ကြောင့် ရောင်းချသူများဘက်မှ လက်ခံရယူထားခဲ့ပြီးဖြစ်သည့် စရန်ငွေကို ဝယ်ယူသူထံသို့ သတ်မှတ်ထားသည့်လအတွင်း ပြန်လည်ပေးအပ်ရန်နှင့် ရောင်းချသူများမှလည်း ဤတိုက်ခန်းကို မည်သူ့ကိုမဆို ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ရောင်းချသူများနှင့် ဝယ်ယူသူတို့မှ နှစ်ဦးနှစ်ဖက် သဘောတူညီစွာဖြင့် (၅-၁-၂၀၂၄)ရက်စွဲဖြင့် "ရောင်းချသူမှ ကွန်ဒိုတိုက်ခန်းစရန်ငွေ ပြန်လည်ပေးအပ်မည် ကတိစာချုပ်" ဥပဒေနှင့်အညီ ချုပ်ဆိုထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာနည်မေကျော်(LL.B, DBL, DIL)**
**(တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၄၁၉၁)**
**အမှတ် (၁၂/A-1)၊ အင်းယားရိပ်သာလမ်း ၊ မရမ်းကုန်းမြို့နယ် ၊ ရန်ကုန်မြို့။**
**Ph: 09-5159363, 09-783704488**

**MIN OO INNOVATION COMPANY LIMITED**

## မြန်မာနိုင်ငံကုမ္ပဏီဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ အစုရှင်များ၏ ဆန္ဒအလျောက်ကုမ္ပဏီတရားဝင်ဖျက်သိမ်းခြင်း

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ကျင်းပသော အစုရှယ်ယာရှင်များ၊ ဒါရိုက်တာများအားလုံး တက်ရောက်သည့် အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ စာရင်းရှင်းတမ်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကုမ္ပဏီမှပေးရန် ရရန်ရှိသည်များကို ရက်ပေါင်း (၃၀)အတွင်း နောက်ဆုံးထား၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထားစုံလင်စွာဖြင့် ဆက်သွယ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဆွေဇင်ဝင်း**
**လက်မှတ်ရပြည်သူ့စာရင်းကိုင်(စာရင်းစစ်)**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ်-(၃)ရပ်ကွက်၊ လမ်း(၂၀)၊ အမှတ်-(၂၄) ဟုခေါ်တွင်သော မြေပေါ်တွင် တည်ဆောက်ထားသည့် (၃)ခန်းတွဲ (၃)ထပ်တိုက်အဆောက်အဦ၏ ပထမထပ်(ဝဲဘက်ခြမ်း) (အလျား ၄၀ပေx အနံ ၁၂.၅ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချသူ ဦးစန်းဦး [၁၂/မရက(နိုင်)၁၀၄၇၅၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ အဆိုပါတိုက်ခန်းအရောင်းအဝယ်ကို ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်အေးမင်းမင်းသိမ့်(LL.B,D.B.L,D.I.L,D.M.L)** | **ဒေါ်အိအိနိုင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၄၅၃၇)** | **(စဉ်- ၄၉၂၇၃)** |

**အမှတ် (၁၉)၊ ရွှေကမ္ဘာအိမ်ရာ (၉)လမ်း၊ မင်းဓမ္မလမ်း၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၅၀၉၈၉၄၂၊ ၀၉-၇၉၅၉၂၁၉၃၂**

## ဖခင်အမည်မှန်

၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အလက(၇)လှိုင်၊ Grade(3) မှ မောင်လင်းလက်၏ ဖခင်အမည်မှန်မှာ ဦးထွန်းဝင်းမြင့် [၁၂/လမန(နိုင်) ၀၃၇၄၄၈] ဖြစ်ပါကြောင်း။

## အများသိစေရန်ကြော်ငြာခြင်း

ကျွန်တော် ဦးထိန်လင်း မှတ်ပုံတင်အမှတ် [၁၂/လမန(နိုင်) ၀၉၈၈၉၁] ကိုင်ဆောင်သူမှ ဇနီးဖြစ်သူ ဒေါ်သန်းသန်းကြူ မှတ်ပုံတင်အမှတ် [၁၂/ခရန (နိုင်) ၁၀၆၃၆၄]သည် မိမိဆန္ဒအလျောက် (၉-၁-၂၀၂၄)နေ့တွင် အိမ်မှဆင်းသွားပါသဖြင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအားလုံး ဖြေရှင်းမည်မဟုတ်ပါကြောင်းနှင့် မသက်ဆိုင်တော့ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးထိန်လင်း**

## ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ၆-ရပ်ကွက်၊ အောင်သုခ(၁)လမ်း၊ အမှတ်(၉၉)နေ ဒေါ်လှဲ့လှဲ့ဝင်း၊ အမှတ်(၂၁)နေ ဦးလှကြိုင်၊ အောင်သုခ(၂)လမ်း၊ အမှတ်(၁၁၀)နေ ဦးတင်အောင်သန်း၊ အမှတ်(၈၆)နေ ဦးလှပို၊ ဝင်းလှိုင်လမ်း အမှတ်(၂၆၉၉)နေ ဦးဝင်းခိုင်၊ အမှတ်(၂၇၃၁)နေ ဦးမြင့်ဆွေ၊ အမှတ်(၂၇၁၀)နေ ဦးညွန့်သန်းရွှေ၊ အမှတ်(၂၇၀၆)နေ ဒေါ်ချိုချိုတို့ သိစေရန် ကြေညာချက်

ဦးအိုက်လင်း [၁၃/တကန(နိုင်)၀၂၄၉၈၈]သည် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၆-သမိုင်း)၊ မြေကွက်အမှတ် (၄၇)နှင့် (၄၈)ရှိ မြေဧရိယာ (၇.၃၇၅)ကေကို မူလအမည်ပေါက် ပိုင်ရှင် ဦးဘကြော်၏ အမွေဆက်ခံသူ ဦးကြည်စိုး [၁၂/ကမရ(နိုင်)၀၂၂၂၄၂]နှင့် ဦးကြည်သိန်း [၁၂/ကမရ(နိုင်)၀၄၂၉၇၀]တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်- ၄၈၈၈/၂၀၁၁၊ ၄၈၈၉/၂၀၁၁နှင့် ၄၈၉၀/၂၀၁၁ တို့ဖြင့်လည်းကောင်း၊ အရပ်ကတိ အရောင်းအဝယ်စာချုပ်များဖြင့်လည်းကောင်း၊ ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေ(၇.၃၇၅)ကေ၏ မူလ ပိုင်ရှင်များက ဦးအိုက်လင်း မတိုင်မီ မည်သူ့ကို ရောင်းချ/ပေါင်းနှံ/ငှားရမ်း/ပေးကမ်း/ခွင့်ပြုချက်ဖြင့် အခမဲ့ ထားခဲ့ခြင်းမရှိပါ။

ဦးအိုက်လင်းပိုင် အဆိုပါ မြေ (၇.၃၇၅)ကေ၏ အစိတ်အပိုင်းများဖြစ်သည့် မြေကွက်အမှတ်- ၄၇/ဗ$^{၁၅}$ ပေါ်တွင် ဒေါ်လှဲ့လှဲ့ဝင်းမိသားစုနေအိမ်၊ မြေကွက်အမှတ်- ၄၇/ဗ$^{၁၃}$ ပေါ်တွင် ဦးလှကြိုင်မိသားစု နေအိမ်၊ မြေကွက်အမှတ် ၄၇/ဗ$^{၁၅}$ ပေါ်တွင် ဦးတင်အောင်သန်း မိသားစုနေအိမ်၊ မြေကွက်အမှတ်- ၄၇/ဗ$^{၇}$ ပေါ်တွင် ဦးလှပိုမိသားစုနေအိမ်၊ မြေကွက်အမှတ် ၄၇/ဗ$^{၁၇}$ ပေါ်တွင် ဦးဝင်းခိုင်မိသားစုနေအိမ်၊ မြေကွက်အမှတ် ၄၇/ဗ$^{၁၈}$ ပေါ်တွင် ဦးမြင့်ဆွေ မိသားစုနေအိမ်၊ ၄၇/ဗ$^{၁၀}$ ပေါ်တွင် ဦးညွန့်သန်းရွှေ မိသားစုနှင့် ဒေါ်ချိုချိုမိသားစု နေအိမ်တို့ ရှိနေပါသည်။

သို့ဖြစ်ပါ၍ ယခုကြေညာချက်၏ အထက်ခေါင်းစဉ်တွင် အမည်ပါရှိသူများသည် ဦးအိုက်လင်းပိုင်မြေပေါ်မှ မိမိတို့နေအိမ် အဆောက်အအုံများကို (၁၈-၂-၂၀၂၄)ရက်နေ့ နောက်ဆုံးထား၍ ဖျက်သိမ်းဖယ်ရှားထွက်ခွာပေးရန် တောင်းဆိုပါသည်။

လိုက်နာခြင်းမရှိ ပျက်ကွက်ပါက ဦးအိုက်လင်းပိုင် အထက်ပါ မြေအစိတ်အပိုင်းများကို လက်ရောက်ရရှိရန်အတွက် ဥပဒေနှင့်အညီ တရားစွဲဆို ဆောင်ရွက်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**ဦးအိုက်လင်း၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ခင်ခင်ဌေး** | **ဒေါ်အိအိထွေး** |
| **(စဉ်-၁၂၈၉၈)(၁၃-၇-၂၀၁၇)** | **စဉ်-၁၃၀၆၅ (၂၇-၇-၂၀၁၇)** |

**တရားလွှတ်တော်ရှေ့နေများ**
**တိုက်(၁၉)၊ စလွှာ(အေ)၊ စမ်းရေတွင်းလမ်း၊ စမ်းချောင်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၈၉၀၀၇၉၃၃၈၊ ၀၉-၆၉၇၉၈၉၅၁၅**

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ပန်တျာလမ်း၊ (၂)ခန်းတွဲ (၆)ထပ်တိုက်၊ ပထမထပ်/ဝဲဘက်ခြမ်း၊ (အလျား ၂၀ပေx အနံ ၅၀ပေ) အကျယ်အဝန်းရှိ ရေ/မီးအပြည့်အစုံပါ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရောင်းသူ ဒေါ်ပြုံးမေမြင့် [၁၂/ပဘတ(နိုင်)၀၂၃၄၀၀]မှ အဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်စိုးမိုး [၁၂/ဒဂန(နိုင်)၀၂၀၂၄၃]မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ ပေးချေပြီးဖြစ်ပါသည်။ ဤတိုက်ခန်းအရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုစုငြိမ်း LL.B.,D.B.L., D.I.L.**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်- ၉၂၈၉**
**အမှတ် (၅၅)၊ အခန်း (၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၁-၃၇၃၀၄၆၊ ၀၉-၅၄၀၆၆၁၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁ (သန်လျင်ရတနာအိမ်ရာ)၊ မြေကွက်အမှတ်-၃၀၃၊ အကျယ်အဝန်း- ၈၀'x၉၁'.၉''/၉၂'၊ ဧရိယာ(စတုရန်းပေ- ၇၃၅၀) (၀.၁၆၉)ကေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၌ ဦးယဉ်ထွေး [၁၂/ဥကတ(နိုင်)၀၂၅၈၈၅]ကိုင်ဆောင်သူအမည်ပေါက်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်သည့်အတွက် ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေပြည့်စုံ (ခ) ဒေါ်ပွင့် (LLB, DBL, DIL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၀၉၃)**
**အမှတ်- ၅၅၊ အခန်း (၁၅)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၅၁၂၅၇၉၅၊ ၀၉-၇၆၅၀၅၃၄၂၄**

## ပတ်စ်ပို့ပျောက်ဆုံး

အဖ (ဘ) ဦးသန်းထွေး၏သား ဦးဇေယျာသန်း [၁၂/ဥကမ(နိုင်) ၂၀၂၆၀၈]၏ နိုင်ငံကူးလက်မှတ်အမှတ် (MA-377347) ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၉၄၆၇၄၈၆**

## ပတ်စ်ပို့ပျောက်

(ဘ) စောဖါဂေါ်လေး၏သား စောဝါးဝါး [၁၂/လကန (နိုင်) ၁၈၃၉၁၇]၏ နိုင်ငံကူးလက်မှတ်အမှတ် (MG-577182) ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၇၆၁၈၇၉**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနကွပ်ကဲမှုအောက်ရှိ သပြေကုန်းဈေးမှ RC ဆိုင်ခန်းအမှတ် (တ-၂၇) ဦးစိုးပိုင်၊ နိုင်ငံသားစိစစ်ရေးအမှတ် [၁၂/သဃက(နိုင်)၀၆၄၁၃၃] အမည်ဖြင့် ထုတ်ပေးထားသော **"ဈေးဆိုင်ခန်း အငှားချထားခြင်း လိုင်စင်ကတ်"**မှာ ပျောက်ဆုံးသွားပါသဖြင့် **"ဈေးဆိုင်ခန်း အငှားချထားခြင်း လိုင်စင်ကတ်" (မိတ္တူမှန်)** ထုတ်ယူခွင့်ပြုပါရန် **"ဈေးဆိုင်ခန်းအငှားချထားခြင်း လိုင်စင်ကတ်"(မူရင်း)** ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ(မူရင်း)၊ ရဲစခန်းထောက်ခံချက်(မူရင်း)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)၊ အိမ်ထောင်စုဇယား(မိတ္တူ)များ တင်ပြပြီး **"ဈေးဆိုင်ခန်း အငှားချထားခြင်း လိုင်စင်ကတ်"(မိတ္တူမှန်)** လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ ယနေ့မှစပြီး (၁၄)ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဦးစိုးပိုင် အမည်ဖြင့် ထုတ်ပေးထားသော **"ဈေးဆိုင်ခန်း အငှားချထားခြင်း လိုင်စင်ကတ်" (မူရင်း)**အား ပယ်ဖျက်၍ ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ **"ဈေးဆိုင်ခန်း အငှားချထားခြင်း လိုင်စင်ကတ်" (မိတ္တူမှန်)** ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## လင်ခန်းမယားခန်းပြတ်စဲပြီးဖြစ်ကြောင်း မောင်မျိုးသန့် (ခ)မုဟာမ္မဒ်ရဖီနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/မြောက်ရပ်ကွက်၊ ဗန်းဒါကုန်း (၃)လမ်း၊ အမှတ်- ၂၁ နေ ဦးတင်လှိုင်၏သမီး မသီတာစန်း(ခ)ဇူဗေဒါဘီဘီနှင့် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ (၁၀၁)လမ်း၊ အမှတ်- ၆၄ (၅လွှာ-ဘယ်)နေ ဦးလှမောင်၏သား မောင်မျိုးသန့်(ခ)မုဟာမ္မဒ်ရဖီတို့သည် (၂-၆-၂၀၁၃) ရက်နေ့တွင် နိကာဟ်ပြုထိမ်းမြားလက်ထပ်ခဲ့ကြပါသည်။ လက်ထပ်ခဲ့ပြီးနောက်ပိုင်းတွင် ဇနီးဖြစ်သူမှ ခင်ပွန်းအပေါ် တာဝန်အား ကျေပွန်စွာဆောင်ရွက်ပေးခဲ့သော်လည်း ခင်ပွန်းဖြစ်သူမှ ဇနီးဖြစ်သူအား ဆဲဆိုကြိမ်းမောင်းခြိမ်းခြောက်ခြင်းများပြုလုပ်ခဲ့ခြင်းတို့အပြင် ဇနီးဖြစ်သူမှ နေအိမ်တွင်နေထိုင်စဉ် ဥပဒေနှင့်ငြိစွန်းနိုင်မည့် ပြဿနာတစ်စုံတစ်ရာဖြစ်ပွားအောင်ပြုလုပ်ခဲ့ခြင်းကြောင့် ခင်ပွန်းဖြစ်သူအပေါ် (၄-၉-၂၀၂၃)ရက်စွဲပါ အသိပေးအကြောင်းကြားစာပေးပို့ခဲ့ပြီး ကျွန်ုပ်၏မိတ်ဆွေ မသီတာစန်း(ခ)ဇူဗေဒါဘီဘီမှ ခင်ပွန်းဖြစ်သူနှင့်အတူ ပေါင်းသင်းနေထိုင်စဉ်ကာလအတွင်း စိုးရိမ်ပူပန်ထိတ်လန့်စွာဖြင့် နေထိုင်နေရပါသောကြောင့် ဆက်လက်ပေါင်းသင်းရန် မည်သည့်နည်းနှင့်မှ မဖြစ်နိုင်တော့သဖြင့် အစ္စလာမ်တရားတော်နှင့်အညီ (၁၀-၁၀-၂၀၂၃)ရက်နေ့တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို)သို့ ဓမ္မသတ်မေးမြန်းခဲ့ပါသည်။ အဆိုပါကိစ္စအား မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို)မှ (၁၂-၁၀-၂၀၂၃)ရက်စွဲဖြင့် မောင်မျိုးသန့်(ခ)မုဟာမ္မဒ်ရဖီထံသို့ အကြောင်းကြားခဲ့ရာ (၁၇-၁၀-၂၀၂၃)ရက်နေ့တွင် ၎င်းမှ မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို)ရုံးသို့ လာရောက်ပြီး ရှရီအသ်တရားတော်အရ ဆက်လက်ဆောင်ရွက်သွားမည်ကို လက်ခံသဘောတူပါသည်ဟု ပြောဆိုခဲ့ပြီး လက်မှတ်ရေးထိုးပေးခဲ့ပြီးနောက် (၃၁-၁၀-၂၀၂၃)ရက်နေ့ ချိန်းဆိုခဲ့သော်လည်း အမျိုးသားဘက်မှ လာရောက်ခဲ့ခြင်းမရှိသဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို)မှ ဇနီးဖြစ်သူအနေဖြင့် ခင်ပွန်းဖြစ်သူနှင့်ပြုခဲ့သော နိကာဟ်ထိမ်းမြားမှု ပျက်ပြယ်စေသည့် (သွလာကေဗာအင်န်) တစ်ကြိမ်အတည်ပြုပြီးလျှင် လင်မယားအဖြစ်မှ အပြီးအပြတ်ကွာရှင်းခွင့်ရှိသည်။ XXX ဟူ၍ (၁၂-၁-၂၀၂၄)ရက်စွဲဖြင့် ဖာသဝါဓမ္မသတ် ဆုံးဖြတ်ပြန်ကြားချက်အရ ဇနီးဖြစ်သူမှ အစ္စလာမ်တရားတော်နှင့်အညီ အာလင်(မ်)သာသနာပညာရှင်များနှင့် ဘာသာတရားရိုသေကိုင်းရှိုင်းသူများအား သက်သေထားရှိပြီး (၁၅-၁-၂၀၂၄)ရက်စွဲပါ ခင်ပွန်းအဖြစ်မှ အပြီးအပြတ်ကွာရှင်းပြတ်စဲကြောင်း ကတိစာချုပ်ဖြင့် ခင်ပွန်းဖြစ်သူအပေါ် ဖာသဝါဓမ္မသတ်ဆုံးဖြတ်ချက်နှင့်အညီ ကွာရှင်းကြောင်း ကြေညာခဲ့ပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို)မှလည်း (၁၅-၁-၂၀၂၄)ရက်စွဲပါ ကတိစာချုပ် ကြေညာချက်မှန်ကန်ကြောင်း အတည်ပြုခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံလုံးဆိုင်ရာမော်လဝီအဖွဲ့ချုပ်(ဗဟို)၏ ဓမ္မသတ်ဆုံးဖြတ်ချက်အပေါ် အစ္စလာမ်ဥပဒေနှင့်အညီ သွလာပေးကွာရှင်းခြင်းပြုလုပ်ဆောင်ရွက်ခဲ့ပြီးဖြစ်၍ ကျွန်ုပ်၏မိတ်ဆွေ မသီတာစန်း(ခ)ဇူဗေဒါဘီဘီနှင့် မောင်မျိုးသန့်(ခ)မုဟာမ္မဒ်ရဖီတို့၏ နိကာဟ်ထိမ်းမြားမှု ပျက်ပြယ်ပြီး အစ္စလာမ်တရားတော်နှင့်အညီ ကွာရှင်းမှု အတည်ဖြစ် အထမြောက်သွားပြီဖြစ်ပါသောကြောင့် ကျွန်ုပ်မိတ်ဆွေ မသီတာစန်း(ခ)ဇူဗေဒါဘီဘီနှင့် မောင်မျိုးသန့်(ခ)မုဟာမ္မဒ်ရဖီသည် လင်မယားခန်းပြတ်စဲသွားပြီဖြစ်ကြောင်းနှင့် သက်ဆိုင်ခြင်းမရှိတော့သည့် မသီတာစန်း(ခ) ဇူဗေဒါဘီဘီနှင့်စပ်လျဉ်းပြီး ဥပဒေနှင့်မညီဘဲ တစ်စုံတစ်ရာ ဟန့်တားနှောင့်ယှက်ခြင်းပြုလုပ်ခဲ့ပါက ပြဋ္ဌာန်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း မောင်မျိုးသန့်(ခ)မုဟာမ္မဒ်ရဖီနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **မသီတာစန်း(ခ)ဇူဗေဒါဘီဘီ** | **ဦးဇော်မြင့်ဦး(LL.B)** |

**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၅၂၁၂/၂၀၁၈)**
**အမှတ်- ၃၁၊ သဇင်(၃)လမ်း၊ ဒဂုံရပ်ကွက်၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph- ၀၉-၄၂၀၂၆၈၀၈၄**

## "တက်နေ"သားရေအစစ်ဖိနပ်လုပ်ငန်း မှ

သားရေအစစ်များနှင့်ပြုလုပ်သော ရဟန်းသံဃာတော်များနှင့် သီလရှင်စီးဖိနပ်များ၊ ကျား၊ မစီးဖိနပ်များ၊ စက်မှုလုပ်ငန်းသုံး လက်အိတ်များ၊ ပဲခွဲသားရေများ၊ သားရေနွယ် (ပရိက္ခရာရှစ်ပါးတွင်ပါဝင်သော မြေမှာခင်းထိုင်သောအဝတ်)များနှင့် သားရေအမျိုးမျိုး၊ သစ်ခေါက်သားရေများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးနေပါပြီ။

(သားရေအစစ်များကိုသာ အသုံးပြုပါသည်။)

**(က) အရောင်းပြခန်းလိပ်စာ-အမှတ်(၅)၊ ရွာမကျောင်းလမ်း၊ (၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၀၉၇၀၉၇၀၊ ၀၉-၅၀၁၃၀၃၅၊ ၀၉-၇၈၉၈၅၅၅၇၈**

## ၉-၁-၂၀၂၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ ဒေါ်ခင်မွန်မွန်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဒေါ်သီတာဦးပါ ရှေ့နေ(၃)ဦး၏ ကန့်ကွက်ပြန်ကြားခြင်းအပေါ် ပြန်လည်ရှင်းလင်းခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ အောက်ကြည့်မြင်တိုင်လမ်း၊ အမှတ် ၅၁၅/၁ တွင်နေထိုင်သူ စောဖဲရီဖူးညို [၁၂/ကမတ(နိုင်)၀၀၆၁၃၅] **(ဒေါ်နော်လေးဖော၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ)**၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းရှင်းလင်းအပ်ပါသည်-

၁။ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်း၊ အမှတ် ၅၁၅/၁ ဟု ခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် ၂၅အီး၊ မြေကွက်အမှတ်-အိုင်ဗွီ ၉အီး၂/၅အေ ဧရိယာ ၀.၁၉၃ ဧကရှိ ဒေါ်နော်လေးဖော အမည်ပေါက်မြေကွက်ပေါ်တွင် ဒေါ်နော်လေးဖောနှင့် ဒေါ်ခင်မွန်မွန်ဝင်းတို့မှ အခန်းပေးအခန်းယူစနစ်ဖြင့် **"မြေရှင်နှင့် ကန်ထရိုက်တာတို့ (၄)ခန်းတွဲ (၅)ထပ်အဆောက်အအုံသစ်ဆောက်လုပ်ရန် နှစ်ဦးသဘောတူကတိစာချုပ်"**ချုပ်ဆိုခဲ့ကြပါသည်။

၂။ သို့သော်လည်း ကန်ထရိုက်တာဖြစ်သူ ဒေါ်ခင်မွန်မွန်ဝင်းအနေဖြင့် မြေရှင်ဖြစ်သူ ဒေါ်နော်လေးဖောနှင့်ချုပ်ဆိုသည့် နှစ်ဦးသဘောတူကတိစာချုပ်ပါအတိုင်းမဟုတ်ဘဲ နှစ်ခန်းတွဲ ငါးထပ်အဆောက်အအုံဆောက်လုပ်ခွင့်ကိုသာ လျှောက်ထားရယူခဲ့ပြီး၊ ထိုသို့ ဆောက်လုပ်ခွင့် ပါမစ်ရရှိသည်ကို မြေရှင်ဖြစ်သူဒေါ်နော်လေးဖောအား အသိပေးရန် ပျက်ကွက်ခြင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ခွင့်ပြုချက်ရရှိသည့်ပုံစံအတိုင်း ဆောက်လုပ်မှု မရှိခြင်း၊ ထိုသို့ ဆောက်လုပ်ခွင့်ကျသည့် (၁၉-၈-၂၀၂၀) ရက်နေ့မှစ၍ (2½)နှစ် ပြည့်မြောက်သည့် (၁၉-၂-၂၀၂၃) ရက်နေ့ကာလအတွင်း အဆောက်အအုံပြီးစီးအောင်ဆောက်လုပ်မှုမရှိခြင်း၊ မြေရှင်နှင့် ကန်ထရိုက်တာတို့ချုပ်ဆိုသော **"နှစ်ဦးသဘောတူကတိစာချုပ်"** နှင့်အညီ အဆောက်အအုံ ပြီးစီးအောင် ဆောက်လုပ်မှုမရှိသည့်အတွက် (၂၀-၂-၂၀၂၃) ရက်နေ့မှစ၍ မြေရှင်အား တစ်လလျှင် ကျပ်သိန်း(၂၀)နှုန်းဖြင့် လစဉ် ပေးချေရမည်ဖြစ်သော်လည်း ပေးချေရန် ပျက်ကွက်ခြင်း၊ နှစ်ဦး သဘောတူကတိစာချုပ်ပါ ဆောင်ရွက်ရန်ကျန်ရှိသည့် ကိစ္စများနှင့်စပ်လျဉ်း၍ နှစ်ဦးနှစ်ဖက်တွေ့ဆုံညှိနှိုင်းရန် မြေရှင်ဘက်မှ ကြိုးပမ်းဆောင်ရွက်ချက်ကို တုံ့ပြန်ရန် ပျက်ကွက်ပြီး ဖုန်းဖြင့်အကြိမ်ကြိမ် ဆက်သွယ်မှုကိုလည်း လက်ခံဖြေဆိုရန် ပျက်ကွက်ခြင်း၊ Revised Planတင်ပြစာအပေါ်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (အဆောက်အအုံ)၏လိုအပ်ချက်များ ဖြည့်စွက်ပေးပို့ရန် အကြောင်းကြားစာနှင့်စပ်လျဉ်း၍ ပြည့်စုံစွာတင်ပြရန် နှောင့်နှေးကြန့်ကြာခြင်းတို့ကြောင့် မြေရှင်တွင် နစ်နာဆုံးရှုံးမှု များစွာခံစားရသဖြင့် ဒေါ်ခင်မွန်မွန်ဝင်းအား လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာ အမှတ် ၃၂၇၉/၂၀၁၈ ကို မြေရှင်ဖြစ်သူ ဒေါ်နော်လေးဖောမှ ပြန်လည်ရုပ်သိမ်းခဲ့ခြင်းဖြစ်ပါသည်။

၃။ ထို့အပြင် မြေရှင်နှင့်ကန်ထရိုက်တာတို့ချုပ်ဆိုသော နှစ်ဦးသဘောတူကတိစာချုပ်တွင် **"ကန်ထရိုက်တာဆောက်လုပ်ရရှိသောတိုက်ခန်းများကို ဆောက်လုပ်ဆဲ၌ လူနေထိုင်ခွင့်လက်မှတ် (BCC) မရသေးမီ တိုက်ခန်းများကို ကန်ထရိုက်တာက နည်းအမျိုးမျိုးဖြင့် လွှဲပြောင်း ရောင်းချခြင်းပြုလုပ်ခဲ့လျှင် ကန်ထရိုက်တာနှင့် ဝယ်ယူသူတို့ချုပ်ဆို ပြုလုပ်သော စာချုပ်တွင် ငွေကြေးရယူ၍ မြေရှင်ဖြစ်သူက လက်မှတ်ရေးထိုးပေးမည်မဟုတ်ကြောင်း၊ ကန်ထရိုက်တာက တိုက်ခန်းများလွှဲပြောင်းရောင်းချရာ၌ အရှုပ်အရှင်းများ ပေါ်ပေါက်လာပါက မြေရှင်ဖြစ်သူက လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း၊ ကန်ထရိုက်တာ၏ တာဝန်သာဖြစ်ကြောင်း"** နှစ်ဦးနှစ်ဖက် သဘောတူထားကြသည့်အတိုင်း ကြိုပွိုင့်တိုက်ခန်း ဝယ်ယူသူများအား ဒေါ်ခင်မွန်မွန်ဝင်းကသာ ဖြေရှင်းရန်ဖြစ်ကြောင်း (၃-၁-၂၀၂၄)ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ကြေညာခဲ့ခြင်းဖြစ်ပါသည်။

၄။ အထက်ဖော်ပြပါအတိုင်း မြေရှင်နှင့်ကန်ထရိုက်တာတို့ နှစ်ဦးသဘောတူကတိစာချုပ်ပါ စည်းကမ်းချက်များကို ကန်ထရိုက်တာဘက်မှ အကြိမ်ကြိမ်ဖောက်ဖျက်ခဲ့ခြင်းကြောင့် မြေရှင်မှ လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာကို (၂၆-၁၂-၂၀၂၃) ရက်နေ့တွင် အပြီးအပိုင် ရုပ်သိမ်းပြီးဖြစ်ပါသဖြင့် အထူးကိုယ်စားလှယ်လွှဲစာပါ ဆောင်ရွက်ရန်လုပ်ငန်းတာဝန်များကို ဒေါ်ခင်မွန်မွန်ဝင်းအနေဖြင့် ဆောင်ရွက်ခွင့်မရှိတော့ကြောင်းနှင့် မြေရှင်ပိုင်ဆိုင်သော မြေကွက်နှင့် ဆောက်လုပ်ရေး လုပ်ငန်းခွင်အား မြေရှင်သို့လက်ရောက်အပ်နှံပြီး၊ မြေကွက်ဥပစာနှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်မှ ဖယ်ရှားထွက်ခွာသွားရန် မြေရှင်တွင်ဆုံးရှုံးနစ်နာသမျှအဝဝကို ပေးလျော်ပါရန် အသိပေးရှင်းလင်းအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးငိုင်ဆာန်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၂၂)**
**အခန်း -၁၀၄(စီ)၊ ပထမထပ်၊ တိုက်-၁၀/၁၂၊ ၃၅လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၆၀၇၈၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊မှော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာအုပ်စု၊ ထိန်စွန်းကျေးရွာ၊ ထိန်စွန်း(၁၀)လမ်း၊ ဧရိယာ(အလျား၆၀'xအနံ၅၀')အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော(၁)ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဦးသစ်လွင်အေး[၁၂/အလန(နိုင်)၀၀၇၄၅၄] နှင့် ဒေါ်လှလှမိုး[၁၂/ခရန(နိုင်)၀၀၅၂၈၁]တို့မှ တရားဝင်ဝယ်ယူလက်ဝယ်ပိုင်ဆိုင်အကျိုးခံစားလျက်ရှိကြောင်း ဝန်ခံလျက် ၎င်းတို့မှအပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးရဲန်သောမ်း[၆/ကသန(နိုင်)၀၀၈၈၉၉]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်းအထောက်အထားခိုင်လုံစွာဖြင့်(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှဝေ(စဉ်-၇၁၂၄)** **ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ(စဉ်-၈၇၉၁)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၅၁၄၄၄၀၁၊ ၀၉-၇၇၅၁၄၄၄၀၂**

## ငြင်းချက်ထုတ်ရန် သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ဗိုလ်တထောင်မြို့နယ်တရားရုံးတော်၌
## ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃၃

မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် --------- ဒေါ်ခင်ခင်အောင်
(သိမ်ဖြူဘဏ်ခွဲ)(၎င်း၏ကိုယ်စား
ဒေါ်သီတာဌေး- Vice President)

**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ သံသုမာလမ်း၊ အမှတ် (၅၄)နေ တရားပြိုင်ဖြစ်သည့် ဒေါ်ခင်ခင်အောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"အကြွေးဝယ်ကတ် (Credit Card)ချေးငွေရလိုမှု"** လျှောက်ထားစွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စား ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်း၏ရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ(၃၀)ရက် (၁၃၈၅-ခုနှစ်၊ ပြာသိုလဆုတ် ၅ ရက်၊ အင်္ဂါနေ့) နံနက်(၁၀) နာရီတွင် အထက်ပါအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှု လိုသည့် သက်ဆိုင်သော စာမှတ်စာတမ်းအထောက်အထားများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာကိုတင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄)ရက်ကတင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ(၂)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေး လိုက်သည်။

**(ခိုင်ဇင်ဦး)**
**မြို့နယ်တရားသူကြီး**
**ဗိုလ်တထောင်မြို့နယ်တရားရုံး**

## ဒေါ်နှင်းအိခိုင် [၁၂/ဥကမ(နိုင်)၂၁၈၆၂၃] နှင့် အများသိစေရန်ကြေညာခြင်း

ဦးခင်မောင်သန်း [၇/ပခန(နိုင်)၁၇၁၉၂၆]ထံမှ (၁၅-၁၂-၂၀၂၃) ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်စုမြတ်လှိုင်[၇/ပခန(နိုင်)၂၄၈၄၃၁]၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်နှင်းအိခိုင် [၁၂/ဥကမ(နိုင်)၂၁၈၆၂၃]၊ ယခင် **(Future Home Construction Co., Ltd.)**၊ ယခု **(Hnin Grate Construction Co.,Ltd.)** နှင့် အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည် -

ကျွန်ုပ်တို့မိတ်ဆွေ၏ဖခင် ဦးခင်မောင်သန်းနှင့် ဒေါ်နှင်းအိခိုင်တို့သည် (၆-၈-၂၀၂၂)ရက်စွဲပါ**"နှစ်ဦးသဘောတူအဆောက်အဦဆောက်လုပ်ရန်အတွက်စာချုပ်ချုပ်ဆိုခြင်း"**စာချုပ်ကိုချုပ်ဆို၍ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ ဝရဇာ(၅)လမ်း၊ အမှတ်(၆၁၄/က)ဟုခေါ်တွင်သော (၂၀ ပေ x ၆၀ ပေ) အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်ပေါ်တွင် PAE စနစ်ဖြင့် RC (၂ ၁/၂)ထပ်၊ (၁၈ ပေ x ၄၅ ပေ/၅၀ ပေ) အကျယ်အဝန်းရှိ အမိုးစလပ် RCC အဆောက်အဦသစ်ဆောက်လုပ်ရန် သဘောတူစာချုပ်ချုပ်ဆိုခဲ့ကြပါသည်။

ဒေါ်နှင်းအိခိုင်သည် (၆-၈-၂၀၂၂) ရက်စွဲပါ သဘောတူစာချုပ်၏ စာချုပ်ပါသတ်မှတ်ကာလအတွင်း အဆောက်အဦပြီးစီးအောင်ဆောင်ရွက်နိုင်ခြင်းမရှိ၍ (၁၃-၁၁-၂၀၂၃)ရက်စွဲပါ **"နောက်ဆက်တွဲစာချုပ်"**ကို ထပ်မံချုပ်ဆို၍ အဆိုပါစာချုပ်အရ (၁၅-၁၂-၂၀၂၃) ရက်နေ့တွင် အဆောက်အဦအပြီးသတ် အချောထည်အား အပ်နှံရမည်ဖြစ်သော်လည်း စာချုပ်ပါစည်းကမ်းချက်အတိုင်းဆောင်ရွက်ရန် ပျက်ကွက် ခဲ့ပါသည်။ အဆောက်အဦအားပြီးစီးအောင်ဆောင်ရွက်ခြင်းမရှိဘဲ (၂၄-၁၁-၂၀၂၃)ရက်နေ့မှစ၍ ဆောက်လုပ်ရေးလုပ်ငန်းခွင်မှပစ္စည်းများအားသိမ်းယူ၍ လုပ်ငန်းခွင်အား ရပ်ဆိုင်းထားသည်မှာ ယနေ့အထိပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဒေါ်နှင်းအိခိုင်ထံ အကြောင်းကြားစာပေးပို့သော်လည်း တစ်စုံတစ်ရာအကြောင်းပြန်ကြားခဲ့ခြင်းမရှိပါ။

ထို့ကြောင့် (၆-၈-၂၀၂၂)ရက်စွဲပါစာချုပ်နှင့် (၁၃-၁၁-၂၀၂၃)ရက်စွဲပါ **"နောက်ဆက်တွဲစာချုပ်"** အတိုင်းဆောင်ရွက်ရန် ဒေါ်နှင်းအိခိုင်၏ ပျက်ကွက်မှုကြောင့် အဆိုပါစာချုပ်များအား ဖျက်သိမ်းလိုက်ကြောင်း အသိပေးအပ်ပါသည်။ သို့ပါ၍ အဆောက်အဦပြီးစီးအောင် ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ကန်ထရိုက်တာအသစ်နှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်နှင်းအိခိုင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| **ဒေါ်ဝင်းစန္ဒာအောင်** | **ဒေါ်ဇင်မာအောင်** |
|---|---|
| **(LL.B., D.B.L, D.I.L)** | **(LL.B., D.B.L, D.M.L., D.I.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၄၈၈)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၃)** |

**အမှတ်-၆၂(ပထမထပ်)၊ အခန်း(၁၈)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၄၃၁၈၆၆၇၄၊ ၀၉-၄၅၀၀၆၁၃၀၀**

# မုဒုံမြို့နယ်အသင်း(ရန်ကုန်)
# (၂၃)ကြိမ်မြောက်
# နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားလွှာ

မုဒုံမြို့နယ်အသင်း(ရန်ကုန်) အလုပ်အမှုဆောင်အဖွဲ့၏(၂၃)ကြိမ်မြောက် **"နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနား"**ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသူ/အသင်းသားများ မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**(နေ့လယ်စာဖြင့် ဧည့်ခံပါမည်။)**

| | |
|---|---|
| **ကျင်းပပြုလုပ်မည့်နေ့** | - ၂၀-၁-၂၀၂၄(စနေနေ့) |
| **ကျင်းပပြုလုပ်မည့်အချိန်** | - နံနက်(၉:၀၀)နာရီ |
| **ကျင်းပမည့်နေရာ** | - ဝိဇ္ဇောတာရုံစာသင်တိုက် အမှတ်(၉)ရပ်ကွက်၊ မြစပါယ်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |

**ဆက်သွယ်ရန်ဖုန်းများ-**

| | | |
|---|---|---|
| ဦးအေးကျော် | (ဥက္ကဋ္ဌ) | ၀၉-၂၆၁၃၉၇၀၇၅၉ |
| ဦးဇော်ဦး | (ဒုဥက္ကဋ္ဌ-၁) | ၀၉-၇၉၁၈၈၈၂၂၂ |
| ဦးမြတ်ကျော် | အတွင်းရေးမှူး | ၀၉-၅၀၉၉၈၀၁ |
| ဒေါ်ခင်လှသန်း | အလုပ်အမှုဆောင် | ၀၁-၆၅၃၃၁၀၆ |

**အလုပ်အမှုဆောင်အဖွဲ့**
**မုဒုံမြို့နယ်အသင်း(ရန်ကုန်)**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

သုံးခွမြို့နယ်၊ ကတုံးပေါ်အထက်ကျေးရွာနေ ဦးကြည်စိုး(ခ)ဦးကြည်စိုးဦး [၁၂/သခန(နိုင်)၀၆၃၇၂၆] မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်မ မစန်းစန်းအေး[၁၂/သဃက(နိုင်)၁၅၉၅၇၁] နိုင်ငံကူးလက်မှတ်စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-420424810**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အနော်ရထာအိမ်ရာ၊ အင်းစိန်လမ်းမကြီး၊ တိုက်အမှတ်-(ဘီ-၁၁)၊ တိုက်ခန်းအမှတ်-၄လွှာ (တတိယထပ်)ဟုခေါ်တွင်သော တိုက်ခန်းကို လက်ရှိလက်ဝယ်ပိုင်ဆိုင်ထားပြီး အရောင်းအဝယ်ပြုလုပ်ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်ကြီးရွှေ [၁၂/စခန(နိုင်)၀၀၂၄၅၀]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ၁။ ဦးထင်လင်းအောင် [၁၂/ဥကတ(နိုင်)၁၄၀၃၄၆]၊ ၂။ ဒေါ်မီမီသူ [၁၂/ကမရ(နိုင်)၀၄၁၃၆၉] တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ထိုတိုက်ခန်းနှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက မည်သူမဆို ကျွန်ုပ်တို့ထံသို့ ဤသတင်းစာပါသည့်နေ့မှ (၇)ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**

| **ဦးသူရိန်မြင့် LL.B** | **ဒေါ်ဆုမွန်ဆွေ LL.B,D.B.L** |
|---|---|
| **(စဉ်-၉၅၂၁/၂၀၁၃ခုနှစ်)** | **(စဉ်-၁၂၈၁၈/ ၂၀၁၇ခုနှစ်)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၃၁၊ ဆင်ရေကန်လမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း -၀၉-၅၀၅၉၈၂၂၊ ၀၉-၇၉၅၇၉၀၇၆၇**

## တိုက်ခန်းတရားဝင်လက်ရှိပိုင်ဆိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးရဲနိုင်စိုး[၅/ခဥန(နိုင်)၀၈၇၆၅၆]နှင့် ဇနီး မအေးနန္ဒာသင်း [၆ /ထဝန(နိုင်)၀၈၆၉၀၄]၊ အမှတ်(၆)၊ ၇လွှာ(A)၊ ပုညဂဒနလမ်း၊ ဌေးကြွယ်ရပ်ကွက်(က)၊ တာမွေမြို့နယ်နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးရဲနိုင်စိုးနှင့်ဇနီး မအေးနန္ဒာသင်းတို့သည် (၁၇-၂-၂၀၂၂)ရက်စွဲပါ **နှစ်ဦးသဘောတူ တိုက်ခန်း အရောင်းအဝယ်ကတိစာချုပ်ဖြင့်** ရောင်းသူ ဦးမောင်မောင်တိုး [၁၂/သကတ(နိုင်)၁၀၀၅၇၄]ထံမှ တန်ဖိုးငွေအပြေအကျေ ပေးချေလက်ရောက်ရယူပိုင်ဆိုင်ခဲ့သည်မှာ ယနေ့ထက်တိုင်ဖြစ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေများကို တိုက်ခန်းလက်ရောက်ပေးအပ်ရောင်းချခဲ့သည့်အချိန်က ဆက်စပ်စာချုပ်များဖြစ်သည့် စာချုပ်မူရင်းများကို ရောင်းသူ ဦးမောင်မောင်တိုးက ပေးအပ်သဖြင့် စာချုပ်အားလက်ရောက်ရရှိကာ တိုက်ခန်းရောင်းချခြင်းအတွက် မြေရှင်ဖြစ်သူက စာချုပ်ပေါ်တွင် သဘောတူလက်မှတ်ရေးထိုးပေးခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ကျွန်ုပ်တို့၏မိတ်ဆွေ ဇနီးမောင်နှံ၏ လက်ရှိထားပိုင်ဆိုင်စီမံခန့်ခွဲမှုအား မည်သူတစ်ဦးတစ်ယောက်ကမျှ ထိပါးနှောင့်ယှက်ခြင်း၊ တိုက်ခန်းပိုင်ဆိုင်မှုကို အလွဲပြောဆိုခြင်း၊ မမှန်မကန်တောင်းဆိုခြင်းများကို ရှောင်ကြဉ်ကြပါရန် သတိပေးအပ်ပါသည်။ လိုက်နာခြင်းမရှိပါက ထိပါးနှောင့်ယှက်ဟန့်တားလာသော မည်သူ့ကိုမဆို ပြုလုပ်သူနှင့် သက်ဆိုင်သူများအားလုံးအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| **ဦးစိန်မြင့်** | **ဦးဝင်းမောင်** | **ဦးရွှေ** |
|---|---|---|
| **(စဉ်-၁၀၉၁၆)** | **(စဉ်-၅၀၄၅၈)** | **(စဉ်-၅၅၉၃၈)** |

**အထက်တန်းရှေ့နေများ**
**အမှတ်(၂၀၃)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၃၇၇၄၀၆**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ လူနေရပ်ကွက်အမှတ်-ဗညားဒလ၊ မြေကွက်အမှတ်(၁၄၃၅) အကျယ်အဝန်း (အလျား၄ဂပေx အနံ၆၀ပေ)၊ဧရိယာ(၀.၀၅၅)ကေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ယခုအခေါ်ရန်ကုန်မြို့၊ ဒလမြို့နယ်၊ ဗညားဒလ ရပ်ကွက်၊ ကနောင်လမ်းနှင့်မြို့ပတ်လမ်းထောင့်၊ အမှတ် (၁၄၃၅)ဟု ခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် တရားဝင်အမည်ပေါက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးခင်မောင်ဝင်း [၁၂/ပဘတ(နိုင်)၀၀၉၇၉၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေနှင့်အိမ်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု မှတ်ပုံတင်စာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြလှဲ့ဝင်း(LL.B )**
**အထက်တန်းရှေ့နေ (စဉ်-၂၀၉၅၁)**
**အမှတ်-၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph:၀၉-၅၁၅၁၈၃၃၊၀၉-၅၀၉၀၅၅၃**

## ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၂)ရပ်ကွက်၊ ၆-လမ်း၊ အမှတ်(၃၂/A)၊ မြေညီထပ်၊ အကျယ်အဝန်း (၁၂ပေခွဲ x ၅၀ ပေ)တိုက်ခန်းနှင့် ပတ်သက်၍ တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

၁။ အထက်ရည်ညွှန်းလိပ်စာ ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက် တိုက်ခန်းပိုင်ဆိုင်သူ မဝင်းဝင်း(ခ) ချိုချိုဝင်း [၁၂/လမတ(နိုင်) ၀၁၅၈၀၈] က တရားဝင်ဝယ်ယူ ပိုင်ဆိုင်ထားပြီး ပိုင်ဆိုင်မှု အရှုပ်အရှင်း ကင်းရှင်းပါကြောင်း ဝန်ခံလျက် တိုက်ခန်းဝယ်ယူသူ ဒေါ်ခင်မေအောင် [၁၂/လမတ(နိုင်) ၀၀၇၁၈၈] အား ရောင်းချမည်ဟု ကမ်းလှမ်းရာ ဝယ်သူက ဝယ်ယူရန်သဘောတူပြီး တိုက်ခန်းတန်ဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

၂။ ထိုတိုက်ခန်းရောင်းဝယ်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ထိုတိုက်ခန်းပိုင်ဆိုင်မှု၏ စာချုပ်မူရင်းနှင့်တကွ ဆက်စပ်စာချုပ်များကိုတင်ပြပြီး၊ ကျွန်ုပ်ထံသို့ ကြော်ငြာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက တိုက်ခန်း အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးချစ် ( LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၈၄၅)**
**အမှတ်(၃၁)၊ မြေညီထပ်၊ ၉-လမ်း၊ ၄-ရပ်ကွက်၊လမ်းမတော်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၂၆၅၂၄၁၄**

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ (၂၀၂၃-၂၀၂၄) ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ရန်ပုံငွေအသုံးပြု၍ ပုံနှိပ်ပစ္စည်းများလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့်စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | |
|---|---|
| တင်ဒါအမှတ် | - Tender.20.Press (2023-2024) |
| တင်ဒါစတင်သည့်ရက် | - ၁၆-၁-၂၀၂၄ ရက်နေ့ |
| တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် | - ၃၀ -၁-၂၀၂၄ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း- ၀၆၇၃၄၃၁၀၈၅၊ ၀၆၇၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ ဗိုလ်ချုပ်(၃)လမ်း၊ လူနေရပ်ကွက်အမှတ် ဗညားဒလ၊ မြေကွက်အမှတ်(၁၃၅၁)၊ အကျယ်အဝန်း(၄၀ x ၆၀)ပေ၊ ဧရိယာ(၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု မြေယာဌာနရှိမြို့မြေစာရင်းတွင် ဦးဟန်ညွန့် [၁၂/ဒလန(နိုင်)၀၀၂၀၂၀] အမည်ပေါက်မှတ်သားတည်ရှိသော မြေကွက်ဖြစ်ပြီး ဦးဟန်ညွန့် ကွယ်လွန်သဖြင့် ဦးဟန်ညွန့်၏ မြေးများဖြစ်ကြသော ဒေါ်လှဲ့ဝင်းထွန်း [၁၂/ ဒလန(နိုင်)၀၄၂၉၁၃]၊ ဦးဇေလှိုင်ထွန်း [၁၂/ ဒလန(နိုင်)၀၄၄၄၅၇]တို့က ယင်းမြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသော ခြေရင်းဘက်ခြမ်း(၂၀ပေ x ၆၀ပေ)ရှိ မြေကွက်အား တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန့်ဇင် [၁၂/ဗတထ(နိုင်)၀၀၁၉၃၇]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများအနက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အဆိုပါ မြေကွက်အရောင်းအဝယ်နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိပါက မည်သူမဆို အထောက်အထား မူရင်းများနှင့်တကွ ဤကြေညာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဥမ္မာခင်(LL.B, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၄၄၅)**
**အမှတ်(၂၉၇/၂၉၉)၊ ၃လွှာ(C)၊ ဗညားဒလလမ်း၊ အရိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၄၃၁၁၉၈၄၅၊ ၀၉-၉၆၄၁၁၉၈၄၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁(သန်လျင်ရတနာအိမ်ရာ)၊ မြေကွက်အမှတ်-၃၀၁၊ ၃၀၂၊ အကျယ်အဝန်း-၁၆၀'x ၉၁'.၆''/၉၁'.၉''၊ ဧရိယာ-(စတုရန်းပေ-၁၄၆၇၀) (၀.၃၃၆)ကေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၌ ဦးယဉ်ထွေး [၁၂/ဥကတ(နိုင်)၀၂၅၈၈၅] ကိုင်ဆောင်သူအမည်ပေါက်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများက အပြီးအပိုင်ဝယ်ယူရန်စရန်ငွေ ပေးချေထားပြီးဖြစ်သည့်အတွက် ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါကခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မေပြည့်စုံ (ခ) ဒေါ်ပွင့် (LLB, DBL, DIL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၀၉၃)**
**အမှတ်-၅၅၊ အခန်း (၁၅)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၅၁၂၅၇၉၅၊ ၀၉-၇၆၅၀၅၃၄၂၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ (၂)လမ်းသွယ်(၂)၊ မြေကွက်အမှတ်(၈၁/ခ)ဟုခေါ်တွင်သော အကျယ်အဝန်း (၂၉x၅၀)ပေရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၃ ½)ထပ်၊ (၅)ထပ်တိုက်အဆောက်အဦ၏ အကျယ်အဝန်း (၁၄x၅၀)ပေရှိ မြေညီထပ်(ခေါင်းရင်းခန်း) ရေမီးအစုံ တိုက်ခန်း(၁)ခန်း အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိတစ်ဦးတည်းပိုင်ဆိုင်ကြောင်း၊ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးဇေယျာဖြိုး [၇/ပမန(နိုင်)၁၅၅၃၃၇] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ကိုမင်း [၉/တသန(နိုင်)၁၆၀၂၂၆]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီတာအေး (LL.B, D.B.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၀၇)**
**ဖုန်း-၀၉-၅၀၄၀၆၉၄၊ ၀၉-၇၆၅၀၄၀၆၉၄**
**အမှတ်(၁၆၇)၊ ရော(၉)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလှထွန်း [၁၂/ဆကန(နိုင်)၀၀၂၁၇၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ခရိုင်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၅၇)ရပ်ကွက်၊ အမှတ်(၃၇၆)၏ တစ်စိတ်တစ်ဒေသဖြစ်သော (၂၀)ပေx(၆၀)ပေရှိ ဒေါ်ဝင်းကြည် [၁၂/တမန(နိုင်)၀၁၆၈၆၈] အမည်ဖြင့် ရရှိထားသည့် ပါမစ်မြေအမျိုးအစား အိမ်ပိုင်းမြေကွက်တစ်ခြမ်းကို ဒေါ်နွယ်နီစိုး[၈/နမန(နိုင်)၁၉၈၅၁၄]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ အိမ်ပိုင်းမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလှထွန်းမှ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်၍ အပြီးအပိုင်ငွေပေးချေ ဝယ်ယူမည်ဖြစ်သဖြင့် အဆိုပါ ပိုင်းမြေကွက်အား ပိုင်ဆိုင်သည်ဟုအဆိုရှိသူများ အနေဖြင့် ယခုကြေညာပါသည့် နေ့မှ(၇)ရက်အတွင်း အထောက်အထားစာရွက်စာတမ်းများ ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ရောက်သည်အထိ ကန့်ကွက်မည့်သူမရှိပါက ယခုအရောင်းအဝယ်နှင့် ပတ်သက်၍ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးလှထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးမျိုးလွင်စိုး (B.A.Law)၊ အထက်တန်းရှေ့နေ (စဉ်-၂၈၉၅၇/၀၈)**
**အမှတ်(၈၆၆)၊ ဇီဇဝါလမ်း၊ (၅၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၄၄၄၆၆၈၈၄၊ ၀၉-၇၇၄၄၆၆၈၈၄**

## "(၉-၁-၂၀၂၄)ရက်နေ့ထုတ် ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့တွင် ဦးကိုကိုမောင် [၁၂/ရကန(နိုင်)၀၂၈၅၄၇]၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်လတ်လတ်စိုး၏ပြန်လည်ရှင်းလင်းအသိပေးကြေညာခြင်းအပေါ် တုံ့ပြန်ရှင်းလင်းကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉)ရပ်ကွက်၊ အောင်သစ္စာလမ်း၊ အမှတ် (၇၇၄)နေ ဒေါ်တင်မိ[၁၂/ရကန(နိုင်)၀၂၉၃၆၀]၏ လွှဲအပ်ညွှန်ကြားချက်အရ (၃-၁-၂၀၂၄)နေ့ထုတ် ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာပါ ဦးကိုကိုမောင်[၁၂/ရကန(နိုင်)၀၂၈၅၄၇]နှင့် အများသိစေရန် ကြေညာချက်ကို ထပ်မံစွဲမြဲအတည်ပြု၍ (၉-၁- ၂၀၂၄)နေ့ထုတ် ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာကြေညာချက်များအပေါ် တုံ့ပြန်ရှင်းလင်း ကြေညာအပ်ပါသည်။

(၉-၁-၂၀၂၄)နေ့ထုတ်ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာကြေညာချက်တို့တွင် ပါရှိသည့် “အဖြစ်မှန်များမဟုတ်ဘဲ အမှုသည်၏ ထိမ်ချန်ကွယ်ဝှက်၍ တလွှဲညွှန်ကြားခံထားရသည့် အချက်အလက်အပေါ် အခြေခံ၍ ကြေညာထားခြင်းဖြစ်ကြောင်း”ဖော်ပြချက်နှင့် “မိခင်ကြီးဒေါ်တင်မိ၏ ကျန်းမာရေးသည် အယ်လ်ဇိုင်းမားရောဂါဖြင့် အမြန်ဆုံးဆေးရုံတက်ကုသမှု ပြုလုပ်ရမည့် အခြေအနေဖြစ်ကြောင်း” ဖော်ပြချက်များမှာ လုံးဝမှန်ကန်ခြင်းမရှိပါ။ မိခင်ကြီးဒေါ်တင်မိမှာ ကိုယ်စိတ်ကျန်းမာပြီး သတိကောင်းစွာရှိကြောင်း ကိုယ်တိုင်မြင်တွေ့ သိရှိသဖြင့်လည်းကောင်း၊ ဆရာဝန်ကြီးများ၏ ဆေးထောက်ခံစာမူရင်းများကို မြင်တွေ့သိရှိသဖြင့်လည်းကောင်း မိခင်ကြီးဒေါ်တင်မိကိုယ်တိုင် တိုက်ရိုက်ဖွင့်ဟ ညွှန်ကြားချက်အဖြစ်မှန်များကို ထည့်သွင်းကြေညာခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းကြေညာအပ်ပါသည်။

ဦးကိုကိုမောင်၏လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေဒေါ်ခင်လတ်လတ်စိုးမှ ပေးပို့လာသည့်( -၁-၂၀၂၄)ရက်စွဲပါ အကြောင်းကြားစာအပိုဒ်(၁)ဖော်ပြချက်အရ မိခင်ကြီးဒေါ်တင်မိပိုင်ဆိုင်သည့် ဦးတင်မောင်အေး အမည်ပါ နှစ်(၆၀)မြေငှားဂရန်စာချုပ်နှင့်လိုအပ်သော စာရွက်စာတမ်းများကို ဦးကိုကိုမောင်၏ တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်လတ်လတ်စိုး လက်ဝယ်ရောက်ရှိနေကြောင်း သိရှိရပါသည်။ မိခင်ဒေါ်တင်မိ အနေဖြင့် အဆိုပါ အိမ်ခြံမြေကို ပေးကမ်းရန် ဆန္ဒမရှိသကဲ့သို့ ရောင်းချရန်လည်း ဆန္ဒမရှိပါကြောင်း ဒေါ်တင်မိ၏ ညွှန်ကြားချက်အရ ရှင်းလင်းကြေညာအပ်ပါသည်။

သို့ပါ၍ ဦးကိုကိုမောင်၏ တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်လတ်လတ်စိုး၏ လက်ဝယ်ရောက်ရှိနေသည့် မိခင်ဒေါ်တင်မိ ပိုင်ဆိုင်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၉)၊ မြေကွက်အမှတ်(၇၇၄)၊ ဧရိယာ (၀.၀၇၃)ကေရှိ နှစ်(၆၀)ဂရန်မြေကွက်၏ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်-၅၁၆၉/၂၀၀၂မူရင်း၊ နှစ်(၆၀)ဂရန်မူရင်း၊ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံမြေရာဇဝင်မူရင်းတို့ကို ပိုင်ရှင်ဒေါ်တင်မိ လက်ဝယ်သို့ လက်ထိလက်ရောက်ပေးအပ်ပါရန်နှင့် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် ညွှန်ကြားချက်များ ရရှိထားပြီးဖြစ်ကြောင်း တုံ့ပြန် ရှင်းလင်းကြေညာအပ်ပါသည်။

**ဒေါ်တင်မိ[၁၂/ရကန(နိုင်)၀၂၉၃၆၀]၏လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| ဒေါ်လှလှလွင်(စဉ်-၅၇၇၃) | ဒေါ်နွယ်နွယ်ဇင်(စဉ်-၁၅၇၂၄) | ဦးဝေဖြိုးကျော်(စဉ်-၁၇၀၀၅) |
| ဒေါ်လှဲ့လှဲ့ဝင်း(စဉ်-၁၄၁၃၂) | ဒေါ်ဝေဇင်အောင်(စဉ်-၁၆၇၀၆) | ဦးတင်ထွန်းမြင့်အောင်(စဉ်-၁၇၂၉၂) |
| ဒေါ်သန္တာမော် (စဉ်-၁၄၁၅၂) | | ဦးထက်ခေါင် (စဉ်-၁၇၅၆၉) |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၁၀၈/၁၁၀၊ ၃-လွှာ၊ ၃၈ လမ်း၊ ၆ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၅၁၂၇၁၄၄၊ ၀၉-၇၆၅၁၂၇၁၄၄၊ ၀၁၈-၃၈၄၇၈၃**

## ရွှေစောင်းဆုရှင် ဂန္ထဝင်မြောက် ဂီတမိခင်ကြီး - ဒေါ်မာမာအေး နှင့် ဦးမောင်မောင်ကြီးတို့အတွက် ဆုတောင်း

နတ်ရေကန်ရွှေစောင်းဆုရှင် ဂန္ထဝင်မြောက် ဂီတမိခင်ကြီး - ဒေါ်မာမာအေး နှင့် ဦးမောင်မောင်ကြီးတို့ ကွယ်လွန်ခဲ့သည့်အတွက် ဝမ်းနည်းကြေကွဲရပါကြောင်း နှင့် ကောင်းရာသုဂတိဘုံသို့ ရောက်ရပါစေကြောင်း ဆုတောင်းမေတ္တာပို့သပါသည် ။

နတ်ရေကန် ဦးတင်မောင်ထွေး နှင့် ရွှေစောင်းဆုရ ဂီတထူးချွန်သူများ ၊ ပြေးခုန်ပစ်အားကစားထူးချွန်သူများ ခြေလျင်တောင်တက်အားကစားသမားများ နှင့် "အသုံးလုံး" ထူးချွန်သူများ ၊ စာပေထူးချွန်သူများ ဓါတ်ပုံထူးချွန်သူများ အားလုံးမှ ဆုတောင်းမေတ္တာပို့သပါသည် ။

ခရစ်တော်၌အိပ်ပျော်ခြင်း

## ပါမောက္ခ Dr. ဒေါ်မေမေရီ(မမ Rose)

### အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ သဃ်ၤန်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ အမှတ် (၁၅၉)၊ သုနန္ဒာ (၉)လမ်းနေ (ဗိုလ်မှူးကြီးတင်ဦး-ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ (ဦးဘအေး-ဒေါ်လှဝင်း)တို့၏ သမီး၊ ဦးကျော်ဇော‌ဦး-ဒေါ်အေးအေးမြင့်၊ ဦးရဲမြတ်ဦး-ဒေါ်မေနွယ်၊ ဦးတက်ထွန်းဦး-ဒေါ်သန်းသန်းနွဲ့၊ ဒေါ်မြတ်လေးဦး-ဦးအောင်ဝင်းတို့၏မိခင်၊ မြေး ၁၂ ယောက်တို့၏ ဘွားဘွား၊ ပါမောက္ခ Dr.ဒေါ်မေမေရီ (မမ Rose) သည် ၁၆-၁-၂၀၂၄ ရက် နံနက် ၄:၄၈ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် နောက်ဆုံးသော ဝတ်ပြုခြင်းကို ၁၇-၁-၂၀၂၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးခရစ်ယာန် သာသနာ့ဗိမာန်၌ ပြုလုပ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါက်တာမင်းသိမ်း (စာရေးဆရာ-ဘိုသိမ်း)

MBBS, D.O, M.Med.Sc (Ophth.), FICS (USA), FACS (USA)

မျက်စိအထူးကုဆရာဝန်ကြီး

ဒု-ဥက္ကဋ္ဌ၊ ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ(၁၉၆၀-၆၁)

မြို့မကျောင်းသားဟောင်း

### အသက်(၈၇)နှစ်

[ဦးဘအိုင်-ဒေါ်သိန်းဆင့် (သံတွဲမြို့)] တို့၏သား၊ [ဦးဘဦး (ဒီပဲယင်းမြို့)-ဒေါ်အေးမြ(ရေဦးမြို့)] တို့၏ သားသမက်၊ (ဦးခင်မောင်-ဒေါ်ခင်ခင်အေး)၊ ဒေါ်လှမြင့်၊ ဒေါ်တင်မူအေးတို့၏ ညီ/မောင်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရတနာလမ်း၊ ရတနာနှင်းဆီအိမ်ရာ၊ တိုက်(3B)၊ အခန်း(၃၀၈) နေ ဒေါ်ကြည်ကြည်ဦး(ခ)ဒေါ်လှိုင်ကြည်ဦး၊ အထက်တန်းပြဆရာမ(ငြိမ်း)၊ [အထက(၁)ဒဂုံ၊ အထက(၃)ဗိုလ်တထောင်၊ အထက(၄)မရမ်းကုန်း၊ အလက(၂)ရေဦး၊ အထက(ကလေးဝ)၊ အလက(ရမည်းသင်း)]၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာစိုးလှိုင်မင်း (ခေတ္တ-ဘရူနိုင်းနိုင်ငံ)- ဒေါက်တာသဉ္ဇာအေး (ခေတ္တ-ဘရူနိုင်းနိုင်ငံ)၊ ဒေါက်တာစန်းလှိုင်မင်း (မျက်စိအထူးကုဆရာဝန်ကြီး)-ဒေါ်ဇာနည်ကျော်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မောင်မင်းထက်ယံ၊ မအိမ့်သံသာကျော်တို့၏ အဘိုးဖြစ်သူသည် ၁၄-၁-၂၀၂၄ (တနင်္ဂနွေနေ့)၊ ညနေ ၅:၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၂၄ (တနင်္လာနေ့)တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ၂၀-၁-၂၀၂၄ (စနေနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရတနာလမ်း၊ ရတနာနှင်းဆီအိမ်ရာ၊ တိုက်(3B)၊ အခန်း(၃၀၈)သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါက်တာဦးညွန့်လှိုင်

### အသက် (၉၂)နှစ်

ဦးဝင်းအောင် (Chairman) (Win Thin & Associates Ltd. နှင့် Win Consulting Ltd.)၏ အစ်ကိုကြီးဖြစ်သူ ဒေါက်တာဦးညွန့်လှိုင် အသက်(၉၂)နှစ်သည် ၁၅-၁-၂၀၂၄ (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒါရိုက်တာအဖွဲ့ဝင်များနှင့်**
**ဝန်ထမ်းမိသားစုများ**
**Win Thin & Associates Ltd.**
**Win Consulting Ltd.**

ငြင်းချက်ထုတ်ရန် သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

သန်လျင်ခရိုင်တရားရုံးတော်

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၈၈

ဦးချန်ထွန်း

၁။ ဦးမြင့်ဆွေ
၂။ ဒေါ်အေးအေးကြည်
၃။ မစန်းမြင့်
၄။ ဒေါ်သန်းနွဲ့
၅။ ဗိုလ်ကြီးအောင်သန်းဝင်း(ငြိမ်း)
၆။ ဦးတင်ရှိန်
၇။ ဦးအောင်မင်း

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ၤန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ဂန့်ဂေါမြိုင်လမ်း၊ အမှတ်(၃၂)နေ (၅) တရားပြိုင် ဗိုလ်ကြီး အောင်သန်းဝင်း(ငြိမ်း) (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ ခြံမြေကွက်အား လက်ရောက်ပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်၊ ၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း(၁၂)ရက်နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါရှိသူ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေ ရမည်မှာ အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင်၏မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ထင်လင်းအောင်)**
**ဒုတိယခရိုင်တရားသူကြီး**
**သန်လျင်ခရိုင်တရားရုံး**

## သင့်သွေးဖြင့် အသက်ကယ်ပါ

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ကျုံမငေးမြို့၊ နဒီအောင်မြေရပ်ကွက်၊ လှေကျင်းလမ်း၊ အမှတ်(၃၄)နေ ဦးစံရ[၁၄/ဝခမ(နိုင်)၀၃၇၁၄၂] နှင့် ဒေါ်မြိုင်[၁၄/ဝခမ(နိုင်) ၀၃၇၁၄၃]တို့၏သားထွေး ဘေယ်(ခ)မောင်အောင်ချမ်းသာ [၁၄/ဝခမ(နိုင်)၂၈၂၆၁၆]သည် မိဘများ၏ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ ထင်ရာစိုင်းနေပါသဖြင့် ယနေ့မှစ၍သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝများအား တာဝန်မယူပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစံရ+ဒေါ်မြိုင်**

ကြော်ငြာစာ

(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ )

အလုံခရိုင်တရားရုံးတော်

၂၀၂၄ ခုနှစ် တရားမထွေထွေမှုအမှတ် - ၇

ကွယ်လွန်သူ ဒေါ်စီစီအေး၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

ဦးကိုကိုရီ ---------- လျှောက်ထားသူ
အမှတ်- ၉၇၈၊ ဦးကြင်ဥ(၁)လမ်း၊
(၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ်-၃၂၌ နေထိုင်ခဲ့သော ကွယ်လွန်သူဒေါ်စီစီအေး၏ ကျန်ရစ်သောပစ္စည်းအပေါ် အမွေထိန်း လက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် လျှောက်ထားသူဦးကိုကိုရီ (ကွယ်လွန်သူ ဒေါ်စီစီအေး၏ကိတ္တိမမွေးစားသား)က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၂၃)ရက် (၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၁၃ရက်)နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူဒေါ်စီစီအေး၏ ကျန်ရစ် သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့လာရောက် ဆိုင်ဆိုရန်သင့်လျော်မည်ဟုထင်မြင်လျှင် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၂၃)ရက် (၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၁၃ရက်) နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦး အားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် မထုတ်ပေးမီမှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃ နှင့်အညီဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူဦးကိုကိုရီ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သဇင်ဝေထွန်း)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**အလုံခရိုင်တရားရုံး**

ပျောက်ဆုံးကြောင်း

ကျွန်မ မထက်ထက်ဝိုင် [၁၂/အလန(နိုင်)၀၄၁၃၆၂] နိုင်ငံကူးလက်မှတ်စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၁၄၉၆၃**

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁၄/ဆင်ဖြူရှင်ရပ်၊ ဆင်ဖြူရှင်ရပ်ကွက်ရှိ တပ်ကြပ်ကြီး နေလွင်ဦး၊ (ကိုယ်ပိုင်အမှတ်၊ ၅၅၆၂၁၅) မှတ်ပုံတင်အမှတ်[၁၂/မဘန(နိုင်)၀၁၄၁၈၄]၊ အဖအမည် ဦးတင်မောင်မြင့်အမည်ပေါက်ပါမစ်မြေကွက်အမှတ်-ပစ(င)၁၆၁၉ အမည်ပေါက်(ကွယ်လွန်)၏ တရားဝင် အမွေခံဇနီးဖြစ်သူ ဒေါ်သိန်းဖြူ မှတ်ပုံတင်အမှတ်[၁၂/ဥကမ(နိုင်)၁၂၉၈၆၄]၊ အဖအမည် ဦးညိုသာအောင်မှတရားဝင်အမွေခံဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ တပ်ကြပ်ကြီးနေလွင်ဦး သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အဦပုံများ တင်ပြပြီး ၎င်း၏အမည်ဖြင့်မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၁၄/ရွှေပေါက္ကံ၊မြေကွက်အမှတ်-၄၇၈၊(၂၄၀၀)စ/ပေ၊မြေကွက်တည်နေရာအမှတ်(၄၇၈)၊မင်းရဲအောင်နိုင်လမ်း၊(၁၄/ရွှေပေါက္ကံ)ရပ်ကွက်၊ဦးသိန်းဇင်(PGU-၁၉၅၃၃၇)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားမြေအမည်ပေါက်-ဦးသိန်းဇင်(ဖခင်)သည်(၃-၈-၂၀၂၁)ရက်နေ့တွင်လည်းကောင်း၊ဒေါ်တင်ငွေ(မိခင်)သည်(၆-၄-၂၀၀၇)ရက်နေ့တွင်လည်းကောင်းအသီးသီးကွယ်လွန်ပြီးဦးစိုးကျော်အောင်၊ဦးမိုးကျော်အောင်၊ဒေါ်သိန်းကျော်ယုတို့သားသမီး(၃)ဦးမွေးဖွားခဲ့ရာဦးစိုးကျော်အောင်သည်လူပျိုကြီးဘဝဖြင့်(၁၀-၁၀-၁၉၉၆)ရက်နေ့တွင်လည်းကောင်း၊ဦးမိုးကျော်အောင်သည်လူပျိုကြီးဘဝဖြင့်(၁၀-၁၀-၂၀၀၉)ရက်နေ့တွင်လည်းကောင်း၊ကိတ္တိမသားသမီးများလည်းမွေးစားထားခဲ့ခြင်းမရှိကွယ်လွန်ခဲ့ပြီး၊၎င်းတစ်ဦးတည်းသာလျှင်တရားဝင်အမွေဆက်ခံခွင့်ရှိသည့်သမီး/ညီမတော်စပ်ကြောင်းကျမ်းကျိန်လွှာ(၂)စောင်၊သေစာရင်း၊အိမ်ထောင်စုစာရင်း၊ဂရန်မူရင်း၊နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ဒေါ်သိန်းကျော်ယု(၁၂/ဒဂန(နိုင်)၀၀၀၈၄၅)မှပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆)၊ မြေကွက်အမှတ်(၁၀၇)၊ ရေိယာအလျား(၄၀)ပေXအနံ(၆၀)ပေရှိ ဦးသိန်းဝင်း(ISN-၄၁၄၄၁၆) [၁၂/မဂဒ(နိုင်)၀၀မ၅၀၂၅] အမည်ပေါက် ပါမစ်မြေကွက်ကြီး၏ တရားဝင်မခွဲစိတ်ရသေးသော (ခေါင်းရင်း) အလျား (၂၀)ပေ x အနံ(၆၀)ပေရှိ မြေကွက်အား ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေများမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပိုင်ဆိုင်သူဟု အဆိုရှိသူများအနေဖြင့် ကန့်ကွက်လိုပါက စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ညိုမာမြင့်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၈၄၉)**
**အမှတ်(၁၃၈)၊ဖောင်တော်ဦးဘုရားလမ်း၊ ကျောက်ရေတွင်းရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-970530207, 09-254526062**

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအနောက်ရပ်ကွက်၊ စလင်းလမ်း၊ တိုက်အမှတ် (၂၆-B) (5-A) တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးအောင်တိုးကျော် [၁၂/ကမတ(နိုင်) ၀၂၇၃၁၀] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးမာ [၁၂/ကမတ(နိုင်)၀၀၄၇၁၅]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးသိမ့်သိမ့် (LL.B)(D.M.L)**
**အထက်တန်းရှေ့နေ (စဉ်-၂၅၀၇၁)**
**အမှတ်(၂၄)၊ (၄-B)၊ နိဗ္ဗာန်လမ်း၊ သာစုအရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ Ph:09-765188412**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့် အညီ ပညာတတ်မြောက်ထားမှုသာ ဘဝ ရပ်တည်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်...

❖ ထို့ကြောင့် ကျေးလက်နေပြည်သူများ၊ တိုင်းရင်းသားပြည်သူများ၏ ပညာရည် မြင့်မားရေးကို ဦးစားပေး အားပေး ဆောင်ရွက်သွားရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၃/၂၀၂၃) တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)



## အာဂျင်တီးနား တိုက်စစ်မှူး မက်ဆီ ဖီဖာရဲ့တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆု ဆွတ်ခူး

အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီဟာ ဖီဖာရဲ့တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ပြီး တစ်နှစ်တာအကောင်းဆုံးနည်းပြဆုကိုတော့ မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာက ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

အင်တာမိုင်ယာမီတိုက်စစ်မှူး မက်ဆီဟာ ဖီဖာရဲ့တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို မန်စီးတီးအသင်းမှ နော်ဝေတိုက်စစ်မှူး ဟာလန်းနဲ့ ပီအက်စ်ဂျီအသင်းမှ ပြင်သစ်တိုက်စစ်မှူး အမ်ဘတ်ပီတို့ကိုကျော်ဖြတ်ကာ ရရှိခဲ့တာဖြစ်ပါတယ်။

ဖီဖာရဲ့ တစ်နှစ်တာအကောင်းဆုံးဂိုးသမားဆုကိုတော့ မန်စီးတီးအသင်းဂိုးသမား အီဒါဆန်က ရီးယဲလ်မက်ဒရစ်ဂိုးသမား ကော်တွိုက်နဲ့ အယ်လ်ဟီလယ်လ်ဂိုးသမား ယက်ဆင်းဘူနူးတို့ကို ကျော်ဖြတ်ကာရရှိခဲ့တာဖြစ်ပါတယ်။ မက်ဆီဟာ ဖီဖာရဲ့တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ရှစ်ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပြီး နောက်ဆုံးနှစ်နှစ်ဆက်တိုက် ဆွတ်ခူးနိုင်ခဲ့တာလည်းဖြစ်ပါတယ်။

စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ☆

## ပဏာမမြန်မာ့လက်ရွေးစင်အသင်း ခြေစမ်းပွဲ ယှဉ်ပြိုင်ကစား



မြန်မာ့လက်ရွေးစင်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ ခြေစမ်းပွဲယှဉ်ပြိုင်ကစားစဉ်။

ရန်ကုန် ဇန်နဝါရီ ၁၆

၂၀၂၆ ကမ္ဘာ့ဖလား ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စုလက်ကျန်ပွဲများအဖြစ် လေ့ကျင့်ပြင်ဆင်နေသည့် ပဏာမမြန်မာ့လက်ရွေးစင်အသင်းသည် ဇန်နဝါရီ ၁၆ ရက် ညနေပိုင်းက MNLကလပ် သစ္စာအားမာန်အသင်းနှင့် ခြေစမ်းကစားရာ လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာ့လက်ရွေးစင် အသင်းသည် မတ်လတွင်ယှဉ်ပြိုင်ရမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် ပထမအကြိမ် တစ်ပတ်ကျော်လေ့ကျင့်နေခြင်းဖြစ်ပြီး ပြည်တွင်းကလပ်အသင်းနှင့် ခြေစမ်းကစားခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ရွေးချယ်ထားသည့် ပဏာမကစားသမား ၂၈ ဦးအနက် ကစားသမားအချို့မှလွဲ၍ ကျန်ကစားသမားများ အသုံးပြုခဲ့သည်။ ယင်းခြေစမ်းပွဲကို မိနစ် ၃၀ သုံးပိုင်းခွဲ၍ ကစားခဲ့ခြင်းဖြစ်ပြီး မြန်မာ့လက်ရွေးစင်အသင်းအတွက် ဂိုးများကို မောင်မောင်လွင်က နှစ်ဂိုး၊ ငြိမ်းချမ်းနှင့် သက်ဟိန်းစိုးတို့က တစ်ဂိုးစီသွင်းယူခဲ့သည်။

မြန်မာ့လက်ရွေးစင် အသင်းသည် ဇန်နဝါရီ ၂၀ ရက်အထိ လေ့ကျင့်မည်ဖြစ်ပြီး စာမျက်နှာ ၁၆ ကော်လံ ၅ သို့ ○

## ယနေ့ ဖတ်စရာ

**အကြမ်းဖက်သောင်းကျန်းသူများက ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီ၊ ပုထိုးများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများအား ဖျက်ဆီးမှုများနှင့် ပတ်သက်၍ အဖွဲ့အစည်းအသီးသီးမှ သဘောထား ထုတ်ပြန်ချက်များထုတ်ပြန်**

စာမျက်နှာ » ၁၀

---

**လွိုင်ကော်မြို့ရှိ သမိုင်းဝင် မြို့နာမ်ရွှေစေတီတော်ကို KNPP အကြမ်းဖက်သောင်းကျန်းသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ရည်ရွယ်ချက်ရှိရှိ လက်နက်ကြီးများဖြင့် ပစ်ခတ်ဖျက်ဆီး**

စာမျက်နှာ » ၁၇

## ရန်ကုန်ယူနိုက်တက်အသင်း ကစားသမားသစ်များ ခေါ်ယူ



ရန်ကုန်ယူနိုက်တက်အသင်း ခေါ်ယူခဲ့သည့် ဂိုးသမားပြည့်ဖြိုးအောင်

ရန်ကုန် ဇန်နဝါရီ ၁၆

မြန်မာနေရှင်နယ်လိဂ်ကလပ် ရန်ကုန်ယူနိုက်တက်အသင်းသည် လာမည့်ရာသီအတွက် ကစားသမားသစ်များ ခေါ်ယူအားဖြည့်လျက်ရှိပြီး ဂိုးသမားနှင့် ကွင်းလယ်နေရာအတွက် ကစားသမားသစ်များ ခေါ်ယူခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် ဂိုးသမားနေရာအတွက် အတွေ့အကြုံရှိသည့် မြန်မာ့လက်ရွေးစင်ဂိုးသမား ပြည့်ဖြိုးအောင်ကို နှစ်နှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့သည်။ ပြည့်ဖြိုးအောင်သည် တတိယမြောက် MNL ကလပ်အဖြစ် ရန်ကုန်အသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ပြီး ၂၀၀၉ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ Southern အသင်း၊ ၂၀၂၀ မှ ၂၀၂၃ ခုနှစ်အထိ ဟံသာဝတီအသင်းတွင် ကစားပြီးနောက် ရန်ကုန်အသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ရန်ကုန်ယူနိုက်တက်အသင်းသည် ကွင်းလယ်ပိုင်းအားဖြည့်ရန်အတွက် မြန်မာ့လက်ရွေးစင် ကွင်းလယ်ကစားသမား ဝေလင်းအောင်ကို တစ်ရာသီစာချုပ်ဖြင့် ခေါ်ယူခဲ့သည်။

စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ❖